# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ (5-7-2015) (၈၂၅၂)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗင်နီဇွဲလားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၅

၂၀၁၅ ခုနှစ် ဇူလိုင် ၅ ရက်တွင်ကျရောက်သည့် ဗင်နီဇွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံ သမ္မတ မစ္စတာနီကိုလတ်စ် မာဒူရို မိုရော့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တို့တွင် မုတ်သုံလေ အားကောင်းနေသည်။



(၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (မြန်/ဆက်)

## ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ကုန်သွယ်မှုမှ အရည်အသွေးရှိသည့် တိုးတက်မှုကိုဖော်ဆောင်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး တက်ရောက်

တိုကျို ဇူလိုင် ၄

**(၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။**

အစည်းအဝေးသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ မဲခေါင်ဒေသခွဲနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ် ချန်အိုချာ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နံနက် ၈ နာရီ မိနစ် ၅၀ တွင် ထိပ်သီးအစည်းအဝေးကျင်းပမည့် နိုင်ငံတော်ဧည့်ဂေဟာသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဲခေါင်ဒေသခွဲ နိုင်ငံများမှ ခေါင်းဆောင်များရောက်ရှိလာရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ခင်မင် ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတက ဂျပန်နိုင်ငံအနေဖြင့် ၂၀၁၂ခုနှစ် တိုကျိုမဟာဗျူဟာ အရ မဲခေါင်ဒေသတွင်း နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ အတူတကွ ဖွံ့ဖြိုးတိုးတက် စေရန် လွှမ်းခဲ့သည့် သုံးနှစ်အတွင်း ယန်းဘီလီယံ ၆၀၀ ကျော် ပူးပေါင်းဆောင် ရွက်ခဲ့ခြင်းကို ကျေးဇူးတင်ရှိကြောင်း။

မဲခေါင်ဒေသတွင်း နိုင်ငံများတွင် လူဦးရေ သန်း ၂၄၀ နီးပါးနေထိုင်ပြီး ဂျီဒီပီပမာဏ အမေရိကန်ဒေါ်လာ ၆၆၄ ဘီလီယံခန့်ရှိသည့်အတွက် စီးပွားရေး ဖွံ့ဖြိုးရန် ကြီးမားသည့်ဈေးကွက်ကို ပိုင်ဆိုင်ထားပါကြောင်း၊ ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ကုန်သွယ်မှုမှ အရည်အသွေးရှိသည့် တိုးတက်မှုကို ဖော်ဆောင်နိုင်ပြီး မိမိတို့နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက်လျော့နည်း သွားစေမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

" မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်နောက်ပိုင်း မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးတွင် အဓိက ဦးစားပေးဆောင်ရွက်စေလိုသည့် နယ်ပယ်သုံးခု ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍများတွင် အလေးထားဆောင်ရွက် လျက်ရှိ "




**ကြေးမုံစာတည်းရှုထောင့်** **၅-၇-၂၀၁၅၊ တနင်္ဂနွေနေ့**

# နိုင်ငံတော်သည် ပင်ရင်းပိုင်ရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများအပိုဒ် (၃၇)(က)တွင် "နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်" ဟု အတိအလင်းပြဋ္ဌာန်းထားပါသည်။ အပိုဒ်(၂၁)(ဃ)တွင် "နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သောဥပဒေပြဋ္ဌာန်းရမည်"ဟု ဖော်ပြထားပါသည်။

အပိုဒ်(၃၇)(ဂ)တွင် နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်ဟု ဆိုထားပါသည်။ ထို့ကြောင့် နိုင်ငံတော်ရှိ မြေ၊ ရေ၊ လေတို့၏ သက်ဆိုင်သမျှနှင့်ပတ်သက်၍ ပင်ရင်းပိုင်ရှင်မှာ နိုင်ငံတော်သာဖြစ်ပြီး နိုင်ငံသားများအနေဖြင့် ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ဆက်ခံခွင့်၊ တားမြစ်ချက်စသည့် ကိစ္စရပ်များအတွက် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံ၏ မြေ၊ ရေ၊ လေတို့အနက် မြေပြဿနာကြုံတွေ့နေရပါသည်။ အထူးသဖြင့် လူဦးရေထူထပ်ပြီး မြေဈေးကောင်းသော ရန်ကုန်တိုင်းဒေသကြီးတွင် အဖြစ်များသည်ကို တွေ့ရပါသည်။ လယ်ယာမြေနှင့် အခြားမြေများ ပိုင်ဆိုင်မှု၊ သိမ်းဆည်းမှု၊ အငြင်းပွားမှုစသည့် ကိစ္စများသည် ကာလရှည်ကြာဖြစ်ပေါ်ခဲ့သောကြောင့် ဖြေရှင်းရခက်ခဲသော ပုစ္ဆာသဖွယ်ဖြစ်နေခဲ့ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်က ထိုကိစ္စများဖြေရှင်းရေးကော်မရှင်ကို ၂၀၁၂ ခုနှစ် ဇွန် ၂၆ ရက်က ဖွဲ့စည်းပြီး ပြဿနာများကို အဖြေရှာဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ပါသည်။ ပြဿနာ၏အရင်းအမြစ်ကို ရှာဖွေဖြေရှင်းရာတွင် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာဥပဒေများနှင့်အညီ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှရှာဖွေကာ ခြေခြေမြစ်မြစ် ဆန်းစစ်ကြည့်ပြီး မျှတအောင် ဆောင်ရွက်နိုင်မှသာ ပြေလည်မှုရကောင်းရနိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။

ယခုအခါ ရန်ကုန်မြို့တော်တစ်ခွင်တွင် လူဦးရေတစ်နေ့တခြား ထူထပ်များပြားလာမှုကြောင့် မြို့သစ်စီမံကိန်းများကို တိုးချဲ့ဆောင်ရွက်ရန် သက်ဆိုင်ရာက စီစဉ်ကြသောအခါ လယ်ယာမြေကိစ္စများပါဝင်လာသဖြင့် အဖြေထုတ်ရမည့်ပုစ္ဆာများဖြစ်လာပါသည်။ ထိုနေရာတွင် မြေ၏တန်ဖိုးသည် အရေးပါသောကိစ္စ ဖြစ်လာပါသည်။ စီမံကိန်းအတွက်မြေများမှာ များသောအားဖြင့် လယ်ယာမြေများဖြစ်ပါသည်။

ထိုလယ်ယာမြေများတွင် အမှန်တကယ်စိုက်ပျိုးနေသည့် အစိမ်းရောင်လယ်ယာမြေများပါဝင်သလို စိုက်ပျိုးခြင်းမရှိသော၊ မစိုက်ပျိုးနိုင်သော လယ်ယာမြေများလည်းပါဝင်ပါသည်။ တစ်ချိန်သောကာလက သယ်န်းကျွန်း၊ သာကေတ၊ အင်းစိန်၊ သန်လျင်၊ ရန်ကုန်တစ်ဖက်ကမ်းအလွန်မြေများအားလုံးမှာ စိမ်းစိမ်းစိုစိုလယ်ကွင်းပြင်ကြီးများအဖြစ် တည်ရှိခဲ့ပြီးနောက် လယ်ယာမြေပျောက်၍ မြို့သစ်များဖြစ်ပေါ်လာခဲ့ပါသည်။ ထိုအချိန်က မြေဈေးမှာ တန်ဖိုးကြီးမရှိဘဲ နိုင်ငံတော်ကပိုင်ဆိုင်သည့်မြေကို ဥပဒေနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်ကြရာ ပြဿနာကြီးကြီးမားမား မရှိခဲ့ပါ။

မျက်မှောက်ကာလတွင်မူ မြေတန်ဖိုးကြီးမားမှု၊ လူဦးရေထူထပ်မှု၊ စီးပွားရေးဆန်ဆန် ဆောင်ရွက်မှုတို့ရှိလာရာ ပြဿနာများတိုးလာသည်ဟု သုံးသပ်မိပါသည်။ အဓိကမှာ စိုက်ပျိုးရန်အတွက်ဖြစ်စေ၊ အိမ်ရာအတွက်ဖြစ်စေ နှစ်ဦးနှစ်ဖက် ဥပဒေနှင့်အညီ ရိုးဖြောင့်စွာ ဆောင်ရွက်ဖို့ လိုအပ်ပါသည်။ နိုင်ငံတော်၏မြေမှာ ဥပဒေအတိုင်း တည်ရှိရမည်ဖြစ်ပါသည်။ မြေကိုမကစားမိဖို့၊ အသုံးမချမိဖို့လိုပါသည်။

ထိုမြေသည် လယ်ယာမြေဖြစ်ပါသည်။ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေသူများဖြစ်ပါက ထိုသူများ၏ အကျိုးကိုရှေးရှုရမည်ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှု၊ အမှန်တကယ်နေထိုင်မှု၊ အမှန်တကယ်လုပ်ကိုင်မှု၊ အမှန်တကယ်တည်ဆောက်မှု၊ အမှန်တကယ်ဖြစ်သင့်သည့်ဈေးနှုန်း စသည်ဖြင့်ညီညွတ်မျှတမှုရှိပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များနှင့်အညီ လယ်ယာမြေကိုအခြေခံသည့် မြို့ပြစီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန် ဆန္ဒပြုလိုက်ပါသည်။ ။

## ရန်ကုန်တက္ကသိုလ်နှင့် ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ် ပညာရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာရေးထိုး

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တက္ကသိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်(ယူနန်မင်ဇုတက္ကသိုလ်)တို့၏ ပညာရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာရေးထိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။**(ယာပုံ)**




အခမ်းအနားတွင် အင်္ဂလိပ်စာဌာနပါမောက္ခ/ဌာနမှူး ဒေါက်တာနော်ဂျူးဖော်က ရန်ကုန်တက္ကသိုလ်၏ သမိုင်းကြောင်း၊ သင်တန်းရေးရာနှင့် နားလည်မှုစာချွန်လွှာများ ချုပ်ဆိုထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ယူနန်မင်ဆုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်တို့က နားလည်မှုစာချွန်လွှာရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး ယဉ်ကျေးမှုရေးရာ ကောင်စစ်ဝန် မစ္စတာ ဝမ်ရွှေ့ချင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒေါက်တာအောင်သူက အမှတ်တရလက်ဆောင်ပေးအပ်သည်။

ရန်ကုန်တက္ကသိုလ်တွင် နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရေးပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်ပတက္ကသိုလ်များနှင့် နားလည်မှုစာချွန်လွှာများ ချုပ်ဆိုလျက်ရှိရာ ယခုယူနန်မင်ဇုတက္ကသိုလ်နှင့် လက်မှတ်ရေးထိုးခြင်းသည် ၃၁ ခုမြောက်ချုပ်ဆိုခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ခြင်းကြောင့် ဆရာ ဆရာမများနှင့် အုပ်ချုပ်မှုဝန်ထမ်းများဖလှယ်ခြင်း၊ ကျောင်းသား ကျောင်းသူဖလှယ်ခြင်း၊ ဆရာ ဆရာမများကို သင်တန်းပို့ချခြင်း၊ သုတေသန စာအုပ်စာတမ်းပစ္စည်းများ၊ စာအုပ်စာတမ်းများ၊ အစီရင်ခံစာများနှင့် အခြားတက္ကသိုလ်ပညာရေးသတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ပူးပေါင်း သုတေသနစီမံချက်များ စီစဉ်ဆောင်ရွက်ခြင်း၊ ဘာသာစကားနှင့် ယဉ်ကျေးမှုသင်တန်းများပို့ချရန် အကူအညီပေးခြင်း၊ တက္ကသိုလ်နှစ်ခုရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ အကျိုးဖြစ်ထွန်းစေနိုင်မည့် အခြားတက္ကသိုလ် ပညာရပ်ပိုင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတကာအတွေ့အကြုံများ ရရှိလာနိုင်ခြင်း၊ ခေတ်နှင့်အညီ ပြောင်းလဲ တိုးတက်နေသော သင်ကြားသင်ယူမှု နည်းစနစ်များကို လေ့လာခွင့်ရရှိခြင်း၊ ထိုသို့ လေ့လာသင်ယူနိုင်ခြင်းအားဖြင့် အရည်အချင်းပိုမိုပြည့်ဝသောပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ခြင်း၊ တက္ကသိုလ်တစ်ခု၏ အသက်သွေးကြောသဖွယ်ဖြစ်သော သုတေသနလုပ်ငန်းများအတွက်လည်း အထောက်အကူပြုဖြစ်စေခြင်း၊ မိမိနိုင်ငံ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို ကမ္ဘာကသိအောင် ဖြန့်ဖြူးပေးနိုင်ခွင့် ရရှိနိုင်မည်ဖြစ်ခြင်းနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**(ကြေးမုံ)**




## စလေမြို့နယ်တွင် သဘာဝလွှတ်ကျောင်းစနစ်ဖြင့် တစ်ပိုင်တစ်နိုင်ဆိတ်မွေးမြူသူများ အဆင်ပြေတွက်ခြေကိုက်လျက်ရှိ

**စလေ ဇူလိုင် ၄**

ပခုက္ကူခရိုင် စလေမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တောရိုင်းမြေများနှင့် မြေလွတ်မြေရိုင်းများ ပေါများသည့်အတွက် မိရိုးဖလာ ခြံမဲ့လွှတ်ကျောင်းစနစ်ဖြင့် တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူကြသူများ အဆင်ပြေ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။ ယင်းဒေသများတွင် ဆိတ်အမျိုးအစား ရှစ်မျိုးရှိသည့်အနက် ရေမြေဉတုသဘာဝနှင့်ကိုက်ညီ၍ အပူဒဏ်ခံနိုင်သော ဝေလာဆိတ်အမျိုးအစားနှင့် ထိန်းနီဆိတ်အမျိုးအစားကို အဓိက မွေးမြူကြသည်။ ယင်းဆိတ်မျိုးများသည် တစ်နှစ်လျှင် နှစ်ကြိမ်သားပေါက်လေ့ရှိပြီး ရေမြေဉတုဒဏ်ကြံ့ကြံ့ခံနိုင်၍ ကိုယ်ခံအား ကောင်းကြသည်။

"ဆိတ်တွေကို ခြံမခတ်ဘဲ လွှတ်ကျောင်းတဲ့စနစ်နဲ့ မွေးမြူတဲ့အတွက် အစာဖိုးကုန်ကျစရိတ်သက်သာတယ်။ ဆိတ်မွေးမြူရေးလုပ်ငန်းက အကောင်ရေများများမွေးပြီး ရာသီပေါ် ကူးစက်ရောဂါတွေမဖြစ်အောင် ဂရုစိုက်နိုင်ရင် အမြတ်အစွန်းအတော်ကျန်တယ်။ ကျွန်တော်မွေးထားတဲ့ ဆိတ်အကောင်ရေ ၅၀ ကို ထပ်တိုးပြီးမွေးဖို့စီစဉ်နေ တယ်။ ရွာမှာလည်း အိမ်တိုင်းနီးပါး အနည်းဆုံး ငါးကောင်ကနေ ၁၀ကောင်အထိ မွေးကြတယ်"ဟု စလေမြို့နယ် ပခန်းငယ်ကျေးရွာမှ တစ်ပိုင်တစ်နိုင်ဆိတ်မွေးမြူသူတစ်ဦးက ပြောသည်။

ဆိတ်တစ်ကောင်၏ သက်တမ်းမှာ ခြောက်နှစ်ခန့်ရှိပြီး တစ်နှစ်သားအရွယ်မှစ၍ ရောင်းရကြောင်း၊ ဆိတ်တစ်ကောင်လျှင် ငွေကျပ် ၈၀၀၀၀ မှ ၁၀၀၀၀၀ ကျော်ခန့်အထိ အရွယ်အစားပေါ်မူတည်၍ ရရှိကြောင်း၊ ဆိတ်များမှ စွန့်ထုတ်သော ဆိတ်ချေးသည်လည်း သဘာဝမြေသြဇာအဖြစ်သုံးစွဲနိုင်သဖြင့် ဈေးကွက်ဝင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။ မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီးသည် ဆိတ်အများဆုံးမွေးမြူသော ဒေသဖြစ်ပြီး အများအားဖြင့် ကျေးလက်များတွင် မိရိုးဖလာခြံမဲ့ လွှတ်ကျောင်းစနစ်ကို ကျင့်သုံးကြကြောင်း သိရသည်။ **ကျော်စွာ(မကွေး)**

Royal Material Co.,Ltd.
နိုင်ငံတကာ အရည်အသွေးမီ
အိမ်တွင်းအလှဆင်ပစ္စည်းများ အရောင်းဖြန့်ချိရေးနှင့်
အိမ်တွင်းအလှဆင်လုပ်ငန်း




Royal Wall Leather
& Vinyl Tiles



အမှတ် (၃၈၉)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး (ငုပါလမ်းအနီး)၊အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01 215 080, 01 508 132, 09 731 260 52, 09 5102423

ပြည်တွင်းရေးရာ

# သီလဝါအထူးစီးပွားရေးဇုန်ကို လာမည့် စက်တင်ဘာလအတွင်း ဖွင့်လှစ်နိုင်ရန်စီစဉ်ထားပြီး ထားဝယ်အထူးစီးပွားရေးဇုန်ကိုလည်း မြန်မာ - ထိုင်း - ဂျပန် ပူးပေါင်းအကောင်အထည်ဖော်သွားမည်

**တိုကျို ဇူလိုင် ၄**

ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေးကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီး အစည်းအဝေးတွင် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုနှင့် သီလဝါ အထူးစီးပွားရေးဇုန်၏ အောင်မြင်မှုကို အခြေခံပြီး ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေးအတွက် ဂျပန်နိုင်ငံ၏ နည်းပညာအကူအညီရယူဆောင်ရွက်ရေး၊ ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် ရန်ကုန်-နေပြည်တော်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်နိုင်ရေး၊ ရန်ကုန်မြို့တော် အများပြည်သူစီးသည် ပို့ဆောင်ရေးလုပ်ငန်းများ တိုးမြှင့်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ဖြေရှင်းနိုင်ရေး၊ လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင် လေ့ကျင့်ရေးသင်တန်းကျောင်းများ၊ ဘဏ္ဍာရေးဆိုင်ရာ သင်တန်းများအပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အာရှဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော် အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ဂျပန်နိုင်ငံက စီမံကိန်း ၅၀ အတွက် ODA Grant ဂျပန်ယန်း ၇၂ ဒသမ ၁၈ ဘီလီယံ ပေးအပ်ခဲ့သည်။ ယခုခရီးစဉ်တွင် ရန်ကုန်မြို့ပတ်ရထားလမ်းစီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစီမံကိန်းအဆင့်(၂)နှင့် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး ဖွံ့ဖြိုးရေးစီမံကိန်းတို့အတွက် ချေးငွေအကူအညီ ယန်း ဘီလီယံ ၁၀၀ ပေးအပ်ရန် ဂျပန်အစိုးရက အတည်ပြုခဲ့ကြောင်း သိရသည်။

ထို့နောက် ဂျပန် - မြန်မာ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့က အမှာစကားပြောကြားကြသည်။

နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တွင် ဂျပန်နိုင်ငံက တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်ကို လာမည့် စက်တင်ဘာလအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်ထားပြီး ထားဝယ်အထူးစီးပွားရေးဇုန်ကိုလည်း မြန်မာ-ထိုင်း-ဂျပန် ပူးပေါင်းအကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း။



ဂျပန် - မြန်မာ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ (ပြန်/ဆက်)

ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းပြီး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေးတို့အတွက် တက်ကြွစွာ ဆောင်ရွက်နေမှုများကို နားလည်ထောက်ခံပါကြောင်း၊ လုံခြုံရေးကောင်စီ ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးအတွက် ဂျပန်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာ၌ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များစွာရှိနေသည့်အတွက် ဂျပန်နိုင်ငံက ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ထားဝယ်အထူးစီးပွားရေးဇုန် MoI လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာ၊ ဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Nakane နှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Arkhom တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

**(သတင်းစဉ်)**



ဂျပန် - မြန်မာ ပူးတွဲသတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ (ပြန်/ဆက်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၅**

၂၀၁၅ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကျရောက်သည့် ဗင်နီဇွဲလား ဘိုလီဗာရီယန် သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဗင်နီဇွဲလား ဘိုလီဗာရီယန် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ဒယ်လ်စီ ရိုဒရီဂွေ့ဇ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## မက္ကဆီကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၅**

မက္ကဆီကို ပြည်ထောင်စုနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဇွန် ၁၉ ရက်တွင် မက္ကဆီကိုမြို့တော်၌ မက္ကဆီကိုပြည်ထောင်စုနိုင်ငံသမ္မတ မစ္စတာ အင်န်ရစ်ခ် ပီညဲနီတိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# အလုပ်အကိုင် ၇၀၀၀ ခန့် ဖန်တီးပေးနိုင်မည့် အထည်ချုပ်စက်ရုံတိုးချဲ့နိုင်ရေးစီစဉ်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၄**

အဆိုပြု အနည်းဆုံးအခကြေးငွေ နှုန်းထားတစ်ခုကို ထုတ်ပြန်ထားပြီး မကြာမီ အနည်းဆုံး အခကြေးငွေနှုန်း ထားတစ်ခုကို အတည်ပြုထုတ်ပြန်သွား မည်ဖြစ်သဖြင့် အလုပ်ရှင်/ အလုပ် သမားများ၏ အခက်အခဲနှင့် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို သိရှိလိုသဖြင့် ယခုလိုလာရောက် တွေ့ဆုံရခြင်း ဖြစ်ပါကြောင်း။

အနည်းဆုံး အခကြေးငွေသတ်မှတ် နိုင်ရေးကို အထောက်အကူပြုနိုင်ရေး အတွက် အစိုးရပိုင်းမှ ဖြေလျှော့ပေး နိုင်သည့် ကိစ္စရပ်များကို ဖြေလျှော့ပေး သွားမည်ဖြစ်သလို အလုပ်သမားများ ကလည်း ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် ပိုမိုကြိုးစားအား ထုတ်သွားရန်လိုကြောင်းနှင့် အချိန် ပိုလုပ်မှုရရှိမည့် ကုန်ထုတ်စွမ်းအားနှင့် ဝင်ငွေကို သာမန်အလုပ်ချိန်အတွင်း ရရှိအောင် ကြိုးစားသွားစေလိုပါ ကြောင်း၊ ထိုသို့ဆောင်ရွက်သွားပါက ကုန်ထုတ်စွမ်းအား တိုးတက်လာမည် ဖြစ်သလို အလုပ်ရှင်အတွက် အခြား ကုန်ကျမှုများကိုလည်း လျှော့နည်း သွားစေမည်ဖြစ်ကြောင်း။

အလုပ်ရှင်နှင့် အလုပ်သမားများ အနေဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်မှု ရှိရှိနှင့် ကောင်းမွန်သောလုပ်ငန်းခွင် ဆက်ဆံရေးဖြစ်အောင် အထူးအလေး အနက်ထား ဆောင်ရွက်သွားစေလိုပါ ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမှ သာ စက်ရုံ၏ ကုန်ထုတ်စွမ်းအားလည်း တိုးတက်သွားမည်ဖြစ်ကြောင်း အလုပ် သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံ ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ယနေ့နံနက်ပိုင်းတွင် ဒဂုံဆိပ်ကမ်းစက်မှုဇုန်ရှိ Myanmar Ha Hae အထည်ချုပ်စက်ရုံနှင့် အာရှနဂါးအထည်ချုပ်စက်ရုံများသို့ သွားရောက်၍ အနည်းဆုံးအခကြေး ငွေ သတ်မှတ်နိုင်ရေးကို အထောက် အကူပြုနိုင်ရေးအတွက် စက်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များနှင့် အလုပ်သမားများ၏ လုပ်ငန်း ခွင်အခြေအနေများအား ကြည့်ရှု အားပေးစကားပြောကြားခဲ့သည်။

Myanmar Ha Hae အထည်ချုပ် စက်ရုံနှင့် အာရှနဂါး အထည်ချုပ်မှ တာဝန်ရှိသူများနှင့် စက်ရုံအတွင်းရှိ အလုပ်သမားများအနေဖြင့် အလုပ် သမားများနှင့် စက်ရုံရှိတာဝန်ရှိသူများ အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြစ်ပွားမှုမရှိကြောင်း၊ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းမှု ရှိကြောင်းနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရေး အတွက် အားလုံးဝိုင်းဝန်းလုပ်ဆောင် သွားမည်ဖြစ်ကြောင်း သိရှိရသည်။

လက်ရှိကာလတွင် အနည်းဆုံး အခကြေးငွေ သတ်မှတ်မှုနှင့် ပတ်သက်၍ အလုပ်ရှင်များဘက်မှ ကန့်ကွက်မှုများရှိနေ သော်လည်း Myanmar Ha Hae အထည်ချုပ် စက်ရုံအနေဖြင့် အလုပ် အကိုင်အခွင့် အလမ်း ၇၀၀၀ ခန့် ဖန်တီးပေးနိုင် မည့် အထည်ချုပ်စက်ရုံကို ဆက်လက် တိုးချဲ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက် လျက် ရှိကြောင်း သိရ သည်။

**(ကြေးမုံ)**

# သင်တန်းဆင်း တိုင်းရင်းသူ ၁၁၆၇ ဦး အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိ



**ရန်ကုန် ဇူလိုင် ၄**

ကျေးလက်မြို့ပြနေ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲနှင့် အလုပ်တာဝန်ခန့်အပ်ခြင်းအခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြဝတီမင်းကြီးလမ်း အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးစံရွှေအောင်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး အထည်ချုပ်စက်ရုံများတွင် ဝင်ရောက် အလုပ်လုပ်ကိုင်ကြမည့် တိုင်းရင်းသူ ၁၄၂ ဦးအား အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်မို့မို့သွင်က အလုပ်သမားအသိအမှတ်ပြုလွှာများကို အထည်ချုပ်လုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်ပြီး အထည်ချုပ်လုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိသူများက အလုပ်သမားများအား အထည်ချုပ်စက်ရုံများတွင် အလုပ်ခန့်အပ်ရခြင်းအကြောင်းရင်းများနှင့် အလုပ်သမားခံစားခွင့်များကို အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ လုပ်ငန်း ရှင်တစ်ဦးက ရှင်းလင်းပြောကြားသည်။

နယ်စပ်ဒေသကျေးလက်မြို့ပြနေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ခေတ်မီ မော်တာအထည်ချုပ်စက်သင်တန်းများအား စဉ်ဆက်မပြတ်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိရာ သင်တန်းအမှတ်စဉ်(၁)မှ ယခုသင်တန်းအမှတ်စဉ်(၉) ထိ သင်တန်းဆင်းတိုင်းရင်းသူ ၁၁၆၇ ဦးဖြစ်ပြီး အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲ ၁၂၀ ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချ

**နေပြည်တော် ဇူလိုင် ၄**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ (၁၁)ရက်မြောက်နေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိပြီး ကျောက်စိမ်းအတွဲအမှတ် ၈၆၀၉ မှ အတွဲအမှတ် ၈၇၂၈ အထိ ကျောက်စိမ်းအတွဲ ၁၂၀ ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၈၆၀၈ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဇွန် ၂၈ မှ ဇူလိုင် ၃ ရက်ထိရောင်းချရာ ကျောက်စိမ်းအတွဲ ၅၇၂၅ တွဲ ရောင်းချခဲ့ရပြီး ရာခိုင်နှုန်းအားဖြင့် ၆၆ ဒသမ ၅၁ ရာခိုင်နှုန်း ရောင်းချခဲ့ရကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇူလိုင် ၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျန်ရှိသည့် ပြပွဲ နှစ်ရက်တာကာလ၌ ကျောက်စိမ်းအတွဲအမှတ် ၈၇၂၉ မှ အတွဲအမှတ် ၈၉၄၃ အထိ ကျောက်စိမ်းအတွဲ ၂၀၀ ကျော်ကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# သံဃာတော်များအား သာသနာဝင်ကတ်ပြားများ ဆက်ကပ်

**မုံရွာ ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာန မုံရွာမြို့နယ်ဦးစီးဌာန မှူးရုံးမှ ဝန်ထမ်းများသည် ဇွန် ၃၀ ရက်က မုံရွာမြို့ အုတ်ကန်တောရ စာသင်တိုက်သို့ သွားရောက်ပြီး သာသနာဝင်ကတ်ပြား မရှိသေးသည့် စာသင်သား သံဃာတော်များအား သာသနာဝင်ကတ်ပြားများ ရရှိရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အုတ်ကန်တောရ စာသင်တိုက်တွင် တိုင်းဒေသကြီး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် မုံရွာခရိုင်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်တို့က စာသင်သား သံဃာတော် ၆၈ ပါးအား One Stop Service ဖြင့် လက်ဝယ်အရောက် ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်)**

ဥတုရာသီ တောကိုမှီ၏

# တရားမဝင်လက်နက်ခဲယမ်းများ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြဘဲ သက်ဆိုင်ရာသို့အပ်နှံကြရန်နှင့် တွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော လက်နက်ကိုင်ဆောင်ရေးမူအရ လေသေနတ်အပါအဝင် သေနတ်လက်နက်အားလုံးကို လိုင်စင်ဖြင့်သာ ကိုင်ဆောင်ခွင့်ပြုသဖြင့် လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ရရှိရန် ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန(လက်နက်ကိုင်ဆောင်ခွင့် လိုင်စင်/ပါမစ်စိစစ်ရေးအဖွဲ့)သို့ တင်ပြလျှောက်ထားမှုအပေါ် စိစစ်ခွင့်ပြု ချက်ရမှသာ ကိုင်ဆောင်ခွင့်ရှိသည်။ လိုင်စင်မဲ့ကိုင်ဆောင်လျက်ရှိသော လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစဉ် တစိုက် စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လတွင် မန္တလေး တိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့အတွင်းမှ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့၍ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်တရားခံများကိုလည်း ဆက်လက်ဖော်ထုတ် အရေးယူလျက်ရှိသည်။ တရားမဝင်လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်မှုများနှင့် ပတ်သက်၍ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်ထက်မနည်း၊ ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်နိုင်ကြောင်း ပြဌာန်းထားပြီး အလားတူ ၁၉၅၁ ခုနှစ် လက်နက်များ(ယာယီ)ပြင်ဆင်ချက်အက်ဥပဒေပုဒ်မ ၁၉-က အရ အလုပ် ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်ထက်မနည်း၊ ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်နိုင်ကြောင်း ပြဌာန်းထားသည်။ သို့ဖြစ်ပါ၍ တရားမဝင်လက်ဝယ်ထားရှိ သော လက်နက်/ခဲယမ်းများအား နီးစပ်ရာတပ်၊ ရဲစခန်းများ၊ ရဲတပ်ဖွဲ့ မှူးရုံးများသို့ အမြန်ဆုံးလာရောက်အပ်နှံကြရန်နှင့် လာရောက်အပ်နှံခြင်း မပြုဘဲ လက်ဝယ်ထားရှိ၍ စုံစမ်းဖော်ထုတ်ရရှိပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ပြည်ထဲရေးဝန်ကြီးဌာန)**

## ပြည်တွင်းရေးရာ

### ✻ ကျောဖုံးမှ

လုပ်ငန်းရှင်ကြီးများက ဖော်ဆောင်ပေးသည့် အလုပ်အကိုင်အခွင့်အလမ်းများထက် သမဝါယမလုပ်ငန်းများက သန်း၁၀၀ ပိုမိုဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ ထိုအောင်မြင်မှုများကြောင့် သမဝါယမလုပ်ငန်းများသည် အကြီးဆုံး လူမှုစီးပွားရေးလုပ်ငန်းဖြစ်ပြီး ကမ္ဘာ့လူဦးရေ ထက်ဝက်ဖြစ်သော လူသန်းပေါင်း ၃၀၀၀ ၏ အသက်မွေးဝမ်းကျောင်းများကို ခိုင်မာစေခဲ့ပါကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ခဲ့ပါကြောင်း။

မိမိတို့ ပေါင်းကူးဆက်နွယ်ရာ ကမ္ဘာကြီးတွင် မညီမျှမှုများ တစ်နေ့တခြား မြင့်တက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ဝင်ငွေကွာဟမှုသည် ပြီးခဲ့သော နှစ်များအလွန်တွင် ပိုမိုကြီးမားလာပါကြောင်း၊ မကြာမီကထုတ်ပြန်ခဲ့သည့် Credit Suisse ၏ အစီရင်ခံစာတစ်စောင်တွင် ကမ္ဘာ့လူဦးရေ၏ အထက်တန်းလွှာ ၁ ရာခိုင်နှုန်းသည် ကမ္ဘာ့ချမ်းသာမှု၏ တစ်ဝက်နီးပါးကို ပိုင်ဆိုင်ထားပြီး ကမ္ဘာ့လူဦးရေ ထက်ဝက်ရှိ အောက်ခြေအဆင့်လူများသည် ချမ်းသာကြွယ်ဝမှု၏ တစ်ရာခိုင်နှုန်းအောက်နည်းသော ပမာဏကို ပိုင်ဆိုင်သည်ဟု ခန့်မှန်းဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ မညီမျှမှုများသည် ပုံစံအမျိုးမျိုးနှင့် ဖြစ်ပေါ်နေပြီး လူမျိုး၊ ဒေသသွင်ပြင်လက္ခဏာ (သို့မဟုတ်) ကျား/မ၊ အသက်အရွယ်၊ ပုဂ္ဂိုလ်ရေး စရိုက်လက္ခဏာများ အပေါ်တွင် ကြီးမားစွာ သက်ရောက်လျက်ရှိပါကြောင်း။

အဆိုပါ မညီမျှမှုများကို တန်းတူရည်တူ သာတူညီမျှဖြစ်စေရန် ဆောင်ရွက်ပေးနိုင်သည့် အဖွဲ့အစည်းမှာ သမဝါယမဖြစ်ပြီး သမဝါယမ၏ အနှစ်သာရ၊ ကျင့်ဝတ်များကို ကြည့်ခြင်းအားဖြင့် တွေ့ရှိနိုင်ပါကြောင်း၊ သမဝါယမစနစ်သည် ၁၉ ရာစုအလယ်ပိုင်းတွင် စတင်ဖြစ်ပေါ်ခဲ့ပြီး အမျိုးသား၊ အမျိုးသမီးတန်းတူ မဲဆန္ဒပေးပိုင်ခွင့်ကို ကျင့်သုံးခဲ့၍ ကျား၊ မ တန်းတူညီမျှခြင်းဆိုသည့် သမဝါယမ၏ သန္ဓေပါ အခွင့်အရေးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေပြီး သမဝါယမဝန်ကြီးဌာနကလည်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ် ဇူလိုင်လ ပထမပတ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသ အိမ်ထောင်စုပေါင်း ရှစ်သန်းကျော် ရှိသည့်အနက် အိမ်ထောင်စုပေါင်း သုံးသန်းကျော်သည် အရင်းအနှီးချေးငွေကျပ် ၃၈၈ ဘီလီယံကျော် ခံစားနေကြရပြီး အရစ်ကျငွေချေးစနစ်ဖြင့် လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံး စက်ပစ္စည်း ၁၅၄၂၈၉ စီးကို ရောင်းချထား၍ ၃၇၉၄ စီးသည် ငွေအကျေပေးသွင်းနိုင်ခဲ့သည်ကို သိရပါကြောင်း။

ငွေကြေး အဖွဲ့အစည်းများကို လက်လှမ်းမမီနိုင်သည့် အခြေခံပြည်သူများ အရင်းအနှီးရရှိခြင်း၊ မိမိဘာသာရပ်တည်နိုင်ခြင်း၊ နောက်ပိုင်းအမှီအခိုကင်းကင်းနှင့် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်နေသော လုပ်ငန်းဖြစ်သည့်အတွက် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ယခင်က ခိုင်မာကောင်းမွန်သော သမဝါယမ အခြေခံသဘောတရားများကို လိုက်နာခြင်းမပြုကြဘဲ မည်ကာမတ္တသမဝါယမအသင်းများ ဖွဲ့စည်းခဲ့ကြခြင်း၊ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အရည်အသွေးမီဝန်ဆောင်မှုများ ပေးနိုင်ခြင်းမရှိဘဲ အရေအတွက်အရသာ ဆောင်ရွက်ခဲ့ကြခြင်းတို့ကြောင့် သမဝါယမကဏ္ဍအပေါ် လူထု၏ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေခဲ့သည့် အတိတ်ကအမှားများကို သင်ခန်းစာယူ ပြုပြင်သွားရမည်ဖြစ်ပါကြောင်း၊ သမဝါယမ အခြေခံသဘောတရားများ ပြန့်ပွားရေး၊ အသင်းဖွဲ့စည်းမှု မှန်ကန်ရေး၊ စာရင်းဇယားများ ပြည့်စုံတိကျမှန်ကန်ရေး၊ စစ်ဆေးကြပ်မတ်ရေး၊ ပညာပေးရေး၊ သင်တန်းများ ပို့ချရေး၊ သတင်းမီဒီယာတိုးချဲ့ရေးနှင့် သုတေသနပြုရေးတို့ကို အလေးထား ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ်တွင် အသင်းသား ပြည်သူများ၏ ယုံကြည်မှု တည်တံ့ခိုင်မာလာရေးနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုချုပ် ဒါရိုက်တာအဖွဲ့ဝင် သမဝါယမတက္ကသိုလ် (သန်လျင်)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာငွေငွေလွင်က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သမဝါယမ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသူများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုခဲ့ကြသည့် အသင်းအဖွဲ့များ၊ သမဝါယမနေ့ အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါးနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်များ ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် သမဝါယမဝန်ကြီးဌာနအတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သမဝါယမပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း သမဝါယမဝန်ကြီးဌာနအတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သမဝါယမပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။** (သတင်းစဉ်)

### ✻ ပုဂ္ဂလိကမှ

အများပြည်သူထောက်ခံခြင်းမရှိသဖြင့် သက်ဆိုင်ရာဌာနမှသာ ရန်ကုန်မြို့၏ အမှိုက်သိမ်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

“ဌာနအနေနဲ့လည်း သန့်ရှင်းရေးလုပ်ငန်းတွေကို အရှိန်တိုးမြှင့်ဆောင်ရွက်သွားမှာပါ။ ဒါပေမယ့် ဌာနအနေနဲ့ကတော့ ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်ရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်သွားတာဖြစ်ပါတယ်။ ပုဂ္ဂလိကနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်ခဲ့တဲ့ရည်ရွယ်ချက်ကတော့ ကုမ္ပဏီအနေနဲ့ ရင်းနှီးမြှုပ်နှံမှုရှိမှာဖြစ်တဲ့အတွက် လိုအပ်တဲ့အမှိုက်ပုံး၊ အမှိုက်ကားနဲ့ လူအင်အားကို ချက်ချင်းဖြည့်ဆည်းဆောင်ရွက်နိုင်မှာဖြစ်ပြီး ဌာနအနေနဲ့ကတော့ အခြားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးလုပ်ငန်းတွေကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ဖို့ရည်ရွယ်တာပါ။ ဒီရည်ရွယ်ချက်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ကိုတင်ပြတဲ့အခါမှာ အများပြည်သူလက်ခံမှုသာ ဆောင်ရွက်ပါဆိုတဲ့အတွက် ဦးစွာစစ်တမ်းကောက်ယူရတာဖြစ်ပါတယ်။ စစ်တမ်းကောက်ယူမှုအရ လူများစုက သဘောမကျတဲ့အတွက် ဌာနကပဲ ဆက်လက်ပြီး အရှိန်တိုးမြှင့်ဆောင်ရွက်သွားမှာပါ။ သန့်ရှင်းရေးဆောင်ရွက်ခနှုန်းထားပြောင်းလဲသွားမှာ မဟုတ်ပါဘူး”ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဦးအောင်မြင့်မော်ကပြောသည်။

ပုဂ္ဂလိကက အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ မြို့နယ်များအပေါ် မူတည်၍ လစဉ်ကျပ် ၁၂၀၀၊ ၁၄၀၀၊ ၁၆၀၀ ခန့် ကျသင့်သွားမည်ဖြစ်ပြီး အချိန်မှန် အမှိုက်သိမ်းခြင်း၊ စနစ်တကျ အမှိုက်သိမ်းဆည်းခြင်းနှင့် ခေတ်မီအမှိုက်သိမ်းယာဉ်များကို အသုံးပြုခြင်းစသော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဟု သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ကုမ္ပဏီများက ရှင်းပြခဲ့သည်။ သို့သော် မြို့တော်နေပြည်သူများအနေဖြင့် ယခင်က လစဉ်ကျပ် ၃၀၀၊ ၄၅၀၊ ၆၀၀ ဟူ၍ မြို့နယ်အလိုက် ပေးသွင်းခဲ့ရမှုကြောင့် ဈေးနှုန်းမြင့်တက်သွားမှုအပေါ် မလိုလားကြကြောင်း သိရသည်။

“ကုမ္ပဏီတွေဘက်ကပေးမယ့် ဝန်ဆောင်မှုတွေ၊ ကားတွေ၊ သိမ်းဆည်းရတဲ့ အမှိုက်ပမာဏတွေကြောင့် ဈေးနှုန်းမြင့်တက်သွားပေမယ့် အမြတ်အစွန်းအများကြီးမရှိပါဘူး။ ဌာနက နေ့စဉ်ဆောင်ရွက်နေမှုမှာလည်း အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းဟာ အရှုံးပေါ်နေတဲ့လုပ်ငန်းတစ်ခုပါ။ ပြည်သူလည်း အဆင်ပြေအောင် ကုမ္ပဏီလည်း ရေရှည်ဆောင်ရွက်နိုင်အောင် တွက်ချက်ဆောင်ရွက်ခဲ့တာပါ။ အရင်က တစ်ရက်ကို ပျမ်းမျှ ၁၀ ကျပ်ကနေ ကျပ် ၄၀ ဖြစ်သွားတယ်။ ၁၅ ကျပ်ကနေ ၄၅ ကျပ်ဖြစ်သွားတယ်။ ၂၀ ကျပ်ကနေ ကျပ် ၅၀၊ ၅၅ ကျပ်လောက် ဖြစ်သွားတယ်။ ဒါပေမယ့် ဒီအပေါ်မှာ အများပြည်သူဘက်က သဘောမကျရင်တော့ ဆက်လက်လုပ်ဆောင်သွားမှာ မဟုတ်ပါဘူး။ ပုဂ္ဂလိကကို ဆောင်ရွက်စေချင်တဲ့သဘောကလည်း နိုင်ငံတကာနဲ့ ချိတ်ဆက်ထားတဲ့ ကုမ္ပဏီတွေကို ရွေးချယ်ခဲ့တာဖြစ်ပြီး ဌာနအနေနဲ့ သန့်ရှင်းရေးလုပ်ငန်းစဉ် မနိုင်တော့လို့ ပေးတာမဟုတ်ပါဘူး။ ပိုမိုကောင်းမွန်တဲ့စနစ်၊ နိုင်ငံတကာမှာလိုပဲ အစိုးရ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ပြီး ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးချင်လို့၊ ပိုမိုထိရောက်ချင်လို့ပါ”ဟု ရန်ကုန်မြို့အမှိုက်သိမ်းစနစ် ပုဂ္ဂလိကကဆောင်ရွက်နိုင်ရေး အများပြည်သူသဘောထားကောက်ယူရန် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့သည်။

“ဌာနက သိမ်းသိမ်း၊ ပုဂ္ဂလိကက သိမ်းသိမ်း အမှိုက်ကားမှန်မှန်လာသိမ်းတာမျိုးပဲဖြစ်စေချင်ပါတယ်။ အမှိုက်စွန့်ပစ်ခ တစ်လ ၁၂၀၀၊ ၁၄၀၀၊ ၁၆၀၀ လောက်က မများဘူးလို့ဆိုပေမယ့် စရိတ်စကများပြားပြီး လူနေမှု စရိတ်မြင့်တဲ့ ရန်ကုန်မှာ မတတ်နိုင်တဲ့ အိမ်ထောင်စုတွေလည်း ရှိနေလို့ဖြစ်မှာပါ။ ဖြစ်စေချင်တာကတော့ စနစ်တကျ စည်းကမ်းရှိရှိ အမှိုက်စွန့်ပစ်ချင်ပေမယ့် အမှိုက်ကားမလာလို့ အမှိုက်လိုက်သိမ်းနေတဲ့ လှည်းလေးတွေကို ပိုက်ဆံပေးပြီး ပစ်နေရတာကလည်း ပိုက်ဆံကုန်ပြီး ထူးတော့မထူးပါဘူး။ ပြီးတော့ အဲဒီလှည်းတွေက ချောင်းထဲကို ပြန်ပြီးအမှိုက်စွန့်ပစ်ကြတော့ ကိုယ်ကဘယ်လောက်စည်းကမ်းရှိရှိ အမှိုက်ပစ်ပစ် မထူးသလိုဖြစ်နေတယ်။ ဒါတွေကို သေချာကြပ်မတ်ဖို့ လိုပါလိမ့်မယ်။ အမှိုက်ကားကို စောင့်ပြီးပစ်တော့လည်း အမှိုက်ကားမှန်မှန်မလာလို့ အိမ်ပေါ်မှာ အနံ့အသက်တွေနဲ့အဆင်မပြေ၊ တချို့ကလည်း နီးစပ်ရာ ချောင်းတွေ မြောင်းတွေထဲကို အလွယ်စွန့်ပစ်ကြတော့ ချောင်းတွေမြောင်းတွေပါ ကောကုန်တော့တာပါပဲ။ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်ဖို့လိုသလို လူတွေရဲ့ စည်းကမ်းမဲ့အပြုအမူတွေကိုလည်း ပြင်ဖို့လိုလိမ့်မယ်”ဟု တာမွေမြို့နယ်မှ အိမ်ရှင်မတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း နေ့စဉ် အမှိုက်တန်ချိန် ၁၆၀၀ ကျော်ထွက်ရှိနေရာ ဌာနရှိ မော်တော်ယာဉ်အင်အား၊ လူအင်အားတို့ဖြင့် သိမ်းဆည်းဆောင်ရွက်နေပြီး နှစ်စဉ်ဘတ်ဂျက်လျာထားကာ အမှိုက်ပုံး၊ အမှိုက်ကားများ ဝယ်ယူသုံးစွဲသွားမည်ဟု သိရသည်။ မြို့တော်စည်ပင်အနေဖြင့် လက်ရှိ အမှိုက်ပုံးပေါင်း ၈၀၀၀ ကျော်၊ လိမ္မော်ရောင်အမှိုက်လှည်း ၃၀၀၀ နီးပါး၊ ဝန်ထမ်းအင်အား ၄၀၀၀ နီးပါး၊ အမှိုက်သိမ်းယာဉ် ၄၅၀ ကျော်ဖြင့် ဆောင်ရွက်နေသည်ဟု သိရသည်။

❐❐❐

### ❖ အရှေ့တောင်အာရှမှ

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံက အလေးမအားကစားကို ထည့်သွင်းကျင်းပခဲ့ခြင်းမရှိသဖြင့် အရှေ့တောင်အာရှ အလေးမအဖွဲ့ချုပ်က ယခုပြိုင်ပွဲကို ဦးစီးကျင်းပခဲ့ခြင်းဖြစ်ပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပခြင်း မရှိသည့်နှစ်များတွင် အရှေ့တောင်အာရှ အလေးမတံခွန်စိုက်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာ

မင်းမင်းဇော် (သတင်းစဉ်)
ဓာတ်ပုံ- သစ္စာမေတ္တာ

**နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဟူသည့်အချုပ်အခြာအာဏာသုံးရပ် ကျင့်သုံးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များကိုရွေးချယ်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်းတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူညီနိုင်ပေ။ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ယင်းနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေများနှင့် နည်းဥပဒေများ၌ သတ်မှတ်ပြဋ္ဌာန်းကြသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်သည်။**

**လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲများ၊ ပွင့်လင်းမြင်သာမှုရှိသည့်ရွေးကောက်ပွဲများ၊ အများယုံကြည်လက်ခံသည့်ရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တာဝန်ရှိသူများအပါအဝင် သက်ဆိုင်ရာအစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲလေ့လာအကဲခတ်သူများ၊သတင်းမီဒီယာများအနေဖြင့် ဖြူစင်သန့်ရှင်းသည့် စိတ်စေတနာတို့ဖြင့် တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။**

**ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများလေ့လာသိရှိနိုင်ရန် ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကိုတင်ပြလိုက်ရပါသည်။**

**မေး။ ။ရွေးကောက်ပွဲဆိုတဲ့ စကားရပ်ရဲ့အနက်အဓိပ္ပာယ်ကို သိပါရစေ။**

ဖြေ။ ။ရွေးကောက်ပွဲဆိုတာ အများနားလည်သလို ပြောရရင် အဖွဲ့အစည်းတစ်ခုမှာ ပါဝင်နေသူတွေက ဒါမှမဟုတ် နိုင်ငံတစ်နိုင်ငံမှာ နေထိုင်နေတဲ့သူတွေက မိမိတို့နှစ်သက်တဲ့သူကို မိမိတို့ခေါင်းဆောင်အဖြစ် ရွေးချယ်နိုင်ဖို့ ကျင်းပပေးတဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်။ ဥပမာ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးရွေးကောက်ပွဲ၊ စည်ပင်သာယာရွေးကောက်ပွဲစတာတွေကနေ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်းမျိုးကို ဆိုလိုတာဖြစ်ပါတယ်။

**မေး။ ။ရွေးကောက်ပွဲကော်မရှင်ဆိုတဲ့အဓိပ္ပာယ်နဲ့ ကော်မရှင်ရဲ့အဓိကတာဝန်ကြီးတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ရွေးကောက်ပွဲကော်မရှင်ဆိုတာ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်တွေကို ရွေးကောက်တင်မြှောက်ပေးဖို့ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။ ကော်မရှင်ရဲ့ အဓိကတာဝန်ကြီးတွေကတော့ ရွေးကောက်ပွဲများကျင်းပပေးခြင်း၊ ကြီးကြပ်ခြင်း၊ လွှတ်တော်ဆန္ဒမဲနယ်မြေအသီးသီးကို သတ်မှတ်ပေးခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပေးခြင်း၊ ရွေးကောက်ပွဲအငြင်းပွားမှုကို ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းစစ်ဆေးခြင်း၊ နိုင်ငံရေးပါတီတွေကို မှတ်ပုံတင်ခွင့်ပြုခြင်း၊ နိုင်ငံရေးပါတီများတည်ဆဲဥပဒေ၊နည်းဥပဒေများနှင့်အညီ ဖြစ်စေဖို့ ကြီးကြပ်ခြင်းတို့ဖြစ်ပါတယ်။

**မေး။ ။ရွေးကောက်ပွဲကျင်းပတဲ့အခါ ဘယ်လိုလူတွေမဲပေးခွင့်ရရှိပြီး ဘယ်သူတွေမဲပေးခွင့် မရကြမှာပါလဲ။**

ဖြေ။ ။ရွေးကောက်ပွဲ စတင်ကျင်းပတဲ့နေ့မှာ အသက်(၁၈) နှစ် ပြည့်ပြီးတဲ့သူတွေ၊ နိုင်ငံသား၊ ဧည့်နိုင်ငံသားနဲ့ နိုင်ငံသားပြုခွင့်ရသူတွေနဲ့ သက်ဆိုင်ရာ မဲစာရင်းတွေမှာ ပါဝင်တဲ့သူတွေ မဲပေးခွင့်ရရှိကြမှာဖြစ်ပြီး သာသနာ့ဝန်ထမ်းတွေ၊ ထောင်ဒဏ်ကျခံနေရတဲ့သူတွေ၊ စိတ်ပေါ့သွပ်နေသူအဖြစ် သတ်မှတ်ခြင်းခံရတဲ့သူတွေ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာထားခြင်းမှ လွတ်မြောက်ခွင့်မရသေးတဲ့သူတွေ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရတားမြစ်ခံရသူတွေနဲ့ နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံခြားသားအဖြစ် ခံယူထားတဲ့သူတွေကတော့ မဲပေးခွင့်မရှိပါဘူး။

**မေး။ ။မဲစာရင်းတွေကို ဘယ်နေရာတွေမှာ အလွယ်တကူကြည့်ရှုနိုင်ပါသလဲ။**

ဖြေ။ ။မဲစာရင်းတွေကို ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေနဲ့ UEC Website မှာလည်း အလွယ်တကူကြည့်ရှုနိုင်ပါတယ်။

**မေး။ ။မဲစာရင်းမှာ မိမိနာမည်မပါရင် ဘယ်လိုဆက်လက်ဆောင်ရွက်ရပါမလဲ။**

ဖြေ။ ။မဲစာရင်းမှာ မိမိနာမည်မပါရင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ရွေးကောက်ပွဲပုံစံ(၃)ကို တောင်းယူဖြည့်သွင်းလျှောက်ထားနိုင်ပါတယ်။

**မေး။ ။မဲစာရင်းအမည်ထပ်နေရင်၊ ကွယ်လွန်ပြီးသူတွေရဲ့အမည်တွေပါဝင်နေရင်၊ မပါဝင်သင့်တဲ့သူတွေရဲ့အမည်တွေပါဝင်နေရင် ဘယ်လိုဆောင်ရွက်ရပါမလဲခင်ဗျာ။**

ဖြေ။ ။မဲစာရင်းမှာမိမိရဲ့အမည်ထပ်နေရင် အမြဲတမ်းနေရပ်သန်းခေါင်စာရင်းပုံစံ- ၆၆/၆ နဲ့ အတူ မူလမဲစာရင်းကို အတည်ပြုပေးပြီး အခြားမဲဆန္ဒနယ်ရဲ့ မဲစာရင်း(သို့) မိမိတို့ မဲဆန္ဒနယ်ရဲ့မဲစာရင်းမှာ ရွေးကောက်ပွဲပုံစံ(၄-က) နဲ့ ပြင်ဆင်ပေးဖို့ လျှောက်ထားနိုင်ပါတယ်။ ကွယ်လွန်ပြီးသူတွေရဲ့ အမည်တွေပါနေရင်၊ မိမိတို့မဲစာရင်းမှာ မပါဝင်သင့်တဲ့သူတွေပါဝင်နေရင် ရွေးကောက်ပွဲပုံစံ(၄)နဲ့ ကန့်ကွက်ရပါမယ်။

**မေး။ ။မဲရုံတွေမှာ မဲပေးတဲ့အခါ ဘယ်လိုဆောင်ရွက်ရပါမလဲ။**

ဖြေ။ ။မဲရုံတွေမှာ ဆန္ဒမဲပေးတဲ့အခါ ပယ်မဲမဖြစ်ရအောင် သတိထားဆောင်ရွက်ရပါမယ်။ ဥပမာ- ဆန္ဒမဲလက်မှတ်မှာ မဲရုံမှူးလက်မှတ်ပါ၊ မပါ၊ မဲလက်မှတ်စုတ်ပြဲနေခြင်း ရှိ၊ မရှိ ကြည့်ရမယ်။ ဆန္ဒမဲလက်မှတ်ပေါ်မှာ မိမိဆန္ဒပြုလိုသူကို ထင်ထင်ရှားရှားဖြစ်အောင် ဆန္ဒပြုရမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက်ဆန္ဒမဲတစ်မဲ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်တစ်မဲ၊ တိုင်းဒေသကြီး(သို့) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲတစ်မဲအတွက် သုံးကြိမ်မဲပေးရပါမယ်။ အကယ်၍ တိုင်းရင်းသားလူမျိုးဖြစ်ပြီး တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ရှိခဲ့ရင် မိမိတို့တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်လည်း ဆန္ဒမဲပေးပိုင်ခွင့် ရှိပါတယ်။

**မေး။ ။ကြိုတင်မဲအကြောင်း ရှင်းပြပေးပါ။**

ဖြေ။ ။ကြိုတင်မဲ ဆိုတာ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မိမိရဲ့မဲစာရင်းပါရှိရာရုံးကို ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်တဲ့အတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းကို ဆိုလိုပါတယ်။ ကြိုတင်မဲကို မဲဆန္ဒရှင်တိုင်းပေးခွင့်မရှိပါဘူး။ ဥပမာ-မဲဆန္ဒနယ်အတွင်းမှာရှိနေတဲ့ အချုပ်ခံနေရတဲ့သူတွေ၊ အတွင်းလူနာအဖြစ် ဆေးရုံတက်နေရတဲ့သူတွေ၊ နေအိမ်မှာမီးဖွားနေသူတွေ၊ အသက်အရွယ်ကြီးရင့်သူ၊ အိုမင်းမစွမ်းရှိတဲ့သူတွေ၊ အနာကြီးရောဂါစွဲကပ်သူတွေ၊ ရွေးကောက်ပွဲကျင်းပတဲ့ နေ့ရက်မှာ တာဝန်အရမဲဆန္ဒနယ်ပြင်ပကို သွားရောက်တာဝန်ထမ်းဆောင်ဖို့ရှိတဲ့ ဝန်ထမ်းတွေနဲ့ မဖြစ်မနေခရီးဝေးသွားရမယ့်သူတွေ အပါအဝင် မဲဆန္ဒနယ်ပြင်ပမှာရောက်နေတဲ့ သင်တန်းတက်ရောက်နေသူတွေ၊ ဆေးကုသမှုခံယူနေသူတွေ၊ အစိုးရခွင့်ပြုချက်နဲ့ နိုင်ငံပြင်ပတာဝန်ထမ်းဆောင်နေသူ၊ အလုပ်လုပ်ကိုင်နေသူ၊ သင်တန်းသား သင်တန်းသူတွေ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိပါတယ်။

**မေး။ ။မဲဆန္ဒနယ်မြေတွေကို ဘယ်လိုသတ်မှတ်ပါသလဲ။**

ဖြေ။ ။မဲဆန္ဒနယ်မြေတွေကို ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒနယ် ၃၃၀ ထက်မပိုဘဲ သတ်မှတ်ပါတယ်။ မြို့နယ်နဲ့ လူဦးရေကို အခြေခံပြီးသတ်မှတ်ပါတယ်။ အမျိုးသားလွှတ်တော်အတွက် မဲဆန္ဒနယ် ၁၆၈ နေရာ သတ်မှတ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုစီမှာ မဲဆန္ဒနယ်မြေ ၁၂ နေရာစီ အညီအမျှသတ်မှတ်ရမှာ ဖြစ်တယ်။ လူဦးရေကို အခြေမခံပါဘူး။ မဲဆန္ဒနယ် ၁၂ နယ်စီ သတ်မှတ်တဲ့နေရာမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ပါဝင်နေရင် အဲဒီအတွက်ပါ သတ်မှတ်ပေးရပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တစ်မြို့နယ်ကို မဲဆန္ဒနယ် (၁)နဲ့ (၂) ဆိုပြီး နှစ်နေရာစီ သတ်မှတ်ရပါတယ်။ အဲဒီလို သတ်မှတ်တဲ့နေရာမှာ လူဦးရေကွာခြားမှု မများလွန်းစေရပါဘူး။ တစ်ဆက်တစ်စပ်တည်း ဖြစ်အောင်လည်း သတ်မှတ်ရပါတယ်။ တကယ်လို့ အဲဒီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာ တိုင်းရင်းသား လူမျိုးတစ်မျိုးဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေရဲ့ သုည ဒသမ ၁ ရာခိုင်နှုန်း အထက်မှာရှိနေမယ်ဆိုရင် အဲဒီလူမျိုးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်။



သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလည်း မရရှိသေးဘူးဆိုရင် သူတို့အတွက် မဲဆန္ဒနယ် တစ်နယ်စီသတ်မှတ်ပေးရပါတယ်။ အဲဒီ မဲဆန္ဒနယ်ကတော့ တိုင်းဒေသကြီးတစ်ခုလုံး သို့မဟုတ် ပြည်နယ်တစ်ခုလုံး ဖြစ်ပါတယ်။

**မေး။ ။ဆန္ဒမဲပေးတာနဲ့ ပတ်သက်လို့ တရားမဝင်ရွှေ့ပြောင်းလုပ်သားတွေအတွက် ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ပြည်ပမှာ ရောက်နေတဲ့ တရားမဝင် ရွှေ့ပြောင်းလုပ်သားတွေအတွက်ကတော့ အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ပြည်ပမှာရောက်နေသူတွေ မဟုတ်တဲ့အတွက် ရွေးကောက်ပွဲ ကျင်းပတဲ့နေ့မှာ ဆန္ဒမဲပေးချင်ရင် မဲစာရင်းရှိတဲ့ဒေသမှာပဲပြန်ပြီး မဲပေးကြရမှာဖြစ်တယ်။ သူတို့ရဲ့မဲစာရင်းတွေကလည်း သူတို့အမြဲနေထိုင်တဲ့ ဒေသတွေမှာ ရှိနေမှာပါ။

**မေး။ ။ပယ်မဲဆိုတာကိုလည်း သိပါရစေ။**

ဖြေ။ ။ကော်မရှင်က အတည်ပြုထားတဲ့ အမှတ်အသားမပါတဲ့ ဆန္ဒမဲလက်မှတ်၊ မဲရုံမှူးလက်မှတ် မပါတဲ့ ဆန္ဒမဲလက်မှတ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပိုပြီး ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်၊ ဆန္ဒပြုထားခြင်းမရှိတဲ့ ဆန္ဒမဲလက်မှတ်၊ ဆန္ဒပြုခြင်း မသေချာ၊ မထင်ရှားတဲ့ ဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲလက်မှတ် အတုဖြစ်တယ်လို့ မဲရုံမှူးက ဆုံးဖြတ်တဲ့ ဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲပေးသူကို သိနိုင်အောင် အမှတ်အသားပြုထားတဲ့ ဆန္ဒမဲလက်မှတ်၊ ဆုတ်ဖြဲထားတဲ့ ဆန္ဒမဲလက်မှတ်နဲ့ ကော်မရှင်က ပယ်မဲအဖြစ် သတ်မှတ် ထုတ်ပြန်ထားတဲ့ ဆန္ဒမဲလက်မှတ်တွေပဲဖြစ်ပါတယ်။

**မေး။ ။ကိုယ်စားလှယ်လောင်းတွေကို အမည်စာရင်းတင်သွင်းတဲ့အခါ ဘယ်လို အခြေအနေမျိုးမှာ ကန့်ကွက်နိုင်ပါသလဲ၊ ဘယ်လိုကန့်ကွက်ရပါမလဲ။**

ဖြေ။ ။ကိုယ်စားလှယ်လောင်းတွေကို အမည်စာရင်းတင်သွင်းတဲ့အခါ ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းနဲ့ မပြည့်စုံဘူးဆိုရင် ယှဉ်ပြိုင်ဘက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးက ကန့်ကွက်နိုင်ပါတယ်။ ဥပမာ-ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးဟာ အသက် (၂၅)နှစ်ပြည့်ရမယ်လို့ သတ်မှတ်ထားတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးဟာ အသက်(၃၀) ပြည့်ရမယ်လို့ ကန့်သတ်ထားပါတယ်။ ဒီသတ်မှတ်ချက်နဲ့ မညီရင် ကန့်ကွက်နိုင်တယ်။ အဲဒီလိုပဲ နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားသူဖြစ်ရမယ်။ ရွေးကောက်ပွဲကျင်းပတဲ့နေ့ မတိုင်မီ မြန်မာနိုင်ငံအတွင်းမှာ ၁၀ နှစ် တစ်ဆက်တည်း နေထိုင်သူဖြစ်ရမယ်လို့ သတ်မှတ်ထားတယ်။ ဒီလိုသတ်မှတ်ချက်တွေနဲ့ မညီဘူးဆိုရင်လည်း ကန့်ကွက်နိုင်တယ်။ ကန့်ကွက်မယ်ဆိုရင် ကိုယ်စားလှယ်လောင်း စိစစ်တဲ့နေ့မှာ ကန့်ကွက်နိုင်တယ်။ ကန့်ကွက်လွှာကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ၇ ရက်အတွင်း အပြီးစိစစ်ဆုံးဖြတ်ပါတယ်။ ဆုံးဖြတ်တာကို မကျေနပ်တဲ့သူက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ခွဲရုံးကို အယူခံတင်နိုင်ပါတယ်။ အယူခံမှုမှာ ဆုံးဖြတ်တာက အပြီးအပြတ်ဖြစ်ပါတယ်။

**မေး။ ။ရွေးကောက်ပွဲမှာ သတင်းမီဒီယာတွေ သတင်းရယူနိုင်ဖို့ ဘယ်လိုဆောင်ရွက်ရပါမလဲ။**

ဖြေ။ ။ရွေးကောက်ပွဲမှာ သတင်းမီဒီယာတွေ သတင်းရယူနိုင်ဖို့အတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတွေနဲ့ ဆက်သွယ်နိုင်ပါတယ်။ သတင်းမီဒီယာတွေရဲ့ ကျင့်ဝတ်ကို လိုက်နာရမယ်။ မဲရုံအတွင်းဝင်ပြီး ဓာတ်ပုံရိုက်ခွင့် မရှိပါဘူး။ မဲရုံအပြင်ကနေပဲ ဓာတ်ပုံရိုက်ခွင့် ရှိပါတယ်။ အဓိကကတော့ ဆန္ဒမဲပေးသူတွေနဲ့ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်တွေကို မနှောင့်ယှက်မိဖို့နဲ့ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို မထိခိုက်စေဖို့ အရေးကြီးပါတယ်။

**မေး။ ။လေ့လာသူတွေအနေနဲ့ ဘယ်လိုစောင့်ကြည့်လေ့လာသင့်ပါသလဲ။**

ဖြေ။ ။ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေရဲ့ ကျင့်ဝတ်တွေကို အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ထုတ်ပြန်ထားပါတယ်။ အဲဒီ ကျင့်ဝတ်တွေအတိုင်း လိုက်နာ ဆောင်ရွက်သွားကြရပါမယ်။ ဒ့ါအပြင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေက စောင့်ကြည့်လေ့လာခွင့်ရဖို့ လျှောက်ထားခြင်းနဲ့ အသိအမှတ်ပြုလွှာများ ထုတ်ယူနိုင်ခွင့်တွေနဲ့ပတ်သက်ပြီး လုပ်ငန်းစဉ်ကို အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပါဝင်ရေးဆွဲထားပါတယ်။

**မေး။ ။နိုင်ငံရဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ သမိုင်းအတွေ့အကြုံ အကျဉ်းချုပ်ကိုလည်း သိပါရစေ။**

ဖြေ။ ။ရှေးမြန်မာမင်းများ လက်ထက်က ရွေးကောက်ပွဲတွေနဲ့ စပ်လျဉ်းပြီး ဘုရင်ကို ရွေးချယ်တင်မြှောက်တဲ့ ဘုရင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ထားရှိတာကို တွေ့ရတယ်။ ဒ့ါအပြင် ဘုရင်ဖြစ်ထိုက်သူရဲ့ အရည်အချင်းတွေ၊ မင်းတိုင်ပင်ဖြစ်ထိုက်သူရဲ့ အရည်အချင်းတွေကို သတ်မှတ်ထားတာလည်း တွေ့ရတယ်။ လွှတ်တော်နဲ့ လွှတ်တော်အဆောက်အအုံတွေကို သက္ကရာဇ် ၅၇၃ ခုနှစ်လောက်ကတည်းက ပေါ်ပေါက်ခဲ့တယ်လို့ လေ့လာတွေ့ရှိရတယ်။ အင်္ဂလိပ်တွေ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးတဲ့ ၁၈၈၆ ခုနှစ် ဧပြီ ၁ ရက်မှာ မြန်မာဘုရင့်လွှတ်တော်ကို ဗြိတိသျှတွေက ဖျက်သိမ်းခဲ့တယ်။ ၁၉၂၂၊ ၁၉၂၅၊ ၁၉၂၈ နဲ့ ၁၉၃၂ ခုနှစ်တွေမှာ ရွေးကောက်ပွဲတွေ ကျင်းပခဲ့ပေမယ့် ဆန္ဒမဲ ပေးခွင့်ရှိသူဦးရေ အလွန်နည်းပါးတယ်။ ၂၄ ရာခိုင်နှုန်း လောက်ပဲရှိတယ်။ အဲဒီတုန်းက အသက် (၁၈) နှစ် ပြည့်ရုံနဲ့ မဲပေးလို့မရဘူး။ သဿမေဓ အခွန် ၅ ကျပ်ဆောင်သူ ဖြစ်ရမယ်။ ဒါမှမဟုတ် အမြတ်တော်ခွန် ၄ ကျပ်ဆောင်သူ ဖြစ်ရမယ်။ ရွေးကောက်ပွဲကျင်းပပေးတယ်ဆိုပေမယ့် သူတို့ အုပ်စိုးမှု အခွန့်ရှည်အောင် ကျင်းပခဲ့ခြင်းသာဖြစ်တယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပထမအကြိမ် ပါလီမန် အထွေထွေရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ် ဇွန် ၁၂ ရက်ကနေ ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ၃ ရက်ခွဲပြီး ကျင်းပခဲ့တယ်။ ဒုတိယအကြိမ်ကို ၁၉၅၆ ဧပြီ ၂၇ ရက်မှာ ကျင်းပခဲ့တယ်။ တတိယအကြိမ်ကို ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက်မှာ ကျင်းပခဲ့တယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ဖို့ ပထမအကြိမ် ပြည်သူ့လွှတ်တော်နဲ့ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွေကို ၁၉၇၃ ခုနှစ်မှာ ကျင်းပခဲ့တယ်။ ၁၉၇၇ ခုနှစ်မှာ ဒုတိယအကြိမ်၊ ၁၉၈၁ ခုနှစ်မှာ တတိယ အကြိမ်နဲ့ ၁၉၈၅ ခုနှစ်မှာ စတုတ္ထအကြိမ် ကျင်းပခဲ့တယ်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူစဉ်ကာလ ၁၉၉၀ ပြည့်နှစ်မှာ ပါတီစုံအထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ၂၀၁၀ ခုနှစ်မှာ ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့တယ်။ ။

ပြည်တွင်းရေးရာ

# ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပညာရည်ပြည့်ဝသူများနှင့် ထူထောင်ကြရမည်



**နေပြည်တော် ဇူလိုင် ၄**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အောင်ချက် အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားများကို ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့၌ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်ပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားများသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကျောင်းများမှ ကျောင်းအုပ်ဆရာ/ ဆရာမကြီးများ၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် **(အပေါ်ယာပုံ)**က မိမိသည် ပျော်ဘွယ်နှင့် ရမည်းသင်းဒေသများ၌ ပညာရည်ထူးချွန်ဆုပေးအပ်ခြင်းနှင့် ကျောင်းအဆင့်မြှင့်တင်ခြင်း း စသည့်ပညာရေးအားပေးမှုများကို ၂၀၀၉ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်မှာ ယနေ့ထိ ဖြစ်ပါကြောင်း၊ နယ်မြေတစ်ခုအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရာတွင် ပညာရေး၊ ကျန်းမာရေးတို့ဖြင့် တည်ဆောက်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ဆင်းရဲနွမ်းပါးပညာသင်ထောက်ပံ့ကြေးဖောင်ဒေးရှင်းကို တည်ထောင်ပြီး ပညာသင်ဆုများကို လစဉ်ပေးအပ်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းများသည် ပညာရေးရည်မှန်းချက်အောင်မြင်ရန်အတွက်ပင် ဖြစ်ပါကြောင်း။

ပညာသင်ကြားခြင်း၏ရည်မှန်းချက်တွင် အသက်မွေးဝမ်းကျောင်းအလုပ်လုပ်ကိုင်နိုင်ရေးပါဝင်ပါကြောင်း၊ ပညာရေးတွင် မိမိတို့သားသမီး၊ တပည့်များ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးနှင့် မှန်ကန်သင့်လျော်သည့် လမ်းကြောင်းသို့ရောက်ရှိရန် မိဘနှင့်ဆရာများက စောင့်ကြည့် တည့်မတ်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒုတိယတစ်ချက်မှာ လူငယ်လူရွယ်များသည် အသိပညာနယ်ပယ်ကျယ်ဝန်းပြီး နိုင်ငံကြီးသားပီသကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံကြီးသားပီသရန် အတ္တနှင့်ပရ မျှတခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ စည်းကမ်းရှိခြင်း၊ စိတ်ဓာတ်ကောင်းမွန်ခြင်း စသည်တို့ပြည့်စုံကြရမည်ဖြစ်ပါကြောင်း၊ တစ်နည်းဆိုသော် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂစသည့် ဗလငါးတန်နှင့် ပြည့်စုံကြရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပညာရည်ပြည့်ဝသူများနှင့် ထူထောင်ကြရမည်ဖြစ်ပါကြောင်း၊ ရှေးဦးစွာ စာမတတ်သူပပျောက်ရေးကို ဆောင်ရွက်ခဲ့ကြရပါကြောင်း၊ ထို့အပြင် ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ကျောင်းနေနိုင်ရေးအတွက် မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက ဂရုစိုက်စောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်ရေးလုပ်ငန်းကိုလည်း စီမံပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ပေးခြင်းများသည် ဆင်းရဲမှုလျှော့ချရေးအတွက်လည်း အဓိကအရေးပါသည့် အခန်းကဏ္ဍများပင်ဖြစ်ပါကြောင်း၊ လူတိုင်းအခြေခံပညာတတ်မြောက်ရန်လိုအပ်ပြီး တတ်မြောက်သင့် တတ်မြောက်အပ်သည့် အတတ်ပညာ အသိပညာများကို အမှန်တကယ်တတ်မြောက်သိမြင်ပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ရန် လိုအပ်ပါကြောင်း။

အမျိုးသားပညာရေးဥပဒေကိုလည်း ပညာရှင်များ၊ကျောင်းသားများနှင့် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးဥပဒေကို စဉ်းစားရာတွင် ကမ္ဘာ့နိုင်ငံများနှင့်အဆင့်အတန်းမီရန်၊ မိမိတို့နိုင်ငံနှင့် သင့်လျော်ကိုက်ညီရန် အမျိုးမျိုးစဉ်းစားချင့်ချိန် ဆောင်ရွက်ကြရပါကြောင်း၊ မိခင်ပညာရေး ဥပဒေပြီးသည့်အခါ အခြေခံပညာဆိုင်ရာဥပဒေ၊ အဆင့်မြင့်ပညာဆိုင်ရာဥပဒေ၊ အသက်မွေးမှုဆိုင်ရာဥပဒေစသည့် ဥပဒေခွဲများကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးစနစ်သစ်အတွက် ရေရှည်မြော်တွေးပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ ဥပဒေများကိုလည်း လေ့လာထားကြရမည်ဖြစ်ပြီး မိမိတို့သားသမီးများ ပညာရည်တိုးတက်မြင့်မားရေးအတွက် အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ပါကြောင်း။

ဆရာ ဆရာမများအနေဖြင့်လည်း ပညာရေးဆိုင်ရာ စာအုပ်စာတမ်းများကို စနစ်တကျလေ့လာပြီး မိမိတို့ဝမ်းစာအဖြစ်ဖြည့်တင်းကာ မိမိတို့တပည့်များကို နည်းလမ်းမှန်ကန်စွာ ဖြန့်ဖြူးသင်ကြားပေးကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးဘတ်ဂျက်နှင့် ကျောင်းသားဦးရေကို အချိုးချပြီး နိုင်ငံ၏ ဘတ်ဂျက်အခြေအနေအရ သုံးသင့်သုံးထိုက်သည်များကို သုံးရမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမ ကောင်းများဖြစ်ရန် လေ့ကျင့်သင်ကြား ဆန်းစစ်ပေးရမည်ဖြစ်ပါကြောင်း၊ သင်ကြားသည့်ဘာသာရပ်နှင့် ဆရာဆရာမများ၏ ကျွမ်းကျင်မှုကိုက်ညီရန် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ချီးမြှင့်ရန်လည်း လိုအပ်ပါကြောင်း၊ ဥပဓိရုပ်မကောင်းသည့်ကျောင်းများနှင့် အန္တရာယ်ရှိသည့်ကျောင်းအဆောက်အအုံများကို နိုင်ငံတော်က ပြုပြင်ပေးလျက်ရှိပါကြောင်း။

သင်ကြားရေးကဏ္ဍတွင် နှုတ်ဖြင့်သင်ကြားပို့ချခြင်းထက် သရုပ်ပြခြင်းက ပိုမိုသိမြင်လွယ်ပြီး၊ သရုပ်ပြခြင်းထက် လက်တွေ့ဆောင်ရွက်စေခြင်းက ပိုမိုသိမြင်တတ်ကျွမ်းပါကြောင်း၊ ဘာသာရပ်တိုင်း၌ သင်ကြားခြင်း၊ သရုပ်ပြခြင်းများ၊ လက်တွေ့လုပ်ငန်းများအတွက် သင်ထောက်ကူပစ္စည်းများ လိုအပ်ပါကြောင်း၊ သိပ္ပံနှင့် ဝိဇ္ဇာနယ်ပယ်အသိအမြင်ကျယ်ဝန်းရန် အသက်အရွယ်အလိုက် ဖတ်သင့်ဖတ်ထိုက်သည့် စာပေများတည်ရှိရာ ကျောင်းစာကြည့်တိုက်များရှိရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများဖတ်ရှုရန် တိုက်တွန်းလမ်းညွှန်ပေးကြရမည်ဖြစ်ပါကြောင်း၊ ကျေးလက်စာကြည့်တိုက်များကိုလည်း ဆက်လက်ရှင်သန်နိုင်ရန် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရန် စာပေအသင်းများ ဖွဲ့စည်းတည်ထောင်ခြင်း၊ အသိပညာအတတ်ပညာများ ဖြန့်ဖြူးပေးနိုင်သည့် စာပေဟောပြောခြင်းများနှင့် စာဖတ်ဝိုင်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ ကမ်းနားလမ်းသစ်(ကွန်ကရစ်အမြန်လမ်း)တွင် ကုန်တင်ကားများမှာ ကုန်ပစ္စည်း အဆမတန်တင်ဆောင်ပြီး ကုန်များပေါ်တွင် လူစီးနင်းလိုက်ပါခြင်းကြောင့် အန္တရာယ်များဖြစ်ပေါ်လာနိုင်သည်ကို တွေ့ရသည်။**

[ဓာတ်ပုံ-ဖိုးခွား]

## ရန်ကုန်မြို့ဟိုတယ်နှစ်ခုတွင် ဗုံးပေါက်ကွဲမှု ပြစ်မှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းနှင့် ထောင်ဒဏ်ချမှတ်

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးနှစ်ခုတွင် ဗုံးပေါက်ခဲ့မှု၊ ဗုံးတွေ့ရှိမှုတို့ဖြင့် ဖမ်းဆီးတရားစွဲဆိုထားခြင်းခံရသော စောမြင့်လွင်(ခ)မောထအား ပေါက်ကွဲစေတတ်သော အရာဝတ္ထုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၄ အရအပြစ်ရှိကြောင်း ထင်ရှားသဖြင့် ထောင်ဒဏ်အနှစ် ၂၀ ကျခံစေရန် အနောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင် တရားသူကြီး(၂)ကလည်းကောင်း၊ ပေါက်ကွဲစေတတ်သော အရာဝတ္ထုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၃ အရ အပြစ်ရှိသဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းနှင့် ပုဒ်မ ၃၃၈ အရ ထောင်ဒဏ်ငါးနှစ်ကျခံစေရန် အနောက်ပိုင်းခရိုင်တရားရုံးတရားသူကြီး(၅)ကလည်းကောင်း ဇူလိုင် ၃ ရက်က အမိန့်ချမှတ်လိုက်သည်။

ယင်းအမှုတွင် ပေါက်ကွဲစေတတ်သော အရာဝတ္ထုများဆိုင်ရာအက်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၃၃၈တို့အရ စွဲချက်တင်ထားခြင်းခံရသော ရွှေဖူး ရွှေတူးဖော်ရေးကုမ္ပဏီပိုင်ရှင် မြဖူး(ခ)ဝင်းကိုကိုနှင့် ဦးညီ(ခ)ဇော်လတ်မော်တို့အား ပြစ်မှုကျူးလွန်ခြင်းမရှိသဖြင့် အပြီးအပြတ်လွှတ်လိုက်ကြောင်းတရားရုံးက အမိန့်ချမှတ်သည်။

မှုခင်းဖြစ်စဉ်မှာ လွန်ခဲ့သော ၂၀၁၃ ခုနှစ်က ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ ယခင်ကုန်သည်ကြီးများဟိုတယ်(ယခုဆူးလေရှန်ဂရီလာဟိုတယ်) ကိုးထပ်ရှိ အခန်း-၉၂၀ ရေချိုးခန်းရှိအိမ်သာအောက်တွင် ပေါက်ကွဲခဲ့ခြင်းကြောင့် အမေရိကန်အမျိုးသမီးတစ်ဦး၏ ဝဲဘက်ပေါင်၊ တင်ပါးနှင့် လက်ဖျံတို့တွင် စုတ်ပြဲဒဏ်ရာများရရှိခဲ့သည်။ ထို့ပြင် အလုံမြို့နယ်ရှိ ဝက်(စ်)တင်းပတ်(က်)စားသောက်ဆိုင်၌ မပေါက်ကွဲသေးသည့် ဗုံးတစ်လုံးတွေ့ရှိခဲ့မှုများဖြင့် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးတရားစွဲဆိုတင်ပို့မှုဖြစ်သည်။

ယင်းအမှုများနှင့်ပတ်သက်၍ စောမြင့်လွင်(ခ)မောထ က ၎င်းတစ်ဦးတည်း ကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့ပြီး တရားရုံးက ပြစ်ဒဏ်များကို သီးခြားကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **(၃၁)**

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၄ ။ ။**ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်ကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာဘက်မှ လားရှိုးမြို့ဘက်သို့ လီတာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၃၀ ကို သိမ်းဆည်းရမိသည်။

အလားတူ နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်တွင် လားရှိုးမြို့ဘက်မှ မန္တလေးမြို့ဘက်သို့ငြိမ်းချမ်း မောင်းနှင်လာသော “အားသစ်”မော်တော်ယာဉ်လိုင်း ထိုင်ခုံအမှတ်(၉)တွင် လိုက်ပါလာသူ ဇော်မင်းထွန်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ကွတ်ခိုင်မြို့မှ နောင်ချိုမြို့သို့ အိုက်စိုင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ဝ၆ ကီလို ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျပန်နိုင်ငံ NEC ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် ဆူမီတိုမို ကော်ပိုရေးရှင်းဥက္ကဋ္ဌတို့ သီးခြားစီ လာရောက်တွေ့ဆုံ



**တိုကျို ဇူလိုင် ၄**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံ NEC ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာ ဒေါက်တာ နိုဘူဟီရို အင်ဒို တို့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုသည့် Hotel New Otani ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(ယာပုံ)**

ထို့နောက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတနှင့် ဆူမီတိုမို ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာ ကာဇူအို အိုမိုရီတို့သည် Hotel New Otani ၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်-မြန်မာအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အမှာစကားပြောကြားစဉ်။** (ပြန်/ဆက်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား ဂျပန် - မြန်မာအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**တိုကျို ဇူလိုင် ၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် တိုကျိုမြို့ရှိ ခါဆူမိဂဆဲခိ အဆောက်အအုံ၌ ဂျပန် - မြန်မာအသင်းဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘဲ ဟိဒဲအိုနှင့် ဂျပန်နီပွန် ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာခါဝ တို့နှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဂျပန်-မြန်မာအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှဒေသအတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့်စပ်လျဉ်းသည့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အရေးပေါ်အစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၄**

အရှေ့တောင်အာရှဒေသအတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့်စပ်လျဉ်းသည့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အရေးပေါ်အစည်းအဝေး(EAMMTC)ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇူလိုင် ၂ ရက်က ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ ခေါင်းဆောင်သည့် ကိုယ်စားလှယ် ၈၀ ခန့် တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့ ပါဝင်သည့် ကိုယ်စားလှယ်ခုနစ်ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ အာမက်ဇာဟင်ဟာမီဒီက ဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက အရှေ့တောင်အာရှဒေသအတွင်း အထူးသဖြင့် မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများအား ထိခိုက်စေသည့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာသူများနှင့် စပ်လျဉ်းသောကိစ္စရပ်များနှင့် ပူးပေါင်းဖြေရှင်းရန် ရှေ့ဆက်ဆောင်ရွက်မည့်နည်းလမ်းများ၊ လုပ်ငန်းလမ်းစဉ်များကို လည်းကောင်း၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့် ဆက်နွှယ်ပေါ်ပေါက်သည့် လူကုန်ကူးမှု၊ လူမှောင်ခိုမှုကိစ္စရပ်များကို ပူးပေါင်းဖြေရှင်းရန်အတွက် မူဝါဒလမ်းစဉ်များ၊ ထောက်လှမ်းရေး သတင်းအချက်အလက်များဖလှယ်မှုမှတစ်ဆင့် ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် အခြားသော နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာပုံစံအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေး အထူးအဖွဲ့ ထူထောင်ပြီး လေ့လာဆန်းစစ်မှုများပြုလုပ်ရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ရန်ကိစ္စရပ်များ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာရာမှ ဒုက္ခကြုံရသူတို့အား လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စေတနာအလျောက် ထည့်ဝင်နိုင်သော အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ စီမံခန့်ခွဲမည့် ရန်ပုံငွေထူထောင်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် အထူးအဖွဲ့ဖွဲ့စည်းနိုင်ရန်အတွက် အာဆီယံခေါင်းဆောင်များထံသို့ ထောက်ခံတင်ပြကြရန်တို့ကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးအပြီးတွင် အစည်းအဝေးသဘာပတိ၏ ကြေညာချက်ကို ထုတ်ပြန်သည်။

ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့က မိမိပိုင်နက်နယ်မြေအတွင်း လှေစီးရွှေ့ပြောင်းသွားလာသူများအား တွေ့ရှိကယ်ဆယ်ခဲ့ရာမှ လူသားချင်းစာနာထောက်ထားသော အကူအညီများပံ့ပိုးပေးခြင်း၊ ယင်းရွှေ့ပြောင်းသွားလာသူများအား နိုင်ငံသားစိစစ်အတည်ပြုပြီး အိမ်နီးချင်းနိုင်ငံမှ နိုင်ငံသားအများစုအား စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်း၊ ဒုတိယသမ္မတ ဦးစီးသော အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ၊ ယင်း၏ လက်အောက်ခံအထူးအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစီးသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့၏ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးဖက်နိုင်ငံများမှလည်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အရေးယူဆောင်ရွက်မှု၊ တုံ့ပြန်ချက်တို့သည် နှစ်သက်ဖွယ်ရာဖြစ်ကြောင်း၊ ရွှေ့ပြောင်းသွားလာသူအများစုမှာ မြန်မာနိုင်ငံတစ်ခုတည်းသာမဟုတ်ဘဲ ဘင်္ဂလားပင်လယ်အော် နိုင်ငံအများအပြားမှ ထွက်ခွာလာကြကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများအပေါ် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များ၊ အရေးယူဆောင်ရွက်ချက်များကို အစည်းအဝေးတွင် ချပြဆွေးနွေးနိုင်ခဲ့သည့်အပြင် နိုင်ငံတကာ၏ စွပ်စွဲချက်များကို ချေပနိုင်ခဲ့သဖြင့် ယခုပြုလုပ်ခဲ့သောအစည်းအဝေးသည် အာဆီယံနိုင်ငံများ၏ အပြန်အလှန်ယုံကြည်မှုဖြစ်ထွန်းစေခဲ့သည့် အစည်းအဝေးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ





❖ **ရှေ့ဖုံးမှ**

ယခု ထိပ်သီးအစည်းအဝေးတွင် တိုကျိုမဟာဗျူဟာ(၂၀၁၅) ကိုချမှတ်နိုင်မည်ဖြစ်သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယင်း တိုကျိုမဟာဗျူဟာ(၂၀၁၅) သည် မဏ္ဍိုင်လေးရပ်တွင် ပူးပေါင်းဆောင်ရွက်မှုများအဖြစ် စက်မှုအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းသော မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မဲခေါင်ဒေသတွင်း နိုင်ငံများနှင့် သက်ဆိုင်သူများအကြား ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ထည့်သွင်းဖော်ပြထားပါကြောင်း။

စီးပွားရေးတိုးတက်မှုကို အမှန်တကယ်ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရှိရန် လိုအပ်ကြောင်း၊ နောင်လာမည့် သုံးနှစ်တာကာလအတွက် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကူညီထောက်ပံ့မှုများကို ယန်း ဘီလီယံ ၇၅၀ ပေးအပ်သွားရန် ဂျပန်အစိုးရက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက ဆုံးဖြတ်ခဲ့ခြင်းအတွက် ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများကို ကျင်းပခဲ့ပြီး လေးနိုင်ငံ အတူတကွပူးပေါင်းဆောင်ရွက်ဆဲလုပ်ငန်းများ၊ ရှေ့ဆက်မည့်အနာဂတ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များကို ထင်ဟပ်ဖော်ပြသည့် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါကြောင်း။

အလားတူ (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် နေပြည်တော်ကြေညာစာတမ်းနှင့် အက်မက်စ် လုပ်ငန်းအစီအစဉ် ၂၀၁၆-၂၀၁၈ တို့ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးမှ ထုတ်ပြန်သည့် ကြေညာချက်နှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်သည့် စာတမ်းများမှာ အလှူရှင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများက အကူအညီများ ပိုမိုရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရန်လည်း သဘောတူညီခဲ့ပါကြောင်း။

စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများက အတည်ပြုချမှတ်ခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ဂျပန်နိုင်ငံ၏ ပံ့ပိုးမှုများက များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

မဲခေါင်ဒေသပညာရေးကဏ္ဍဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် ရှမ်းပြည်နယ်တွင် မဲခေါင်တက္ကသိုလ်ဟု အမည်ပေးထားသည့် တက္ကသိုလ်တစ်ခု တည်ထောင်ရန် ရည်ရွယ်ထားပါကြောင်း၊ ယင်းတက္ကသိုလ်ထူထောင်နိုင်ခြင်းဖြင့် မဲခေါင်ဒေသရှိ နိုင်ငံများအကြား ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့လာနိုင်ကာ ဒေသဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်နောက်ပိုင်း မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးတွင် အဓိကဦးစားပေးဆောင်ရွက်စေလိုသည့် နယ်ပယ်သုံးခုဖြစ်သည့် လမ်းပန်းဆက်သွယ်မှုအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍများတွင် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့နှင့်အတူ ပူးပေါင်းပြီး မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်းသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ**(အပေါ်ပုံ)** မဲခေါင်-ဂျပန်အစည်းအဝေးသို့တက်ရောက်လာသည့် နိုင်ငံခေါင်းဆောင်များက အမှာစကားပြောကြားကြကာ သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်ဘောလုံးလက်ဆောင်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ မဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရဖွဲ့အကြီးအကဲများက ဘောလုံးပေါ်တွင် အမှတ်တရလက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာနိုင်ငံအလိုက် အသင်းအဖွဲ့ခေါင်းဆောင်များထံ ဘောလုံးများ လက်ဆောင်ပေးအပ်ခဲ့သည်။**(ဝဲပုံ)**

ယင်းနောက် မွန်းတည့် ၁၂ နာရီတွင် နိုင်ငံတော်သမ္မတသည် ဂျပန်စီးပွားရေးအသင်း(KEIDANREN) နှင့် ဂျပန်စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း(JCCI)က မဲခေါင်ဒေသခွဲနိုင်ငံများမှ ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

## အမ်းမြို့နယ်အတွင်းရှိ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့်လမ်းများအား ပြုပြင်လျက်ရှိ




**နေပြည်တော် ဇူလိုင် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်အဖွဲ့သည် ဇူလိုင် ၂ ရက်တွင် ရွှေအမ်းမြေရိပ်သာ၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရေဘေးသင့်ပြည်သူများ၏ လက်ရှိအခြေအနေများ၊ ကယ်ဆယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မူလနေရာများသို့ ပြန်လည်နေရာချထားမှုအခြေအနေများ၊ လတ်တလောနှင့် ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အမ်းမြို့နယ်၌ သဘာဝရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့သည့် စခန်းမော်ကျေးရွာသို့သွားရောက်၍ ကျေးရွာအတွင်းရှိ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ စခန်းမော်ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်းသို့သွားရောက်ကာ ရေဘေးသင့်ဒေသခံတိုင်းရင်းသားမိသားစု ၆၄ စုတို့အား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၃ ရက်တွင် ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် အမ်းမြို့နယ် ပျဉ်းတောရပ်ကွက် မြို့ဟောင်းနှင့် မြို့သစ်ဆက်သွယ်ထားသည့် ကတ္တရာလမ်းပြုပြင်နေမှုကို သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများ ပုံမှန်သွားလာနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးရာသီကာလ မြစ်သာမြစ်အရှေ့ဘက်ကမ်းကျေးရွာများ သွားလာရေးအတွက် စက်လှေများသာအားထားနေရ



**ကလေး ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မြစ်သာမြစ် အရှေ့ဘက်ကမ်းတွင်ရှိသောကျေးရွာများမှ ကလေးမြို့နှင့် ဆက်သွယ်သွားလာရာတွင် စက်လှေများကိုသာ အားထားနေရကြောင်း သိရသည်။

"မြစ်သာမြစ်အရှေ့ဘက်ကမ်းကျေးရွာတွေဖြစ်တဲ့ ဉယျာဉ်၊ ပေါက်တော၊ အင်းဒင်နွား ၊ကုက္ကိုလ်၊ လယ်ခြား၊ ရေရှင်၊ ကျောက်ပြုတ်စတဲ့ကျေးရွာတွေကနေ ကုန်ပစ္စည်းတွေဝယ်ပြီး မိမိကျေးရွာကိုပို့ပေးဖို့ဆိုရင် ရေကြောင်းကပိုအဆင်ပြေပါတယ်။ ကလေး-ဂန့်ဂေါလမ်းကနေပို့မယ်ဆိုရင် ကားခပေးရတယ်။ နောက်ပြီး မြစ်ကိုဖြတ်တဲ့အခါမှာလည်း စက်လှေခပေးရတယ်။ စက်လှေဆိပ်ကနေ ရွာကိုပို့တဲ့အခါမှာလည်း ပေးရပြန်တယ်။ ဒီလိုအဆင့်ဆင့်ပေးရတာတွေကြောင့် မိုးရာသီမှာ ကားလမ်းထက် ရေကြောင်းလမ်းက သယ်ယူပို့ဆောင်ရေးမှာပိုအဆင်ပြေပါတယ်"ဟု ဉယျာဉ်ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

ကလေးမြို့နယ် မြစ်သာမြစ်အရှေ့ဘက်ကမ်း ကျေးရွာများသည် လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် နောက်ကျနေပြီး မြို့နှင့်တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် မြစ်သာမြစ်ကူးတံတားများ ဆောက်လုပ်ပေးနိုင်ရေး ပြည်သူများက လိုလားနေကြကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

# စဥ့်ကိုင်တွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်း ၆၀ အဆင့်မြှင့်တင်ရေးဆွေးနွေး

**စဥ့်ကိုင် ဇူလိုင် ၄**

စဥ့်ကိုင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရေပေးဝေရေးလုပ်ငန်းများ၊ တံတားများနှင့် ရေပြွန်များတည်ဆောက်ခြင်း၊ မြို့ပြလမ်းနှင့်ကျေးလက်လမ်းများ ပြုပြင်ခြင်း၊ ပညာရေးကဏ္ဍမြှင့်တင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြှင့်တင်ခြင်းလုပ်ငန်းများနှင့် အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၆၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဇူလိုင် ၃ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆွေးနွေးခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အတွင်း ကဏ္ဍအလိုက်ဆောင်ရွက်မည့် လုပ်ငန်း ၆၀ကို အသေးစိတ်ဆွေးနွေးပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

# အနည်းဆုံးအခကြေးငွေ အဆိုပြုနှုန်းထားနှင့် စပ်လျဉ်းပြီး အလုပ်ရှင်၊ အလုပ်သမား အကောင်းဆုံးနည်းလမ်းဖြင့် ဖြေရှင်းရန်လို

သတင်းနှင့်ဓာတ်ပုံ
သီသီမင်း

**ရန်ကုန် ဇူလိုင် ၄**

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် အနည်းဆုံးအခကြေးငွေ အဆိုပြုနှုန်း တစ်ရက် ကျပ် ၃၆၀၀ နှင့် တစ်နာရီ ကျပ် ၄၅၀ နှုန်း သတ်မှတ်လိုက်ခြင်းအပေါ် မြန်မာနိုင်ငံ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်အပါအဝင် အဖွဲ့ ငါးခုမှ တစ်နေ့ ရှစ်နာရီ လုပ်အားခအဖြစ် အခြေခံလစာ ကျပ် ၃၆၀၀ နှင့်အတူ ခရီးစရိတ်၊ နေထိုင်စရိတ်၊ လုပ်ငန်းခွင် ပညာသင်ကြားနိုင်ခွင့်နှင့် လုပ်သက် အကျိုးခံစားခွင့်များကို နိုင်ငံတော်အစိုးရနှင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့ ကန့်ကွက်တောင်းဆိုသွားမည်ဖြစ်ကြောင်း ဇူလိုင် ၃ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ မြန်မာနိုင်ငံ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ရုံး၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"ကျပ် ၃၆၀၀ ပဲပေးပြီး အခြားခေါင်းစဉ်တွေမပါရင် အလုပ်သမားတစ်ဦးရဲ့ မိသားစုအခြေအနေကို ထည့်သွင်းတွက်ချက်ရန်ဆိုတဲ့အနည်းဆုံးအခကြေးငွေမှာ အခြေခံရမယ့်မူများနဲ့ ကင်းလွတ်သွားမှာဖြစ်တယ်။ မူလတောင်းဆိုချက်မှာ အနည်းဆုံးအခကြေးငွေကို တစ်နေ့ ကျပ် ၃၆၀၀ အပေါင်း ခရီးစရိတ်၊ လူမှုဖူလုံရေးခံစားခွင့်၊ နေထိုင်ခွင့်၊ နှစ်စဉ် နှစ်တိုးခံစားခွင့်တွေကို ဖြုတ်ထားမယ်ဆို ကျပ် ၃၆၀၀ ကိုလက်မခံပါဘူး"ဟု မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ ဦးအောင်လင်းကပြောသည်။

အလုပ်သမားများဘက်မှ အနိမ့်ဆုံးလုပ်ခလစာ ကျပ် ၄၀၀၀ မရရှိသည့်အတွက် ကော်မတီသို့ ကန့်ကွက်စာတင်ပြသွားမည့်အပြင် ကန့်ကွက်စာတင်သည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်နီအထည်ချုပ်စက်ရုံမှ လုပ်သား ကိုဖြိုးဝေအောင်က " ငွေကျပ် ၂၅၀၀ သတ်မှတ်မယ်ဆိုလက်မခံဘူး။ ကျွန်တော်တို့ကအနည်းဆုံးလုပ်ခလစာ ကျပ် ၄၀၀၀ လောက်ထိလိုချင်တယ်။ အများစုက ကျပ် ၃၆၀၀ ကို လက်ခံရင် ကျွန်တော်တို့လည်း လက်ခံရမှာပါ။ ကျပ် ၂၅၀၀ ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဘယ်အဖွဲ့အစည်းကမှလည်း လက်မခံဘူး"ဟု ပြောသည်။

"ကန့်ကွက်နိုင်တဲ့ အခွင့်အရေးက အလုပ်သမား တစ်ဦးချင်းစီတိုင်းမှာ ကိုယ်ပိုင်အခွင့်အရေးရှိပါတယ်။ တစ်ဦးချင်းကန့်ကွက်လို့ရပါတယ်။ အဆင်မပြေရင် ဥပဒေနဲ့အညီ ကန့်ကွက်ပါ။ ဒီလို ဥပဒေနဲ့အညီလုပ်တာကို အားပေးပါတယ်"ဟု ဦးအောင်လင်းက ပြောသည်။

အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂ ရက် က ပြုလုပ်ခဲ့သည့်အနိမ့်ဆုံးလုပ်ခ လစာ ကျပ် ၂၅၀၀ သတ်မှတ်ရေးဆွေးနွေးပွဲတွင် 



တက်ရောက်လာသည့် လုပ်ငန်းရှင်များက အနိမ့်ဆုံးလုပ်ခလစာ ကျပ် ၃၆၀၀ ပေးရမည်ဆိုပါက စက်ရုံများကို အနေးနှင့်အမြန် ပိတ်သိမ်းမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

ရွှေဇာမဏီ အထည်ချုပ်ပိုင်ရှင် ဦးကျော်မင်းထက်က "အခြေခံလုပ်ခလစာ သတ်မှတ်တာကို ကြိုဆိုတယ်။ သတ်မှတ်ရမယ်။ မသတ်မှတ်လို့မရဘူး။ ဒါပေမယ့်အခုချက်ချင်းကြီး ကျပ် ၃၆၀၀ လို့ဆွဲတင်လိုက်တာကို လုပ်ငန်းရှင်တွေက မပေးနိုင်တာ။ မပေးနိုင်ဘူးဆိုတာကလည်း ကျွန်တော်တို့မှာ အခက်အခဲတွေအများကြီးရှိတယ်" ဟုပြောသည်။

"ဒီနေ့ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင် ပူးပေါင်းပြီး ဖြေရှင်းတဲ့အနေအထားတစ်ခုကို သွားနေတာပါ။ သွားနေတဲ့လမ်းကြောင်းမှာ အကောင်းဆုံးဖြေရှင်းရမယ့်နည်းလမ်းတွေနဲ့သွားတဲ့ အခြေအနေမျိုးမှာ မပေးနိုင်လို့ စက်ရုံတွေပိတ်လိုက်မယ်၊ အလုပ်အကိုင်တွေမဲ့သွားမယ်ဆိုတဲ့ အပြုအမူမျိုးတော့ မလုပ်ပါနဲ့။ ကျွန်တော်တို့နိုင်ငံသားအလုပ်သမားတွေကို တန်ဖိုးထားပြီး အကောင်းဆုံး ဘယ်လိုဖြေရှင်းမလဲ၊ ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတဲ့ တုံ့ပြန်မှုမျိုးကို အလုပ်ရှင်တွေဘက်မှာ ရှိသင့်တယ်" ဟု ဦးအောင်လင်းကပြောသည်။

အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်လိုသည့်အဖွဲ့အစည်းသို့မဟုတ် လူပုဂ္ဂိုလ်သည် ၎င်းအဆိုပြု အနည်းဆုံး အခကြေးငွေထုတ်ပြန်သည့်နေ့မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း အနည်းဆုံးအခ ကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေ ကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ် ကော်မတီထံ ပေးပို့ရမည့်အပြင် မိတ္တူကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနရှိ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနသို့ ပေးပို့ရမည် ဖြစ်ကြောင်း သိရသည်။ ■

# လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲကြပါစို့ ...
(no)

# လျှင်အန္တရာယ်အကြောင်း ပညာပေးထားခြင်းမရှိပါက အန္တရာယ်ကြီးမားနိုင်

**မော်လမြိုင် ဇူလိုင် ၄**

လျှင်ဖြစ်ပွားမှု အခြေအနေနှင့် ပတ်သက်ပြီး ပြည်သူလူထုလိုက်နာလုပ်ဆောင်ရန် ကောင်းမွန်စွာ ပညာပေးထားခြင်းမရှိပါက အန္တရာယ်ကြီးမားနိုင်ကြောင်း SCG မှ ဒါရိုက်တာ မစ္စတာဝီးဂျက်က ဇူလိုင် ၂ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ အထက (၈) ၌ ကျင်းပခဲ့ သည့် ကျောင်းသားကျောင်းသူများအား လျှင်နှင့် ပတ်သက်သည့် သင်ထောက်ကူပစ္စည်းများ မိတ်ဆက်ပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် လျှင်နှင့်သက်ဆိုင်သည့်အကြောင်းအရာများ၊ ဘေးကင်းလုံခြုံမှုအတိုင်းအတာများ၊ အခြေခံအဆောက်အအုံ စစ်ဆေးခြင်းနှင့် လျှင်ဖြစ်ပွားပြီးနောက် အဆောက်အအုံများပြန်လည်တည်ဆောက်ခြင်းနှင့် လျှင်လှုပ်ခတ်မှုဖြစ်ပေါ်လာပါက အသက်ကယ်ဆယ်ရေး စသည့် ဗဟုသုတ အကြောင်းအရာများအား ရိုးရှင်းသော အဆင့်များဖြင့် ပျော်ရွှင်စရာကောင်းပြီး နားလည်ရလွယ်ကူသော ပုံဆွဲစာအုပ်များ၊ ရောင်စုံခဲတံအပါအဝင် သင်ထောက်ကူပစ္စည်း အစုံ ၅၀၀၀ နှင့် ကျောင်းခန်းအတွင်း ချိတ်ဆွဲရန် ပိုစတာ ၂၀၀၀ တို့အား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦးနှင့် ပြည်နယ် ပညာရေးမှူး ဦးမျိုးတင်အောင်တို့ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အာဆီယံဦးဆောင်လုပ်ငန်းစုကြီးဖြစ်သည့် SCG သည် လျှင်ဘေးအန္တရာယ်လုံခြုံရေးနှင့် ကြိုတင်ကာကွယ်မှု သင်ရိုးတစ်ခု၏ သီးခြားယူနစ်များအား ပညာရေးဌာနနှင့် ပူးပေါင်းကာ ရန်ကုန်နှင့် မော်လမြိုင်မြို့ရှိ ကျောင်းများသို့ ဖြန့်ဖြူးပေးခဲ့ပြီး လူငယ်ပညာပေးအစီအစဉ်မှတစ်ဆင့် သင်ခန်းစာများပြန်လည်မျှဝေခြင်းဖြင့် ဗဟုသုတများ တိုးပွားရန်ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ဆက်နေမင်းအောင်**

စာအုပ်စာပေ
လှူဒါန်းဆွေ

# တောင်သာမြို့နယ်ရှိ နှမ်းစိုက်ခင်းများ မိုးမရွာပါက ပျက်စီးနိုင်

**တောင်သာ ဇူလိုင် ၄**

မြေပဲကို အဓိကထားစိုက်ပျိုးသည့် တောင်သာမြို့နယ် ရွှေပြည်သစ်ကျေးရွာနေ တောင်သူများအနေဖြင့် မြေပဲရိတ်သိမ်းပြီး နောက်တစ်ကြိမ် ပဲစိုက်ပျိုးရန်အတွက် အဆင်သင့်မဖြစ်မီ ကြားသီးနှံတစ်ခုအဖြစ် နှမ်းစိုက်ပျိုးခြင်းကို ဆောင်ရွက်ကြရာ မိုးမရွာသည့်အတွက် စိုက်ပျိုးပြီး နှမ်းများ ပျက်စီးမည့်အနေအထားတွင် ရှိနေကြောင်း ယင်းကျေးရွာနေ ဦးစိုးသိန်းက ပြောသည်။

တစ်ဧကအတွက် ကုန်ကျစရိတ်မှာ ကျပ်ငါးသောင်းဝန်းကျင်ခန့်သာရှိသော်လည်း လုပ်အားနှင့် အချိန်ဆုံးရှုံးမှုများရှိကြောင်း၊ အစားထိုးသီးနှံ နှမ်းစိုက်ပျိုးခြင်းဖြင့် နောင်စိုက်မည့် ပဲစိုက်ပျိုးရန် ဆေးဖိုးနှင့် ကုန်ကျစရိတ်တို့ကို ရရှိခြင်း၊ ပဲစိုက်ချိန်မတိုင်မီ ယာစိုက်သူများ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိလျက်ရှိရာ အဓိကစိုက်ပျိုးသည့် မြေပဲမတိုင်မီတွင် စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများမှာ လာမည့် ၁၅ ရက်ခန့်တွင် မိုးမရွာပါက ဆုံးရှုံးမည်ဖြစ်သဖြင့် လက်ရှိအချိန်တွင် မိုးမျှော်နေရကြောင်း သိရသည်။

**ဖြိုးဝေ (ဆင်တဲ၀)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေး လူ ၈၀၀ ကျော်ဖြစ်ပွား ခြောက်ဦးသေဆုံး၊ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်အထူးလိုအပ်

**မုံရွာ ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့အပါအဝင် ၃၇ မြို့နယ်အနက် ၂၃ မြို့နယ်တွင် လူဦးရေ ၈၀၀ ကျော် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားပြီး ခြောက်ဦးထိသေဆုံးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ပြုစုထားသော စာရင်းများအရသိရသည်။ တစ်နိုင်ငံလုံးတွင်စစ်ကိုင်းတိုင်းဒေသကြီးသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအဆင့်(၆)နေရာတွင် ရောက်ရှိနေသောကြောင့် ဗဟိုပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေး ညွှန်ကြားရေးမှူး ဒေါက်တာသန္တာလွင်နှင့်အဖွဲ့သည် ဇူလိုင် ၂ ရက်က သွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေး၊ ကာကွယ်ရေးအတွက် ရောက်ရှိလာခဲ့သည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအတွက် ကုသရေး၊ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းတွေဆောင်ရွက်ဖို့၊ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် နေပြည်တော်ကနေ ဇူလိုင် ၂ ရက်ကတည်းက ရောက်ရှိလာကြတာပါ။ ကမ္ဘာ့နိုင်ငံတွေမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတာဟာ အပူပိုင်းနိုင်ငံတွေမှာများပါတယ်။ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေမှာ ဖြစ်ပွားမှုနှုန်းမြင့်မားပါတယ်။ ကမ္ဘာပေါ်မှာသွေးလွန်တုပ်ကွေးရောဂါဟာ ၁၉၅၅ ခုနှစ်ကတည်းကစတင်တွေ့ရှိခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်မှာအဆ ၂၀၀၀ ကျော်ပိုများလာပြီး နှစ်ပေါင်း ၆၀ အတွင်း ၂ ဒသမ ၂ သန်းအထိ ကူးစက်ဖြစ်ပွားနေပါတယ်။ ၂၀၁၃ ခုနှစ်က ကမ္ဘာမှာပြင်းပြင်းထန်ထန်လူဦးရေ ငါးသိန်းခန့် ဖြစ်ပွားခဲ့ပြီး ၁၂၀၀၀ လောက် သေဆုံးခဲ့ပါတယ်။ နှစ်စဉ်သန်း ၄၀၀ လောက် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံနေရပါတယ်။ မြန်မာနိုင်ငံမှာတော့ ၁၉၇၀ ခုနှစ်လောက်က ရန်ကုန်တိုင်းဒေသကြီးမှာ သွေးလွန်တုပ်ကွေးစတင်ဖြစ်ပွားပြီး ၁၉၇၄ ခုနှစ်နောက်ပိုင်းမှာ ရောဂါဖြစ်ပွားမှုကျယ်ပြန့်လာတယ်။ ယခုအခါမှာ ချင်းပြည်နယ်ကလွဲရင် ကျန်တဲ့နေရာအားလုံးမှာ သွေးလွန်တုပ်ကွေးဖြစ်ပွားနေပြီဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် နှစ်ဝက်ကာလမှာ မြန်မာနိုင်ငံမှာ သွေးလွန်တုပ်ကွေးရောဂါဟာ ပိုဆိုးလာတဲ့အတွက် ပြည်သူ့ကျန်းမာရေးဌာနတစ်ခုတည်းနဲ့ မဆောင်ရွက်နိုင်လို့ အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့၊ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ကြဖို့အတွက် လာရောက်ကြခြင်းဖြစ်ပါတယ်။ မိုးမကျခင်ကာလကတည်းက ယခုနှစ်သွေးလွန်တုပ်ကွေးဖြစ်နိုင်ခြေရှိ ဖြစ်ပွားအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်ဖို့ နှိုးဆော်ထားပြီးဖြစ်ပါတယ်။ လက်ရှိ ဇူလိုင် ၂ ရက်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုဟာ မြန်မာနိုင်ငံမှာ ဧရာဝတီတိုင်းဒေသကြီးက နံပါတ်တစ်၊ မွန်ပြည်နယ်က နှစ်၊ ရန်ကုန်တိုင်းဒေသကြီးက သုံး၊ မန္တလေးတိုင်းဒေသကြီးက လေး၊ တနင်္သာရီတိုင်းဒေသကြီးက ငါး၊ စစ်ကိုင်းတိုင်းဒေသကြီးက ခြောက်၊ ကရင်ပြည်နယ်က ခုနစ်အဖြစ် ရပ်တည်နေပါတယ်"ဟု ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သန္တာလွင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားနေသော ၂၃ မြို့နယ်အနက် ယခု လက်ရှိအထိ မုံရွာတွင် ၁၀၇ဦး၊ ဘုတလင်တွင် ၄၈ ဦး၊တန့်ဆည်တွင် ၂၀၁ ဦး၊ ရေဦးတွင် ၄၄ ဦး၊ ကနီတွင် ၄၄ဦး၊ ကန့်ဘလူတွင် ၅၇ဦး၊ ရွှေဘိုတွင် ၅၄ ဦးတို့ဖြင့် အများဆုံးဖြစ်ပွားလျက်ရှိရာ ဘုတလင်မြို့နယ်၊တန့်ဆည်မြို့နယ်တို့မှ နှစ်ဦးစီ၊ ရေဦးမြို့ နယ်၊ကနီမြို့နယ်တို့မှ တစ်ဦးစီ စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့ကြောင်းသိရသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုတွင် ၂၀၀၁ ခုနှစ်က ၉၅၀၊ ၂၀၀၂ ခုနှစ်က ၁၁၈၉ ဦး၊ ၂၀၀၃ ခုနှစ်က ၃၃၁ ဦး၊ ၂၀၀၄ ခုနှစ်က ၁၇၉ ဦး၊၂၀၀၅ခုနှစ်က ၁၃၆၅ ဦး၊ ၂၀၀၆ ခုနှစ်က ၁၉၂၇ ဦး၊ ၂၀၀၇ ခုနှစ်က ၅၉၁ဦး၊၂၀၀၈ ခုနှစ်က ၂၀၉၇ ဦး၊ ၂၀၀၉ ခုနှစ်က ၂၂၉၉ဦး၊ ၂၀၁၀ ခုနှစ်က ၁၅၂၀၊ ၂၀၁၁ခုနှစ်က ၁၃၆၁ဦး၊ ၂၀၁၂ ခုနှစ်က ၂၇၇ ဦး၊ ၂၀၁၃ ခုနှစ်က ၂၀၂၉ ဦး၊ ၂၀၁၄ ခုနှစ်က ၁၁၉၈ ဦးနှင့် ယခု ၂၀၁၅ ခုနှစ် ဇူလိုင် ၂ရက်အထိ ၈၀၀ ကျော်သွေးလွန်တုပ်ကွေးဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သေဆုံးမှု အနေဖြင့် ၂၀၀၁ခုနှစ်တွင် ၁၄ ဦးသေဆုံးပြီး ၂၀၀၂ ခုနှစ်တွင် ၁၀ဦး၊ ၂၀၀၃ခုနှစ်တွင် ၁၃ဦး၊၂၀၀၄ ခုနှစ်တွင် သေဆုံးသူမရှိဘဲ ၂၀၀၅ ခုနှစ် တွင် ၁၅ဦး၊ ၂၀၀၆ ခုနှစ်တွင် ၁၀ဦး၊၂၀၀၇ခုနှစ်တွင် ကိုးဦး၊ ၂၀၀၈ ခုနှစ်တွင် ၁၆ ဦး၊၂၀၀၉ ခုနှစ်တွင်ငါးဦး၊ ၂၀၁၀ခုနှစ်တွင် ရှစ်ဦး၊ ၂၀၁၁ ခုနှစ်တွင် ငါးဦး၊ ၂၀၁၂ ခုနှစ်တွင် နှစ်ဦး၊ ၂၀၁၃ခုနှစ်တွင် ၁၂ဦး၊ ၂၀၁၄ ခုနှစ်တွင်ငါးဦးနှင့် ၂၀၁၅ ခုနှစ်တွင် ယခုအချိန်ထိ ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသမီးငယ်လေးများက အက၊အလှတို့ဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး အမျိုးသမီးငယ် ၂၆ ဦးက လှယဉ်ကျေးမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေစဉ်။ **ဝင်းမောင်**

# ၁၅ နှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၁၆၃ ဘီလီယံထိ မြန်မာနိုင်ငံ ဆွဲဆောင်နိုင်မည်ဟု ယူအိုဘီဘဏ် ခန့်မှန်း

စင်ကာပူနိုင်ငံအခြေစိုက် ယူအိုဘီဘဏ် United Overseas Bank Group (UOB)၏ ဖောက်သည်ကုမ္ပဏီများက လာမည့်တစ်နှစ်အတွင်း မြန်မာနိုင်ငံရှိ စီမံကိန်းများ၌ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း Business Times တွင် ရေးသားထားသည်။ အဆိုပါဖောက်သည်ကုမ္ပဏီများတွင် ဟောင်ကောင်၊ စင်ကာပူနှင့်ထိုင်း အစရှိသော ဥရောပနှင့် အာရှတိုက်အခြေစိုက် နိုင်ငံစုံနှင့် ဒေသတွင်းကုမ္ပဏီများ ပါဝင်သည်။

ရင်းနှီးမြှုပ်နှံမှုများမှာ စက်ရုံများ၊ ဟိုတယ်များနှင့် အိမ်ခြံမြေလုပ်ငန်းများတွင် အဓိက ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ယူအိုဘီဘဏ်က စီမံကိန်းအသီးသီးအတွက် အရင်းအနှီးနှင့် ချေးငွေများ ထောက်ပံ့ပေးမည်ဖြစ်သည်။ ယူအိုဘီဘဏ်က မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသော ရေရှည်မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများ ထောက်ပံ့ပေးလိုကြောင်း၊ အခြေခံအဆောက်အအုံ၊ ထုတ်လုပ်ရေးနှင့် ခရီးသွားလုပ်ငန်း အစရှိသော ကဏ္ဍသုံးခုကို အလေးပေးသွားမည်ဖြစ်ကြောင်း ယူအိုဘီဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး အိုင်ယန်ဝေါင်က ပြောကြားသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံရှိသည့် စင်ကာပူနိုင်ငံမှာ မြန်မာနိုင်ငံ၌ တတိယပမာဏအများဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်သည်။

ယူအိုဘီဘဏ်၏ သုတေသနအချက်အလက်များအရ မြန်မာနိုင်ငံသည် ယင်း၏ စီးပွားရေးအသွင်ကူးပြောင်းမှုတွင် ပါဝင်လိုသော ကုမ္ပဏီများထံမှ လာမည့် ၁၅ နှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၆၃ ဘီလီယံ ဆွဲဆောင်နိုင်မည်ဟုဆိုသည်။ အဆိုပါ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ၇၅ ရာခိုင်နှုန်းမှာ အခြေခံအဆောက်အအုံကဏ္ဍတွင်လည်းကောင်း၊ ၁၃ ရာခိုင်နှုန်းမှာ ထုတ်လုပ်ရေးကဏ္ဍတွင်လည်းကောင်း၊ လေးရာခိုင်နှုန်းမှာ ခရီးသွားလုပ်ငန်းတွင်လည်းကောင်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမှာ နှစ်စဉ် ရှစ်ရာခိုင်နှုန်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ဂျီဒီပီမှာ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံရှိရာမှ ၂၀၃၀ ခုနှစ်ရောက်ပါက အမေရိကန်ဒေါ်လာ ၁၇၆ ဘီလီယံထိရှိလာမည်ဖြစ်သည်။ လက်ရှိ လူတစ်ဦးချင်းဝင်ငွေမှာလည်း အမေရိကန်ဒေါ်လာ ၁၉၉၉ မှ အမေရိကန်ဒေါ်လာ ၃၁၀၀ ထိ ရောက်ရှိမည်ဖြစ်ကြောင်း ယူအိုဘီဘဏ်က ခန့်မှန်းထားသည်။

ပြီးခဲ့သည့်နှစ်က ယူအိုဘီဘဏ်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးသော အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများအနက် စက်ရုံတစ်ခုကိုတည်ဆောက်ခဲ့သော အမေရိကန်အခြေစိုက် APR Energy အတွက် ငွေကြေးထောက်ပံ့ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် မွန်ပြည်နယ်၌ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်မည့် ပထမဆုံးသော စင်ကာပူကုမ္ပဏီဖြစ်သည့် Asiatech Energy သို့ ငွေကြေးအကူအညီများ ထောက်ပံ့ပေးလျက်ရှိသည်။

ယခုနှစ် ဧပြီလကလည်း ယူအိုဘီဘဏ်သည် ရန်ကုန်တိုင်းဒေသကြီး လှော်ကား၌ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရေးအတွက် ဂက်စ်အင်ဂျင်များဝယ်ယူရန် ကန်ထရိုက်တစ်ရပ်ရရှိထားသည့် စင်ကာပူအခြေစိုက် Royal GK Pte., Ltd. ကုမ္ပဏီနှင့် အခြားဘဏ္ဍာရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ် ချုပ်ဆိုခဲ့သည်။ ယူအိုဘီဘဏ်မှာ ပြီးခဲ့သည့် မေလက မြန်မာနိုင်ငံ၌ အတိုးနှုန်းသက်သာသောချေးငွေ ထုတ်ချေးသည့် ပထမဆုံးသောနိုင်ငံခြားဘဏ် ဖြစ်လာခဲ့သည်။ အဆိုပါချေးငွေကို ရန်ကုန်မြို့လယ်ရှိ ကိုလိုနီခေတ်အဆောက်အအုံဟောင်းတစ်လုံးအား အထပ်ငါးထပ်ပါ ဟိုတယ်တစ်လုံးအဖြစ် ပြင်ဆင်မွမ်းမံရန် ပြင်သစ်-မြန်မာ ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သော Rangoon Excelsior Company အား ငွေကြေးမတည်ပေးခြင်းဖြစ်သည်။

**(သုတ)**

■

# ရွှေပြည်သာ၌ အမိုးကြီးဈေး တည်ဆောက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် အခြေခံလူတန်းစားအများစုနေထိုင်သည့် ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက်တွင် ဆိုင်ခန်းပေါင်း ၂၈၈ ခန်းပါရှိမည့် Steel Structure တစ်ထပ်ဈေးရုံလေးရုံနှင့် ကားပါကင်၊ ပျံကျဈေး မြေနေရာပါဝင်သည့် အမိုးကြီးဈေးသစ်ကို ယခုနှစ်မကုန်မီ အပြီးတည်ဆောက်သွားမည်ဟု သိရသည်။

အမိုးကြီးဈေးကို ဧရိယာအကျယ် ပေ(၅၅၀×၄၀၀)ရှိ မြေကွက်လပ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန (အင်/ယာ-၂)က တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး ကားပါကင်နှင့် ပေ(၇၆×၆၀)တစ်ထပ်ဈေးရုံ လေးရုံ ပါဝင်မည်ဖြစ်သည်။ ကျန်ရှိဈေးတာဝန်ခံရုံး၊ အများသုံးသန့်စင်ခန်းနှင့် လိုအပ်သည့်အခြောသပ်လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဈေးရောင်းချသူ၊ ဝယ်ယူသူပြည်သူများ သွားလာရာတွင် အခက်အခဲမရှိစေရန် ဈေးအဝင်အဓိကလမ်းမကြီးများကို အကျယ် ၂၅ ပေနှင့် ဈေးဝင်အတွင်းလမ်းများကို အကျယ်ပေ ၂၀ ကွန်ကရစ်လမ်းများ ခင်းကျင်းပေးမည်ဖြစ်သည်။

လမ်းဘေးပျံကျဈေးသည် အများဆုံးရှိသည့် ရပ်ကွက်တွင် ယခုလို ဈေးသစ် တည်ဆောက်ပေးခြင်းဖြင့် ဈေးရောင်းချ၍ ဝမ်းစာအတွက် ရှာဖွေနေရသူအခြေခံပြည်သူများကို စည်းကမ်းတကျနှင့် အဆင့်အတန်းရှိရှိ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်က ပြောသည်။

"အမိုးကြီးဈေးဆိုတဲ့အမည်က စိန်စီဂုဏ်ရောင်လမ်းပေါ်မှာ ပျံကျဈေးဖြစ်တဲ့ အမိုးကြီးဈေးကို အစွဲပြုပြီး နာမည်ပေးထားတာလို့ ထင်ပါတယ်။ ဈေးသစ်ကြီး တည်ဆောက်ပြီးသွားလို့ ပျံကျဈေးဟောင်းက ဈေးသည်တွေက နဂိုအတိုင်းပဲ ရှိနေသေးမယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲ"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယာယီဈေးတာဝန်ခံ ဦးချစ်လွင်က "ကျွန်တော်တို့ဈေးဌာနက ဆိုင်ခန်းတွေ၊ ပျံကျနေရာတွေကို ရောင်းချတဲ့အခါမှာ အမှန်တကယ်ရောင်းချတဲ့ ဈေးသည်တွေကို ဦးစားပေးပြီးဆောင်ရွက်သွားမှာပါ။ ဘာလို့လဲဆိုတော့ မြို့နယ်မှာ အများဆုံးနေထိုင်ကြတဲ့ ပြည်သူတွေဟာ အခြေခံလူတန်းစားတွေကများနေလို့ပါ။ ငွေပိုငွေလျှံရှိတဲ့သူတွေက ဈေးမရောင်းဘဲ ဝယ်မယ်။ ပြီးတော့ သူတို့ အမြတ်ရအောင် ဈေးကစားမယ်။ ဒီလို ပြည်သူတွေကို သတ်မှတ်ချက်တွေနဲ့အညီ စိစစ်ပြီး အများအကျိုး ရှေးရှုပြီး လုပ်ဆောင်သွားမယ်"ဟုပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# သွေးလွန်တုပ်ကွေးကာကွယ်ရေး စုပေါင်းသန့်ရှင်းရေးလုပ်



**လှိုင်သာယာ ဇူလိုင် ၄**

သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး အထောက်အကူပြု ရှေးရှု၍ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အထက(၅)၌ ဇူလိုင် ၄ ရက် နံနက်ပိုင်းက ကျောင်းဝင်း/ကျောင်းပြင် ချုံနွယ်များနှင့် ရေစီး ရေလာကောင်းမွန်ရေး ရေနုတ်မြောင်းဆယ်ခြင်းကို လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး သန်းမြင့်ဦး ဦးဆောင်၍ အင်အား ၁၅၀ ကျော်ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

**သန်းထွန်း(လှိုင်သာယာ)**

## ကြေးမုံသတင်းစာ

ကြေးမုံသတင်းစာကို လပေးမှာယူဖတ်ရှုကြသည့် သတင်းစာဖတ်ပရိသတ် အဟောင်း/အသစ်များအား ကျေးဇူးအထူးတင်ရှိပါသည်။ သတင်းစာကိုဖတ်ရှုရာ၌ လိုအပ်ချက်များနှင့် အဆင်မပြေမှုများရှိပါက ဖုန်း-၀၉-၃၃၆၄၄၂၀၉ သို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

**(ကြေးမုံသတင်းစာတိုက် တာဝန်ခံ)**

# အခွင့်အရေးတန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုအပေါ် အခြေခံသည့် ဆွေးနွေးပွဲတစ်ရပ်လိုအပ်ကြောင်း အိုဘားမားအား ပူတင်ပြောကြား



မော်စကို ဇူလိုင် ၄

**တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုအပေါ် အခြေခံသည့် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ် အမေရိကန်ပြည်ထောင်စုနှင့်ကျင်းပရန် ဆန္ဒရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဇူလိုင် ၄ရက်တွင် ကျရောက်သည့် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့အခါသမယတွင် သမ္မတဘားရက်အိုဘားမားထံ ပေးပို့သည့်ဝမ်းမြောက်ကြောင်းသဝဏ်လွှာတွင် ရေးသားဖော်ပြထားသည်။**

အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့သည် ယူကရိန်းပဋိပက္ခ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဒီမိုကရေစီရေးစသည့် နယ်ပယ်များတွင် အမြင်ချင်းကွဲလွဲခဲ့သော်လည်း နှစ်နိုင်ငံ၏ဆက်ဆံရေးမှာ နိုင်ငံတကာ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးနယ်ပယ်များ အပါအဝင် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းပြဿနာများ ဖြေရှင်းနိုင်ရေးအတွက် အရေးပါလျက်ရှိကြောင်း သမ္မတပူတင်က အဆိုပါဝမ်းမြောက်ကြောင်း သဝဏ်လွှာတွင် ရေးသားဖော်ပြထားသည်ဟု ရုရှားသမ္မတအိမ်တော်က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အကယ်၍ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့အနေဖြင့် ၎င်းတို့၏ဆက်ဆံရေးကို နှစ်နိုင်ငံအကျိုးစီးပွားများအတွက် အခြေခံတန်းတူအခွင့်အရေးနှင့် အပြန်အလှန်လေးစားမှုအပေါ် အခြေခံပါက နိုင်ငံတကာရေးရာပြဿနာရပ်များကို အတူတကွ ဖြေရှင်းနိုင်မည်ဖြစ်သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှုများကိုလည်း အတူတကွ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း သမ္မတပူတင်က အခိုင်အမာရေးသားဖော်ပြခဲ့သည်ဟု သမ္မတအိမ်တော်က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

သို့သော် အဆိုပါထုတ်ပြန်ချက်တွင် အနောက်နိုင်ငံများက ယူကရိန်းအရေးအခင်းအပေါ် ရုရှား၏ အခန်းကဏ္ဍအပါအဝင် ၂၀၁၄ခုနှစ်က ခရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားနိုင်ငံ၏ကျူးကျော်မှုများနှင့်ပတ်သက်ပြီး ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့ခဲ့ခြင်းများနှင့်ပတ်သက်ပြီး အသေးစိတ်ဖော်ပြခြင်း မရှိပေ။ သမ္မတပူတင်၏ ယခုနှစ်သဝဏ်လွှာသည် ယမန်နှစ်က အိုဘားမားထံပေးပို့သည့် သဝဏ်လွှာနှင့် ဆိုလိုရင်းအဓိပ္ပာယ်မှာ အတူတူပင်ဖြစ်ကြောင်း သိရသည်။ **ရိုက်တာ။**

## ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲ အမေရိကန်သို့ လည်ပတ်မည်

**ဝါရှင်တန် ဇူလိုင် ၄**

နှစ်နိုင်ငံအကြား စစ်ကြီးပြီးဆုံးသည့် နှစ်(၄၀)မြောက်နှစ်ပတ်လည်အခါသမယတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တွေ့ဆုံရန်အတွက် ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲ ငုယင်ဖူသောင်သည် လာမည့် ရက်သတ္တပတ်တွင် အိမ်ဖြူတော်သို့ ပထမဆုံးအကြိမ် သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းရေပြင်ပိုက်နက် အငြင်းပွားမှုကြောင့် တင်းမာမှုများမြင့်တက်နေစဉ် စစ်အတွင်းရန်သူဟောင်း နှစ်ဦးအကြား ဆက်ဆံရေးခိုင်မာမှုကို ပြသသော သမိုင်းဝင်ခရီးစဉ်ဖြစ်သည်။

ငုယင်ဖူသောင်သည် အမေရိကန်ပြည်ထောင်စုနှင့် အိမ်ဖြူတော်သို့ သွားရောက်လည်ပတ်သော ပထမဆုံးဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဖြစ်လာမည်ဖြစ်သည်။

လွန်ခဲ့သည့် အနှစ်၂၀မှစ၍ ပုံမှန်ဖြစ်လာသောဆက်ဆံရေးတိုးမြှင့်ရန် နည်းလမ်းများအပါအဝင် အကြောင်းအရာများကို အိုဘားမားနှင့်ဖူသောင်တို့ ဇူလိုင် ၇ ရက်တွင် ဆွေးနွေးကြမည်ဖြစ်သည်။ **ရိုက်တာ။**




## ဖိလစ်ပိုင်နိုင်ငံ အီဂေးမုန်တိုင်းကြောင့် ခရီးသည် ၁၀၀၀ ကျော် သောင်တင်

မနီလာ ဇူလိုင် ၄

**ဖိလစ်ပိုင်နိုင်ငံတွင် အီဂေးမုန်တိုင်းတိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ ဆိပ်ကမ်းများတွင် ခရီးသည်အများအပြား သောင်တင်လျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ဆိုသည်။**

အဆိုပါမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံမြောက်ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်လျက်ရှိရာ ခရီးသည်ပေါင်း ၁၀၂၂ ဦးတို့သည် နိုင်ငံအတွင်းရှိဆိပ်ကမ်းများဖြစ်ကြသည့် ဆီဘူး၊ တက်ဘီလီရန်နှင့် ဒူမာဂူတီများတွင် သောင်တင်လျက်ရှိကြောင်း အမျိုးသားဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီကဆိုသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈ သန်းကျော်တန်ဖိုးရှိထောက်ပံ့ရေးပစ္စည်းများကို ရာသီဥတုဆိုးရွားမှုကြောင့် ရွှေ့ပြောင်းဒုက္ခသည်များအတွက် ထောက်ပံ့ပေးရန်ပြင်ဆင်လျက်ရှိကြောင်း လူမှုကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနက ပြောကြားသည်။

အီဂေးမုန်တိုင်းသည် နိုင်ငံ၏မြောက်ဘက်ပိုင်း လူဇွန်ကျွန်းသို့ တစ်နာရီ ၉၅ မှ ၁၂၀ ကီလိုမီတာနှုန်းဖြင့် ဦးတည်တိုက်ခတ်လျက်ရှိကြောင်း ရာသီဥတုခန့်မှန်းရေးအေဂျင်စီက ဆိုသည်။ **ဆင်ဟွာ။**

## အီဂျစ်မှ အိုင်အက်စ်အဖွဲ့ခွဲ အစ္စရေးကို ဒုံးကျည်ဖြင့် ပစ်ခတ်

**တဲလ်အဗစ် ဇူလိုင် ၄**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်မှ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်သုံးစင်း ပစ်လွှတ်ခဲ့ကြောင်း အိုင်အက်စ် အဖွဲ့ခွဲတစ်ခုက ယနေ့ ပြောကြားသည်။

အစ္စရေးနိုင်ငံက အီဂျစ်တပ်မတော်ကို ထောက်ခံသည့်အတွက် တုံ့ပြန်သည့်အနေဖြင့် ယင်းသို့ ပစ်ခတ်ခြင်းဖြစ်ကြောင်း ဆိုင်းနိုင်းပြည်နယ်ဟု အမည်ပေးထားသည့် အိုက်အက်စ်အဖွဲ့ခွဲက ပြောသည်။ နိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်နှစ်စင်း ကျရောက်ခဲ့ကြောင်း၊ လူအသေအပျောက်နှင့် ထိခိုက်မှုမရှိသကဲ့သို့ အဆောက်အအုံများလည်း ပျက်စီးခြင်းမရှိကြောင်း အစ္စရေးက ပြောသည်။

ဆိုင်းနိုင်းမြောက်ပိုင်းတွင် ဇူလိုင် ၁ ရက်ကတည်းကစ၍ တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ အနည်းဆုံးအီဂျစ် တပ်ဖွဲ့ဝင် ၁၇ ဦးနှင့် အိုင်အက်စ်စစ်သွေးကြွ ၁၀၀ သေဆုံးခဲ့သည်။ ဂါဇာကို အုပ်ချုပ်လျက်ရှိသော ဟားမတ်စ်အဖွဲ့က ဆိုင်းနိုင်း ပြည်နယ် အိုက်အက်စ်အဖွဲ့ခွဲကို အထောက်အကူပေးလျက်ရှိသည်ဟု အစ္စရေးက စွပ်စွဲသည်။ ပါလက်စတိုင်းအုပ်စုက မဟုတ်မှန်ကြောင်း ငြင်းဆိုသည်။

အစ္စရေးနိုင်ငံသည် အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်နှင့်မိုင် ၁၅၀ နယ်စပ်ချင်း ထိစပ်လျက်ရှိသည်။ **ရိုက်တာ။**

## အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကြောင့် အမေရိကန်လွတ်လပ်ရေးနေ့တွင် လုံခြုံရေးတပ်လှန့်ခဲ့ရ




**နယူးယောက် ဇူလိုင် ၄**

အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ခြိမ်းခြောက်မှုကြောင့် ယနေ့ကျရောက်သည့် အမေရိကန် ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့၌ နိုင်ငံတစ်ဝန်းလုံးတွင် လုံခြုံရေးတပ်လှန့်ထားပြီး အများပြည်သူများအနေဖြင့် အထူးသတိဝီရိယရှိစွာ သွားလာကြရန် နှိုးဆော်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)၊ အမိမြေ လုံခြုံရေးဌာနနှင့် အမျိုးသားအကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဌာနများက ဇူလိုင် ၄ ရက် လွတ်လပ်ရေးနေ့ အခါသမယအတွင်း အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် မြင့်တက်လာနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ခဲ့ကြသည်။

နယူးယောက်ပြည်နယ်၌ ဇူလိုင် ၄ ရက်တွင် ကျင်းပသည့် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများကို လုံခြုံရေးဆိုင်ရာ စက်ကိရိယာများ တပ်ဆင်စောင့်ကြည့်ခဲ့သည်။

နယူးယောက်ပြည်နယ်သည်အကြမ်းဖက်သမားတို့၏ ထိပ်တန်းပစ်မှတ်အဖြစ် တည်ရှိနေသည်ကို မိမိတို့ အလေးအနက်သတိထားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အင်ဒရူးကျူမိုက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၏ မြို့တော်ဝါရှင်တန် အပါအဝင် အခြားအဓိကမြို့ကြီးများ၌လည်း လုံခြုံရေး အစောင့်အကြပ်များ ထူထပ်စွာ ချထားခဲ့သည်။

၎င်းတို့နိုင်ငံ၊ ၎င်းတို့၏ ဥပဒေဘက်တော်သားများနှင့် ၎င်းတို့၏ စစ်ဘက်တွင် ခြိမ်းခြောက်မှုများ ခံရလျက်ရှိကြောင်း၊ ထို့ကြောင့် ထိုခြိမ်းခြောက်မှုများကို သတိကြီးစွာကိုင်တွယ်ခဲ့ရကြောင်း၊ အမေရိကန် ပန်းဥယျာဉ်များဆိုင်ရာ လုံခြုံရေးရဲတပ်ဖွဲ့ အကြီးအကဲ ရောဘတ်မက်ကလန်းက ပြောကြားသည်။

**ရိုက်တာ။**



# ဗီလျံညီအစ်မ တွေ့ဆုံကြရတော့မည့် ဝင်ဘယ်လ်ဒန်အိုးပင်း

မေလွဲ့သင်း ရေးသားသည်

လက်ရှိကမ္ဘာ့အဆင့်(၁) ဆရီနာဗီလျံဟာ တစ်နှစ်အတွင်း ဂရင်းစလင်းဖလားလေးလုံးစလုံးကို သိမ်းပိုက်ဖို့ ဆန္ဒရှိနေသူဖြစ်ပြီး အခုဝင်ဘယ်လ်ဒန်အိုးပင်း စတုတ္ထအဆင့်ကိုအရောက်မှာတော့ အစ်မဖြစ်သူ ဗီးနပ်စ်ဗီလျံနဲ့ ထိပ်တိုက်တွေ့ဆုံယှဉ်ပြိုင်ရတော့မှာပါ။ ဒါကြောင့် ဆရီနာအနေနဲ့ တစ်နှစ်အတွင်း ဂရင်းစလင်းဖလားတွေအကုန်လုံးသိမ်းပိုက်ဖို့ဆိုရင် အစ်မဖြစ်သူ ဗီးနပ်စ်ကို အရင်ဆုံးကျော်ဖြတ်ဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။

ဒါပေမယ့်အခုတွေ့ဆုံမှုက ဒီဗီလျံညီအစ်မနှစ်ဦးအတွက် ထူးဆန်းတဲ့ကိစ္စရပ်မဟုတ်တော့ဘဲ ယခင်ကလည်း စုစုပေါင်း ၂၅ ကြိမ် ပြိုင်ဘက်တွေအဖြစ် ရင်ဆိုင်ခဲ့ရာမှာ ဆရီနာက ၁၄ ကြိမ်၊ ဗီးနပ်စ်က ၁၁ ကြိမ်အသီးသီး အနိုင်ရရှိပါတယ်။ ၂၀၁၄ ဩဂုတ် ၉ ရက်က ယှဉ်ပြိုင်ခဲ့တဲ့ ရိုဂျာဖလားအကြိုဗိုလ်လုပွဲမှာ သူတို့နှစ်ဦး နောက်ဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ရာမှာ ဗီးနပ်စ်က အနိုင်ရရှိခဲ့ပါတယ်။

ဗီလျံညီအစ်မဟာ ၂၀၀၈ နဲ့ ၂၀၀၉ ဝင်ဘယ်လ်ဒန်အိုးပင်း နောက်ဆုံးဗိုလ်လုပွဲမှာ နှစ်နှစ်ဆက်တိုက်တွေ့ဆုံခဲ့ပြီး တစ်ယောက်တစ်လှည့်စီ အနိုင်ယူထားနိုင်ခဲ့ပါတယ်။ ဆရီနာက ကမ္ဘာ့အဆင့်(၁)နေရာကို ရောက်ရှိနေသလို လက်ရှိ အနေအထားအရ အမျိုးသမီးတင်းနစ်လောကမှာ သူ့ကိုယှဉ်နိုင်တဲ့သူဆိုတာ မရှိသလောက်ပါပဲ။ ကျင်းပပြီးစီးခဲ့တဲ့ ဂရင်းစလင်းပြိုင်ပွဲနှစ်ရပ် စလုံးမှာ ဗိုလ်စွဲထားနိုင်ခဲ့ပြီး အခုဝင်ဘယ်လ်ဒန် အိုးပင်းကို သူ့အတွက် ၂၁ ကြိမ်မြောက် ဂရင်းစလင်းဆုအဖြစ် အရယူမယ်လို့ ပြိုင်ပွဲမတိုင်မီ ကတည်းက ပြောကြားထားခဲ့သူပါ။

"ကျွန်မတို့နှစ်ယောက် စလုံး ပြိုင်ဘက်တွေအဖြစ် တွေ့ဆုံတိုင်းမှာ တစ်ယောက်ကိုတစ်ယောက် လေးလေးစားစားနဲ့ ယှဉ်ပြိုင်ခဲ့ကြတာချည်းပါပဲ။ ငယ်ငယ်ကတည်းက အတူတူ လေ့ကျင့်သင်ကြားခဲ့ကြသူတွေဆိုတော့ တစ်ယောက်နဲ့ တစ်ယောက်ကြား အမှတ်တစ်မှတ် အသာရဖို့ဆိုတာတောင် မလွယ်ပါဘူး" လို့ ဗီးနပ်စ်က ဆိုခဲ့ပါတယ်။

ထူးခြားတာတစ်ခုကတော့ နှစ်ဦးစလုံးဟာ ကမ္ဘာ့အဆင့်(၁)နေရာကို ရယူနိုင်ခဲ့ကြပြီး ဗီးနပ်စ်က ၂၀၀၂ ဖေဖော်ဝါရီလကစပြီး ၁၁ ပတ်ကြာအောင် ထိပ်ဆုံးအဆင့်မှာ ရပ်တည်နေနိုင်ခဲ့သလို ဆရီနာကတော့ ရက်သတ္တပတ်ပေါင်း ၂၀၀ ကျော်တိုင်အောင် ယခုအချိန်ထိ ကမ္ဘာ့အဆင့်(၁)နေရာကို ထိန်းသိမ်းထားနိုင်ဆဲဖြစ်ပါတယ်။

ဗီးနပ်စ်က လက်ရှိကမ္ဘာ့အဆင့်(၁၁) နေရာမှာ ရပ်တည်နေပြီး ဇူလိုင် ၆ ရက်မှာ ဗီလျံညီအစ်မနှစ်ဦး ထိပ်တိုက် တွေ့ဆုံမှုကို ပရိသတ်တွေ ကြည့်ရှုရတော့မှာ ဖြစ်ပါတယ်။

❒❒

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် မန္တလေးတွင် ကျင်းပမည်

**မန္တလေး ဇူလိုင် ၄**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ် ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း *(Myanmar PGA)* တို့ကြီးမှူး၍ ကမ္ဘောဇဘဏ်လီမိတက်မှ အဓိက ကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်ကို ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်အထိ မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား *(Handicap 0-12)* အဆင့်ရှိသူများနှင့် အမျိုးသမီး *(Handicap 0-24)* ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး *R&A (Rules Limited St. Andrew)* ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကစားသမားများသည် ပြိုင်ပွဲတွင် အသုံးပြုခွင့် *(Conforming)* ရရှိထားသော ဂေါက်တုတ်များဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် ဖြစ်သည်။

ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် အပျော်တမ်းအမျိုးသမီးဂေါက်သီး အားကစားမောင်မယ်များသည် ဇူလိုင် ၂၁ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အပျော်တမ်းအဆင့် အမျိုးသားများအတွက် လူဦးရေ ကန့်သတ်ထားသောကြောင့် လက်ရည်စစ်ပြိုင်ပွဲအား ဇူလိုင် ၂၀ ရက်တွင် ပြုလုပ်မည်ဖြစ်ကာ ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ဖုန်း- ၀၉ -၂၀၃၇၆၇၁၊ ၀၉ ၂၆၂၅၅၂၄၅၂၊ ၀၉- ၂၅၄၇၂၅၀၈၁ နှင့် ပြိုင်ပွဲကျင်းပမည့် ရေတံခွန်တောင်ဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များ သွားလာရေး အဆင်ပြေစေရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ဇွန် ၁၉ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအနေဖြင့် *Professional* ကစားသမားများအတွက် ငွေကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့်အမျိုးသမီးများအတွက် ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။ **[ဖိုးသော်ဇင်]**

# ယူရို သန်း ၁၇၀ အထိ သုံးစွဲကာ မူလာ အား ခေါ်ယူရန် မန်ယူ ဆွေးနွေး

မန်ယူအသင်းအနေဖြင့် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ဘိုင်ယန်တောင်ပံတိုက်စစ်မှူး မူလာအား အရခေါ်ယူနိုင်ရန် ယူရိုသန်း ၁၇၀ အထိသုံးစွဲရန်အသင့်ရှိနေသည်။ မန်ယူနည်းပြ ဗန်ဟားလ်၊ အလုပ်အမှုဆောင် ဝုဒ်ဝါ့ဒ်နှင့် အခြားတာဝန်ရှိသူအားလုံးတို့သည် ယခုနွေကာလကစားသမား အဝင်/အထွက်ကိစ္စရပ်များနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်သွားမည်ကို ဇူလိုင် ၃ ရက်က အပြီးသတ်ဆွေးနွေးခဲ့ကြသည်။

မန်ယူသည် ပြီးခဲ့သည့် ဆောင်းကာလအပြောင်းအရွှေ့ကတည်းက ဒေါ့မွန် နောက်ခံလူဟမ်းမဲလ်နှင့် ဘိုင်ယန်တောင်ပံတိုက်စစ်မှူး မူလာတို့အားခေါ်ယူရန် ကြိုးပမ်းခဲ့ သော်လည်း ဖြစ်မြောက်ခြင်းမရှိခဲ့ဘဲ ယခုအပြောင်းအရွှေ့ကာလအရောက်တွင် ပိုမိုမြင့်မား သော နှုန်းထားဖြင့် ထပ်မံကမ်းလှမ်းလာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ၌ ဘာစီလိုနာအားသုံးဂိုးပြတ်ဖြင့်အရေးနိမ့်ခဲ့သော ပွဲတွင် မူလာနှင့် ဘိုင်ယန်နည်းပြဂွါဒီယိုလာတို့အကြား ဆက်ဆံရေးအခြေအနေ တဖြည်းဖြည်း ယိုယွင်းလာမှုကို ဘောလုံးပရိသတ်များ အထင်အရှားမြင်တွေ့ခဲ့ကြရသည်။ ဗန်ဟားလ်ကလည်း မူလာ၏ကစားပုံကို အထူးသဘောကျနှစ်သက်သူဖြစ်ပြီး တောင်ပံနှင့် ဗဟိုတိုက်စစ်နှစ်နေရာ စလုံးတွင် ကစားနိုင်သော ကစားသမားမျိုးမှာ တိုက်စစ်ပြဿနာနှင့်ရင်ဆိုင်နေရသော မန်ယူအတွက် မဖြစ်မနေလိုအပ်နေသည်။

မန်ယူက မူလာအတွက် ပြောင်းရွှေ့ကြေး ပေါင် ၄၅ သန်းဖြင့် ကနဦးကမ်းလှမ်းမှုပြုခဲ့သော်လည်း ဘိုင်ယန်ဘက်က ချက်ချင်းပင် ပယ်ချခဲ့သည်။ ဂျာမနီ တောင်ပံတိုက်စစ်မှူးကို မန်ယူအပြင် အခြား ပရီမီယာလိဂ် အသင်းကြီးများဖြစ်သော အာဆင်နယ်နှင့် လီဗာပူးတို့ကလည်း အလိုရှိနေသော်လည်း မန်ယူနည်းပြ ဗန်ဟားလ်နှင့် မူလာတို့၏ ရင်းနှီးသော ဆက်ဆံရေးက အိုးထရက်ဖို့ဒ်ကိုရောက်ရှိရန် ပိုမိုအလေးသာသော အခြေအနေကို ရောက်ရှိစေနိုင်သည်။







# ဂါလာတာစာရေးသို့ ပိုဒေါစကီး ပြောင်းရွှေ့မည်

နည်းပြအာစင်ဝင်းဂါးက တိုက်စစ်မှူး ပိုဒေါစကီးကို အာဆင်နယ်တွင် ဆက်လက်ရှိနေစေရန်ကြိုးပမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က အင်္ဂလန်ကလပ်မှပြောင်းရွှေ့ရန် ဂါလာတာစာရေးအသင်းနှင့် ဇူလိုင် ၄ရက်တွင် ဆေးစစ်မှုခံယူခဲ့သည်။ ပိုဒေါစကီးသည် အာဆင်နယ်တွင် အရန်ကစားသမားအဖြစ်သာ အချိန်ကုန်နေရပြီး ပြီးခဲ့သည့်ဆောင်းရာသီအပြောင်းအရွှေ့ဈေးကွက်တွင် အင်တာသို့ အငှားဖြင့်သွားရောက်ကစားခဲ့သော်လည်း ပုံမှန်ခြေစွမ်းအောက်မှာပင် ရှုန်းကန်နေခဲ့ရသည်။

ပိုဒေါစကီးသည် ၂၀၁၆ ဥရောပဖလားပြိုင်ပွဲ၌ ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ဝင်ရောက်ကစားလိုသောကြောင့် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိနိုင်မည့် အသင်းတစ်သင်းသို့ပြောင်းရွှေ့ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဝင်းဂါးကလည်း ပိုဒေါစကီးအား အာဆင်နယ်မှ ထွက်ခွာခွင့်ပေးရန်ဆန္ဒမရှိသော်လည်း ပွဲထွက်နေရာအတွက် အာမခံချက်ပေးနိုင်ခြင်း မရှိသောကြောင့် ဂါလာတာစာရေးသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

## အားကစားလောက သတင်းတိုများ

- **မန်ယူက ရီးယဲလ်ဘက်မှ နောက်ခံလူရာမို့စ်ကိုမရောင်းချဘဲ မန်ယူဂိုးသမားဒီဂီယာအားခေါ်ယူရန် လုံးဝမျှော်လင့်ချက်ရှိမည်မဟုတ်ဟု သတိပေးပြောကြားခဲ့သည်။**
- အက်သလက်တီကိုအသင်းသည် ဘာစီလိုနာသို့ပြောင်းရွှေ့သွားသည့် ကွင်းလယ်လူအာဒါတူရန်နေရာတွင် အစားထိုးရန် အာဆင်နယ်ကစားသမား ကာဇိုလာအား အလိုရှိနေသည်။
- **ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဂွါဒရာဒို၏ အေးဂျင့်ဖြစ်သူအား အဆိုပါကစားသမားအတွက် ကလပ်အသင်းသစ်တစ်ခု ရှာဖွေရန် ပြောဆိုခဲ့ပြီးနောက် ချယ်လ်ဆီး၏ ရောင်းချမည့် ကစားသမားစာရင်း၌ ဂွါဒရာဒို ပါဝင်လာခဲ့ခြင်းဖြစ်သည်။**
- ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုသည် ယခင်ရရှိနေသော တစ်ပတ် လုပ်ခပေါင် ၂၈၅၀၀၀ ၏ထက်ဝက်လျှော့ယူကာ ချယ်လ်ဆီးသို့ အငှားဖြင့်ပြောင်းရွှေ့လာခဲ့သည်။
- **ရီးယဲလ်နောက်ခံလူရာမို့စ်က ကလပ်အသင်းအနေဖြင့် ၎င်းအတွက် ပြောင်းရွှေ့ကြေးမည်မျှပင် အလိုရှိနေသည်ဖြစ်စေ မန်ယူသို့သွားရောက်ကစားမည့် ဆုံးဖြတ်ချက်ကို ယတိပြတ်ချမှတ်ပြီးဖြစ်သည်ဟု ဆိုခဲ့သည်။**
- လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာက ဘရာဇီးဘောလုံးအကယ်ဒမီမှ အသက်(၁၈)နှစ်အရွယ် အလန်အားခေါ်ယူရန် စောင့်ကြည့်နေပြီး အကယ်၍ အပြီးသတ်ခေါ်ယူလိုလျှင် ပြောင်းရွှေ့ကြေး ပေါင် ၅၀၀၀၀၀ ဝန်းကျင်ခန့်အသုံးပြုသွားရမည်ဖြစ်သည်။
- **ဆီဗီလာတိုက်စစ်မှူးကားလို့စ်ဘက်ကာက အေစီမီလန်သည် ကမ္ဘာ့အကောင်းဆုံးကလပ်အသင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။**

# ဆာရာနိုက်ဆေးရည်သောက်သည့် မိသားစု သုံးဦး သေဆုံး

**ရမည်းသင်း ဇူလိုင် ၄**

ရမည်းသင်းမြို့နယ် အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ အင်တိုင်းအုပ်စု သပြေပင်ကျေးရွာ ထိုက်စံလုပ်ကွက်ဟောင်းတွင် အမျိုးသားတစ်ဦးနှင့် ကလေးနှစ်ဦး အဆိပ်သောက်သေဆုံးသွားမှု ဇူလိုင် ၂ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သပြေပင်ကျေးရွာ ထိုက်စံလုပ်ကွက်ဟောင်း မြေစိုက်တဲငယ်တွင် ဇော်မင်းဌေး (၄၂) နှစ်နှင့်အတူ ၎င်း၏သားအေးဇော် နိုင်(၁၁)နှစ်နှင့် သမီးမစန္ဒာဝင်းထွန်း(၇) နှစ်တို့သည် ရွှေချက်ရာတွင်အသုံးပြုသော ဆာရာနိုက်ဆေးရည် သောက်ခဲ့ကြရာမှ တဲပေါ်၌ မိသားစုသုံးဦးစလုံး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၁၅)**

## မူးယစ်ကင်းစင် အောင်ပွဲဆင်

# တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ပုသိမ် ဇူလိုင် ၄**

သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး စောထူးရာနှင့်အဖွဲ့၊ လှေကြီးတက် အဆင့်မြင့်စက္ကူစက်ရုံရဲကင်းမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦးပါဝင်သောပူးပေါင်းအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာ ဆိပ်ကမ်း၌ ဇူလိုင် ၁ရက် နံနက်ပိုင်းက တရားမဝင်သစ်များ လုပ်ကိုင်နေကြောင်း သတင်းအရ စစ်ဆေးရာ ဒေါ်ညွန့်ညွန့်ဟန် (၄၈)နှစ် လှေကြီးတက်ကျေးရွာ သာပေါင်းမြို့နယ်နေသူပိုင် တောင်သရက်ခွဲသား ၁၇ချောင်း( ၁ ဒသမ ၆၀၈၈ တန်)နှင့် တစ်ရွာတည်းနေ ဒေါ်ဘေဘီ (ခ)ဒေါ်စန်းစန်းမော် (၄၀)နှစ်ပိုင် တောင်သရက်ခွဲသား ၁၅ ချောင်း(၁ ဒသမ ၄၆၄၂တန်) စုစုပေါင်း ၃ ဒသမ ၀၇၃ တန်အား သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်သစ်များနှင့်အတူ ဖမ်းဆီးရမိသူနှစ်ဦးအား သစ်တောဦးစီးဌာနမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

နိုင်ငံတကာ သတင်းဂျာနယ်



ဒုတိယကမ္ဘာစစ်အပြီး စစ်မီးလျှံများ မတောက်နိုင်
မြို့ကြီးပြကွက်ကို လေသာပြင်ထိန်းချုပ်ရန်
အာဏာရှင်ကိုဖယ်ရှားနေသည့် ...
ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲနေသည့် ကမ္ဘာ့နိုင်ငံများ

ဖုန်း - ၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၀၊ ၀၆၇-၃၆၁၁၂၄

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက်က မူဆယ်မြို့ နမ့်ပေါ်တံတား လုံခြုံရေးရဲကင်းမှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့ နမ့်ပေါ်တံတား ရဲကင်းအနီးလမ်းမပေါ်တွင် နမ့်အွန်ကျေးရွာမှ မူဆယ်မြို့သို့ ရှောက်ရှူး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးနှင့် မူးယစ်တပ်ဖွဲ့စု(၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့အထွက် ဟိုပိတ်အေးရှားဝေါလ်



ရှောက်ရှူးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တိုးဂိတ်အနီးတွင် ကွတ်ခိုင်မှ လားရှိုးသို့ အိုက်ရီမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ သိမ်းဆည်းရမိခဲ့သည်။

ဇူလိုင် ၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် ဝိုင်းမော်-ဆဒုံး ကျေးရွာသွားကားလမ်းမပေါ် တန်ဘောင်ကျေးရွာ မူကြိုကျောင်းရှေ့တွင် ဆဒုံးမှ ဝိုင်းမော်သို့ ငွားတားမောင်းနှင်ပြီး စိန်ယလိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ခြောက်ကီလို သိမ်းဆည်းရမိသဖြင့် ငွားတား (၅၀) နှစ်နှင့် စိန်ယ (၅၃)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

◆◆

# မုံရွာ၌ လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂ ရက် နံနက် ၁၁ နာရီက မုံရွာမြို့ပေါ်ရပ်ကွက်များရှိလမ်းများ၌ စည်းကမ်းမဲ့ရပ်နားထားသည့်ယာဉ်များအား စစ်ဆေးစဉ် မုံရွာမြို့ အလယ်ရပ်ကွက် ဗိုလ်ချုပ်လမ်းဘေး၌ စည်းကမ်းမဲ့ရပ်ထားသည့် မုံရွာမြို့နယ် ဇီးတောတိုးဂိတ်နေ ထက်အောင်(၂၉)နှစ်၏ MDY-9D/---- GRANDE MARK II ယာဉ်နှင့် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်နေ အောင်မြတ်ဦး(၂၈)နှစ်၏ 4i/---- GRANDE MARK II ယာဉ်တို့အား တွေ့ရှိ၍ စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ ပြောဆိုပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့နှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

MECHANICAL CAR PARKING











TPW

No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

**Mini Condo (ငှား)**

လှိုင်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ 1000 Sqft၊ အိပ်ခန်း(၂)ခန်း၊ A.C(၂)လုံး၊ ရေပူရေအေး၊ (24)H ရေ/မီး၊ Lift၊ Car-parking, Security.

**Ph: 09-5019130, 09-73191010**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အချိန်ပိုင်းတရားစခန်းဖွင့်မည်

ကြည့်မြင်တိုင်၊ ကျောင်းကြီးတိုက်၊ သံတွဲကျောင်းတွင် ၉-၇-၂၀၁၅ ရက်မှ ၁၅-၇-၂၀၁၅ရက်အထိ တတိယအကြိမ်မြောက် အချိန်ပိုင်း မိုးကုတ်ဝိပဿနာ(၇)ရက် တရားစခန်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ နည်းစနစ်ကျကျ တရားထိုင်လိုသူ မည်သူမဆို စာရင်းပေးသွင်းပြီး တရားအားထုတ်၊ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၊ ဗိုလ်ရုံတန်းလမ်းနေ
ဦးထွန်းရွှေ(နိုင်ငံတော်ကောင်စီရုံး စီမံ-၂/ငြိမ်း)-ဒေါ်တင်မာရီ (ရွှေဗဟိုရ်ပွဲရုံ)တို့၏သား

**မောင်စည်သူနိုင် (Add.Chief Officer)**
**Norstar Ship Management Pte.Ltd**

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဒေါက်တာဦးမျိုးမြင့်(ဆရာဝန်ကြီး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး-ငြိမ်း)-(ဒေါ်အေးမြင့်ရွှေ)
တို့၏သမီးထွေး

**ဒေါက်တာလှမျိုးသိင်္ဂီ (M.B.B.S-Ygn) M.Med.Sc (Physiology)**

လက်ထောက်ကထိက(ဆေးတက္ကသိုလ်-မကွေး)

တို့သည် ၂-၇-၂၀၁၅ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်စည်သူနိုင်-မလှမျိုးသိင်္ဂီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၉၃၀/ခ၊ မြေကွက်တည်နေရာအမှတ်-၉၃၀/ခ၊ အင်း၀(၇)လမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ထွေးရီ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် အစ်မဝမ်းကွဲ (ဒေါ်ထွေးရီ) ကွယ်လွန်သဖြင့် ဒေါ်ကြည်[၁၂/ဥကတ(နိုင်)၁၆၃၅၁၆]က တစ်ဦးတည်းသော ညီမဝမ်းကွဲတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် (၁၈၃/၂၀၁၄)၏ အမွေထိန်းလက်မှတ်စာ၊ တရားမအထွေထွေမှုအမှတ် (၆၉/၂၀၁၅)၏ အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထားခြင်းအား ခွင့်ပြုသည့်အမိန့်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း
(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် / ၂၀၁၅)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **ကုန်အမှတ်တံဆိပ် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတက** အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းတစ်ခုကို အခြားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းများမှ ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသော အစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့အပါအဝင် မျက်စိဖြင့် မြင်တွေ့နိုင်သော အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းအမှတ်အသား တစ်ခုနှင့်တစ်ခုပေါင်းစပ်ထားသည့် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်နှင့် အသိအမှတ်ပြုအမှတ်တံဆိပ်တို့လည်း ပါဝင်သည်။

(ခ) **ကုန်အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဂ) **ဝန်ဆောင်မှုအမှတ်တံဆိပ်** ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အခြားသော လုပ်ငန်းများ၏ ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဃ) **စုပေါင်းပိုင်အမှတ်တံဆိပ်** ဆိုသည်မှာ စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ သို့မဟုတ် ကုန်သည်များဖြင့် စုစည်းထားသော အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ စုပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းက ပိုင်ဆိုင်သည့် အမှတ်တံဆိပ်တစ်ခုခုကိုသော်လည်းကောင်း၊ အဆိုပါအဖွဲ့အစည်း၏ အဖွဲ့ဝင်များပိုင်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(င) **အသိအမှတ်ပြုအမှတ်တံဆိပ်** ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခု၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ မူရင်းဒေသ၊ အရည်အသွေး၊ အမျိုးအစားနှင့် အခြား ထူးခြားသောအချက်အလက်များနှင့်စပ်လျဉ်း၍ အမှတ်တံဆိပ်ပိုင်ရှင်က ယင်း၏ ထိန်းချုပ်မှုဖြင့် အသုံးပြုခွင့်ရှိကြောင်း အသိအမှတ်ပြုသည့်အမှတ်တံဆိပ် တစ်ခုခုကို ဆိုသည်။

(စ) **ပထဝီဆိုင်ရာအညွှန်း** ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြား ထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာ နိုင်ငံ၏နယ်မြေ၊ ဒေသ သို့မဟုတ် ဒေသန္တရမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်ပြချက်တစ်ခုခုကို ဆိုသည်။

(ဆ) **လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်** ဆိုသည်မှာ သတ်မှတ်ထားသောစံနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်တစ်ခုခုကိုဆိုသည်။

(ဇ) **ကုန်အမှတ်တံဆိပ်အတွဲများ** ဆိုသည်မှာ ကုန်အမှတ်တံဆိပ်တစ်ခု၏ ဝိသေသလက္ခဏာများကို များစွာထိခိုက်မှုမရှိစေဘဲ သိသာထင်ရှားမှုမရှိသော အသွင်လက္ခဏာများသာကွဲပြားခြားနားပြီး ၎င်းတို့၏အခြေခံအချက်အလက်များ တစ်ခုနှင့်တစ်ခု ဆင်တူသော ကုန်အမှတ်တံဆိပ်များကိုဆိုသည်။

(ဈ) **ကုန်သွယ်မှုအမည်** ဆိုသည်မှာ လုပ်ငန်းတစ်ရပ်နှင့်တစ်ရပ် ခွဲခြားသိရှိနိုင်ရန် ဖော်ပြသောအမည် သို့မဟုတ် သတ်မှတ်ချက်ကို ဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်းတစ်ရပ်၏ လုပ်ငန်းအမည်၊ ကုန်သွယ်သူ၏အမည်၊ ရှေ့ အက္ခရာများကိုသာ ဖော်ပြထားသော အတိုကောက်အမည်၊ စိတ်ကူးယဉ်ဖန်တီးထားသောအမည်၊ အတိုကောက်အမည် သို့မဟုတ် အခြား သတ်မှတ် ဖော်ပြချက် တစ်ရပ်ရပ်လည်း ပါဝင်သည်။

(ည) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ဤဥပဒေအခန်း(၇)ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(ဋ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဌ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ကုန်အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သောစစ်ဆေးမှုများပြုလုပ်ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်** ဆိုသည်မှာ အမှတ်တံဆိပ်မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် မှတ်တမ်းတင်ထားခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဎ) **အခွင့်အရေးရရှိသူ**ဆိုသည်မှာ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်၊ လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၊ ပထဝီဆိုင်ရာအညွှန်းပိုင်ရှင်၊ ကုန်သွယ်မှု အမည်ပိုင်ရှင်၊ မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် လိုင်စင်ရသူအဖြစ် မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေး ရရှိသည့် လူပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် တရားဝင်ရပ်တည်သောအဖွဲ့အစည်းတစ်ခုခုကိုဆိုသည်။

(ဏ) **ကုန်အမှတ်တံဆိပ်အတု** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ အဓိကသွင်ပြင်လက္ခဏာများနှင့် ကွဲပြားခြားနားမှု မရှိသော အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း သို့မဟုတ် အဆိုပါအမှတ်တံဆိပ်နှင့် ထပ်တူညီသောအမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ဤဥပဒေပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ အခွင့်အရေးများကို ထိပါးချိုးဖောက်မည့် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(တ) **ကုန်အမှတ်တံဆိပ်အတုကိုအသုံးပြုထားသည့်ကုန်ပစ္စည်း** ဆိုသည်မှာ အဆိုပါ ကုန်ပစ္စည်းကို တရားဝင်မှတ်ပုံတင်ထားသော အခွင့်အရေးရရှိသူ၏ ကုန်အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော ကုန်အမှတ်တံဆိပ်ကိုသော်လည်းကောင်း၊ အဆိုပါအမှတ်တံဆိပ်၏ အဓိကသွင်ပြင်လက္ခဏာများနှင့် ကွဲပြားခြားနားမှုမရှိသော ကုန်အမှတ်တံဆိပ်ကို သော်လည်းကောင်း အခွင့်အရေးရရှိသူ၏အခွင့်အရေးများကို ထိပါးချိုးဖောက်မည့် ကုန်အမှတ်တံဆိပ်ကိုသော်လည်းကောင်း ခွင့်ပြုချက်မရှိဘဲ အသုံးပြုထားသောမည်သည့် ကုန်ပစ္စည်းကိုမဆို ဆိုသည်။

(ထ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏အဖွဲ့ဝင်နိုင်ငံ တစ်ခုခုကို ဆိုသည်။

(ဒ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး** ဆိုသည်မှာ တာဝန်ခံဝန်ကြီးဌာနက စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေအရ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် တည်ထောင်သော မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးကို ဆိုသည်။

(န) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး၏ အကြီးအကဲကို ဆိုသည်။

(ပ) **တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေအရ ဖွဲ့စည်းသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့် အာဏာနှင့်လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည့် တရားရုံးများကိုသော်လည်းကောင်း ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊

(ဂ) အမှတ်တံဆိပ်အခွင့်အရေးကို ထိပါးချိုးဖောက်မှုများအား ဤဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန်၊

(ဃ) အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာခြင်းကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် ပြည်သူများအတွက် ဘေးကင်းလုံခြုံသောပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊

(င) ပထဝီဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်။

**အခန်း(၃)**

**တာဝန်ခံဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ**

၄။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်ထားသော ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ အမှတ်တံဆိပ်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ မှတ်ပုံတင်အရာရှိ တစ်ဦးနှင့် အခြားလိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ ထို့ပြင် လိုအပ်ပါက ဒုတိယမှတ်ပုံတင်အရာရှိနှင့် လက်ထောက်မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးခြင်း၊

(င) အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်နိုင်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ဖွဲ့စည်းပုံနှင့်အညီ စစ်ဆေးရေးအရာရှိများကို ခန့်အပ်တာဝန်ပေးခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းကို ခွင့်ပြုရာတွင် အသုံးပြုမည့်တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဆ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီးလုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဇ) ဤဥပဒေပါ အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဈ) ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၄)**

**မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့၏ လုပ်ငန်းတာဝန်များ**

၅။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားချက်အပေါ် စစ်ဆေးခြင်း လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို ဆုံးဖြတ်ခြင်း၊

(ဃ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သူများအား ခေါ်ယူစစ်ဆေးခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများအား တောင်းခံခြင်း၊

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ခြင်း၊

(စ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူထံ အကြောင်းကြားခြင်း၊ ကြားနာခွင့်ပေးခြင်း၊ ထုတ်ပြန်ကြေညာခြင်း၊

(ဆ) အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ဇ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်အား ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊

(ဈ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်အား လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းတို့ကို မှတ်တမ်းတင်ထားရှိခြင်း၊

(ည) အမှတ်တံဆိပ်မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဋ) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားချက်နှင့် ပထဝီဆိုင်ရာ အညွှန်း မှတ်ပုံတင်ရန် လျှောက်ထားချက်တို့ကို စစ်ဆေးခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကိုစစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) အမှတ်တံဆိပ်ကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန်သင့်-မသင့် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဃ) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းဆိုင်ရာ တာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၅)**

**မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များ**

၇။ (က) အောက်ဖော်ပြပါ ငြင်းပယ်ရန် ခိုင်လုံသည့်အကြောင်းပြချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသော အမှတ်တံဆိပ်သည် မှတ်ပုံတင်ခွင့်မရှိစေရ-

(၁) သိသာထင်ရှားမှုမရှိသော အမှတ်တံဆိပ်ဖြစ်ခြင်း၊

(၂) ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့်အချိန် သို့မဟုတ် အခြားသော လက္ခဏာများကို ဖော်ပြသည့် အမှတ်အသားများ သို့မဟုတ် ညွှန်ပြချက်များသာလျှင် ပါဝင်ခြင်း၊

**စာမျက်နှာ ၁၆ သို့**

## ဥပဒေကြစ်း

စာမျက်နှာ ၁၅ မှ

(၃) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကို ဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကို ဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ ထိပါးစေနိုင်ခြင်း၊

(၄) မျက်မှောက်ဝေါဟာရအသုံးအနှုန်းတွင် ယေဘုယျအသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းတွင် လက်တွေ့အသုံးအနှုန်း ဖြစ်လာခြင်း၊

(၅) အများပြည်သူ သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်ကိုထင်ယောင်ထင်မှား ဖြစ်စေရန် လှည့်ဖြားထားခြင်း၊

(၆) သက်ဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတစ်နိုင်ငံ၏ အလံ၊ ရိုးရာအထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်၊ အခြားအမှတ်တံဆိပ်သင်္ကေတများ၊ နိုင်ငံတစ်နိုင်ငံက အတည်ပြုထားသော ကွပ်ကဲမှု သို့မဟုတ် အာမခံကို ဖော်ပြထားသော တရားဝင်သင်္ကေတ သို့မဟုတ် ရွှေ၊ ငွေတို့တွင် ခတ်နှိပ်သည့်အမှတ်တံဆိပ်စသည်တို့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ ရိုးရာအထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်များ၊ အလံများ၊ အခြားအမှတ်တံဆိပ်၊ အမည် သို့မဟုတ် ယင်းအဖွဲ့အစည်း၏ အတိုကောက်အမည်တို့ကိုလည်းကောင်း အပြည့်အစုံကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်ကူးယူခြင်း သို့မဟုတ် တုပခြင်း၊

(၇) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ချက်နှင့် ငြိစွန်းခြင်း၊

(၈) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ အဖွဲ့ဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ သီးခြားကာကွယ်ထားသော အမှတ်တံဆိပ်သင်္ကေတများကို အသုံးပြုထားခြင်း။

(ခ) (၁) အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်ကို မှတ်ပုံတင်လျှောက်ထားသည့် နေ့ရက်မတိုင်မီ အသုံးပြုခြင်းကြောင့် သုံးစွဲသူများအကြား သိသာထင်ရှားမှုရှိလာလျှင် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ အဆိုပါ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ငြင်းပယ်၍ မရ။

(၂) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ ကူးသန်းရောင်းဝယ်ရေးနယ်ပယ်တွင် အမှတ်တံဆိပ်ကို သဘောရိုးဖြင့် တစ်ဆက်တည်း အသုံးပြုနေလျှင် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ အဆိုပါအမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ငြင်းပယ်၍ မရ။

၈။ အောက်ဖော်ပြပါ ငြင်းပယ်ရန် ဆက်စပ်သောအကြောင်းပြချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသော အမှတ်တံဆိပ်တစ်ခုသည် မှတ်ပုံတင်ခွင့်မရှိစေရ-

(က) အခြားသူတစ်ဦးဦး၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ မှတ်ပုံတင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့် ထင်ယောင်ထင်မှား ဖြစ်စေခြင်း၊

ရှင်းလင်းချက်။ ။ အဆိုပါထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူညီသော အမှတ်အသားကို အသုံးပြုခြင်းသည် ထင်ယောင်ထင်မှား ဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်။

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်း၏ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်တစ်ဦးဦး၏ပုဂ္ဂိုလ်ရေးရာဆိုင်ရာ အခွင့်အရေး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏အမည်၊ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သော အမှတ်အသားကို အသုံးပြုထားခြင်း၊

(ဂ) အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ထိပါးချိုးဖောက်မှု ဖြစ်စေနိုင်သော အမှတ်တံဆိပ်ဖြစ်ခြင်း၊

(ဃ) အမှတ်တံဆိပ်များကို သဘောရိုးဖြင့် မဟုတ်ဘဲ မှတ်ပုံတင်လျှောက်ထားခြင်း၊

(င) လူသိများပြီးကျော်ကြားသောအမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့်ထပ်တူ သို့မဟုတ် အလားတူသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် ဆောလျင်စွာ အသုံးပြုခြင်းဖြင့် အဆိုပါအသုံးပြုခြင်းသည် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်နှင့်ထင်ယောင်ထင်မှားဖြစ်စေခြင်း၊

(စ) မှတ်ပုံတင်ထားသည့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ မှတ်ပုံတင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် မတူညီသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်နိုင်ခြင်းနှင့် အဆိုပါ အသုံးပြုမှုသည် မှတ်ပုံတင်ပြီးသည့် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

### အခန်း(၆)
### အမှတ်တံဆိပ်များကို မှတ်ပုံတင်ခြင်း

၉။ (က) အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားလိုသူသည် အမှတ်တံဆိပ်မှတ်ပုံတင်ရန် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ခ) လျှောက်လွှာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိ၏ တောင်းဆိုချက်အရ လျှောက်လွှာတွင် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ လည်းကောင်း ဘာသာပြန်ဆိုပေးရမည်။

(ဃ) သတ်မှတ်ထားသောမှတ်ပုံတင်ကြေးနှင့်အခြားအခကြေးငွေများ ပေးသွင်းရမည်။

၁၀။ မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်။ လိုအပ်ပါက သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့်နေရပ်လိပ်စာ၊

(ဂ) လျှောက်ထားသူက ကိုယ်စားလှယ်ဖြင့် လျှောက်ထားလျှင် ကိုယ်စားလှယ်လွှဲစာနှင့်အတူ ကိုယ်စားလှယ်၏အမည်နှင့် နေရပ်လိပ်စာ၊

(ဃ) မှတ်ပုံတင်ရန်တောင်းဆိုသော အမှတ်တံဆိပ်၏ရှင်းလင်းလုံလောက်သောဖော်ပြချက်၊

(င) အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားခြင်းအရ အုပ်စုလိုက်သတ်မှတ်ထားသည့် မှတ်ပုံတင်ရန် တောင်းဆိုသော ကုန်ပစ္စည်းနှင့်/ သို့မဟုတ် ဝန်ဆောင်မှုများ၏ အမည်နှင့် အမျိုးအစားများ၊

(စ) လျှောက်ထားသူသည် တရားဝင်ရပ်တည်သော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်းအမည်၊ အမျိုးအစား၊ တည်နေရာ လိပ်စာနှင့် နိုင်ငံအမည်၊

(ဆ) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေး ကြေညာခဲ့ကြောင်း ခိုင်လုံစေသည့် သက်သေခံ အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ဦးစွာလျှောက်ထားခြင်း၏ ဦးစားပေးအခွင့်အရေးကို တောင်းဆိုသော ကြေညာချက်တစ်ရပ်၊

(ဇ) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ရရှိခံစားလိုလျှင် အသိအမှတ်ပြုသည့် ဖော်ပြချက်များနှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုသော ကြေညာချက်တစ်ရပ်၊

(ဈ) အကယ်၍ မှတ်ပုံတင်အက်ဥပဒေနှင့်အညီ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ဖြစ်ပါက မှတ်ပုံတင်ထားကြောင်း အသိအမှတ်ပြုလက်မှတ်၊

(ည) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ သတ်မှတ်ထားသည့် အခြားအချက်များ။

၁၁။ လျှောက်လွှာတွင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က) မှ (င) ပါအချက်များ ပြည့်စုံ၍ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီးသော လျှောက်လွှာအား လက်ခံရရှိသည့် နေ့ရက်ကို မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ စစ်ဆေးရေးအရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ပုဒ်မ ၇ နှင့် ၁၀ တို့အရ စစ်ဆေးပြီးနောက်-

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ အကြောင်းကြားစာကို လက်ခံရရှိသောနေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ အကယ်၍ သတ်မှတ်ထားသောကာလအတွင်းပြင်ဆင်ဖြည့်စွက်ခြင်းကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းအား ရုပ်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ(က) ပါသတ်မှတ်ထားသော အချိန်ကာလအတွင်းလျှောက်လွှာတွင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ သတ်မှတ်ချက်နှင့်ညီညွတ်သော လျှောက်လွှာကို မှတ်ပုံတင်အရာရှိထံ ၎င်း၏သဘောထား မှတ်ချက်နှင့်အတူ တင်ပြရမည်။

၁၃။ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့်ညီညွတ်သော လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၁၄။ အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀အတွင်း ဤဥပဒေပါ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ခုခုကို စာဖြင့် ရေးသားဖော်ပြ၍ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအပေါ် ကန့်ကွက်ချက်တစ်ရပ်အား မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၅။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်စာ တင်သွင်းလျှောက်ထားလာလျှင် သတ်မှတ်ထားသော အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံတင်ပြနိုင်ရန် လျှောက်ထားသူအား အကြောင်းကြားစာပေးပို့ရမည်။

၁၆။ စစ်ဆေးရေးအရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ဆန့်ကျင်ချက်၊ ကန့်ကွက်ချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို ၎င်း၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၁၇။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၃ အရ ထုတ်ပြန်ကြေညာခြင်းအပေါ် ကန့်ကွက်ချက်တစ်စုံတစ်ရာ မပေါ်ပေါက်ပါက မှတ်ပုံတင်ရန် ပုဒ်မ ၇ ပြဋ္ဌာန်းချက်ပါ မှတ်ပုံတင်နိုင်ခွင့် မရှိသော အကြောင်းရင်းတစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိ-မရှိ စစ်ဆေးပြီး အမှတ်တံဆိပ် မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မ ၁၆ အရ တင်ပြလာသည့် အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပြဋ္ဌာန်းချက်ပါ အကြောင်းရင်း တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းရှိ-မရှိ စစ်ဆေးပြီး အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုလုပ်နိုင်သည်။

(ဂ) ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်းပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဃ) မှတ်ပုံတင်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(င) အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန်ခွင့်ပြုလျှင် အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်မူရင်းကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

၁၈။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်ပြီးခြင်း ရှိ-မရှိနှင့် မှတ်ပုံတင်ထားပြီးဖြစ်သော အခြားအမှတ်တံဆိပ်တစ်ခုခုနှင့် ကွဲပြားခြားနားခြင်းရှိ-မရှိ သိရှိလိုသူသည် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်ပြီးသော အမှတ်တံဆိပ်များကို ရှာဖွေပေးရန် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၁၉။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ရှင်သည် သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းပြီး အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်၏ မိတ္တူမှန်ကို ထုတ်ပေးရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကို စစ်ဆေး၍ မိတ္တူမှန်ကို ထုတ်ပေးရမည်။

၂၀။ လျှောက်ထားသူသည် -

(က) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ဆုံးဖြတ်ချက်မချမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံသည့်ကာလအတွင်းဖြစ်စေ လျှောက်လွှာတွင် သတ်မှတ်ဖော်ပြထားသောအမှတ်တံဆိပ်ကို ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ စာရင်းကို တိုးချဲ့ခြင်း မဟုတ်သည့် စာအရေးအသားအမှား သို့မဟုတ် အခြားမှားယွင်းမှုကို ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းပြီး လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်မချမီ ယင်းပြင်ဆင်မှုကို လျှောက်ထားနိုင်သည်။

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

(ဂ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အများအပြားပါဝင်သည့် လျှောက်ထားချက်ကို နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်ပိုသော လျှောက်ထားချက်များအဖြစ် ခွဲခြားပေးရန်လည်းကောင်း၊ တင်ပြထားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု စာရင်းကို ချဲ့ထွင်ခြင်း မပြုဘဲ ကန့်သတ်ခြင်း သို့မဟုတ် လျှော့ချခြင်း ပြုလုပ်ပေးရန် လည်းကောင်း လျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍လျှောက်ထားသော အသစ် လျှောက်ထားချက်များ တင်သွင်းသည့်နေ့ရက်ကို မူလ လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၁။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် သတ်မှတ်ထားသည့် အခကြေးငွေများ ပေးသွင်းလျက် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသောအမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း၊ အမှတ်တံဆိပ်၏ အဓိကကျသည့်အချက်များကို ထိခိုက်ခြင်းမရှိသော အချက်အလက်နှင့် အမှားအယွင်းများကိုလည်းကောင်း ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

၂၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၀ နှင့် ၂၁ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ပေးနိုင်သည်။

၂၃။ လျှောက်ထားသူသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ရုပ်သိမ်းခြင်းပြုလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းခံရလျှင်သော်လည်းကောင်း ပေးသွင်းထားသည့် အခကြေးငွေများကို ပြန်လည်ရထိုက်ခွင့်မရှိစေရ။

### အခန်း(၇)
### ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး

၂၄။ (က) စက်မှုပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်ဖြစ်သည့် ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် အမှတ်တံဆိပ်ကို မှတ်ပုံတင်လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းခြင်းခံရသူ မည်သူမဆို ပထမလျှောက်ထားချက် တင်သွင်းခဲ့သည့် နေ့ရက်မှ ၆ လအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တူညီသောအမှတ်တံဆိပ်ကို မှတ်ပုံတင်ရန် လာရောက်လျှောက်ထားလျှင် ပြည်ပလျှောက်ထားချက်တွင် ပါဝင်သည့် ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ဦးစားပေးအခွင့်အရေး ခံစားရမည်။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာတွင် လျှောက်ထားသူသည် ဦးစွာလျှောက်ထားခဲ့သည့် နေ့ရက်နှင့် လျှောက်ထားခဲ့သည့် နိုင်ငံတို့ကို ဖော်ပြပြီး ဦးစွာလျှောက်ထားခဲ့သည့် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအတွက် အခွင့်အရေးရယူလိုကြောင်း ဖော်ပြရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဦးစားပေးအခွင့်အရေး တောင်းဆိုပြီး သတ်မှတ်ထားသော ကာလအတွင်း လျှောက်ထားသူသည် အောက်ပါတို့ကို တင်ပြရမည်-

(၁) လျှောက်ထားခဲ့သည့် ပြည်ပနိုင်ငံ၏တာဝန်ရှိသူမှ ဦးစွာလျှောက်ထားချက် မှန်ကန်ကြောင်း အသိအမှတ်ပြုမိတ္တူမှန်၊

(၂) အကယ်၍ အဆိုပါမိတ္တူမှန်သည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ လက်ခံနိုင်သော ဘာသာစကားမဟုတ်လျှင် သတ်မှတ်ထားသည့် ဘာသာပြန်ဆိုချက်၊

(၃) ဦးစွာလျှောက်ထားသည့်နေ့ရက် ဖော်ပြထားသော ပြည်ပတာဝန်ရှိသူမှ ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်။

(ဃ) ပထမလျှောက်ထားချက်၏ လျှောက်ထားသည့် နေ့ရက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားသည့်နေ့ရက်အဖြစ် ဦးစားပေးအခွင့်အရေးရယူနိုင်သည်။

၂၅။ (က) ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် တရားဝင် သို့မဟုတ် တရားဝင်အသိ အမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတွင် အသုံးပြုခဲ့သော အမှတ်တံဆိပ်နှင့် စပ်လျဉ်းသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ခင်းကျင်းပြသခဲ့သူ စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

ဖြစ်ပါက အဆိုပါအသုံးပြုခဲ့သော အမှတ်တံဆိပ်အတွက် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု များကို စတင်ခင်းကျင်းပြသသည့် နေ့ရက်မှ ၆ လအတွင်း ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

(ခ) လျှောက်ထားသူသည် ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာတွင် အဆိုပါ အမှတ်တံဆိပ်အသုံးပြုခဲ့သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု များပြသခဲ့ခြင်းအတွက် အကာအကွယ် ပေးခြင်းဆိုင်ရာ အခွင့်အရေးကို ရယူလိုကြောင်း အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်လွှာတွင် ဖော်ပြရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို အဆိုပြုပြီး သတ်မှတ်ထားသောကာလအတွင်း လျှောက်ထားသူသည် အဆိုပါအမှတ်တံဆိပ် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ခင်းကျင်းပြသခဲ့သည့် သက်သေအထောက်အထားကို တင်ပြရမည်။

(ဃ) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် အဆိုပါအမှတ်တံဆိပ် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ စတင်ခင်းကျင်းပြသသည့် နေ့ရက်ကို အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားသည့်နေ့ရက်အဖြစ် သတ်မှတ်ရမည်။

(င) ခွင့်ပြုခဲ့ပြီးသော ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသော ဦးစားပေးကာလကို မကျော်လွန်ရ။

## အခန်း(၈)
## အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းနှင့် အခကြေးငွေများ

၂၆။ (က) အမှတ်တံဆိပ်တစ်ခုကို လျှောက်ထားသည့်နေ့ရက်အား အဆိုပါ အမှတ်တံဆိပ်ကို မှတ်ပုံတင်သည့်နေ့ရက်အဖြစ် မှတ်ယူရမည်။

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း သက်တမ်းသည် အမှတ်တံဆိပ်ကို မှတ်ပုံတင်သည့်နေ့ရက်မှ စတင်၍ ၁၀ နှစ်ဖြစ်သည်။

(ဂ) မှတ်ပုံတင်သက်တမ်း ၁၀ နှစ် ကုန်ဆုံးပြီးနောက် မှတ်ပုံတင် သက်တမ်းတိုးမြှင့်လိုသူသည် တစ်ကြိမ်လျှင်မှတ်ပုံတင်သက်တမ်း ၁၀ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။

၂၇။ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပုဒ်မခွဲ (ခ) နှင့် (ဂ)တွင် ရည်ညွှန်းထားသော အခကြေးငွေများ ပေးသွင်းပြီး အမှတ်တံဆိပ်ပိုင်ရှင်၏ တောင်းဆိုချက်အရ အောက်ဖော်ပြပါကိစ္စရပ်များနှင့်အညီ သက်တမ်းတိုးမြှင့်နိုင်သည် -

(က) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် ၆ လကျော်လွန်ပါက သက်တမ်းတိုးမြှင့်ပေးရန် တောင်းဆိုချက်တစ်ရပ်ကို လျှောက်ထားခြင်းမပြုရ။

(ခ) သက်တမ်းတိုးမြှင့်ရန် တောင်းဆိုချက်ကို မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီလျှောက်ထားလျှင် သက်တမ်းတိုးမြှင့်ရန်အတွက် သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းရမည်။ သက်တမ်းတိုးမြှင့်ရန် တောင်းဆိုချက်ကို မှတ်ပုံတင် သက်တမ်း ကုန်ဆုံးမည့် နေ့ရက် မတိုင်မီ ၆ လအတွင်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေး အဖြစ်ပေးသော ၆ လအတွင်း သက်တမ်းတိုးမြှင့်ပေးရန် တောင်းဆိုလာပါက သက်တမ်းတိုးမြှင့်ခြင်းအတွက် သတ်မှတ်ထားသည့် အခကြေးငွေနှင့် ရက်လွန်ကြေးတို့ ပေးသွင်းရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့်ညီညွတ်သော တောင်းဆိုချက်ကို အမှတ်တံဆိပ် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုရမည်။ သက်တမ်းတိုးမြှင့်ခြင်းသည် ယခင်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(င) မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ၁၀ နှစ် သက်တမ်းတိုးမြှင့်ပေးပြီး သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၂၈။ (က) အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လအတွင်း သက်တမ်းတိုးမြှင့်ပေးရန် တောင်းဆိုခြင်းမရှိခဲ့လျှင် ၎င်းအမှတ်တံဆိပ်မှတ်ပုံတင်ခြင်းသည် ရပ်စဲရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ယင်းသို့ အမှတ်တံဆိပ်မှတ်ပုံတင်ရပ်စဲကြောင်းကို ထုတ်ပြန်ကြေညာရမည်။

## အခန်း(၉)
## မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများ

၂၉။ အမှတ်တံဆိပ်ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးနောက် မှတ်ပုံတင် အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများအား သီးသန့်အခွင့်အရေးများအဖြစ် ခံစားရမည်။

၃၀။ ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသောနေ့ရက်တွင် အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလာပါက ဤဥပဒေ၏ အခန်း(၇)ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အစောဆုံးလျှောက်ထားသူသာလျှင် အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်ရရှိစေရမည်။

၃၁။ ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက်များကို တစ်နေ့တည်းတွင် လျှောက်ထားလာပါက ဦးစွာလျှောက်ထားခဲ့ကြောင်း တင်ပြနိုင်သူသာလျှင် အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်ရရှိစေရမည်။

၃၂။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဒ်မ ၃၃ နှင့် ၃၄ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် အောက်ပါတို့ကို ရရှိသည်-

(၁) အမှတ်တံဆိပ်ပိုင်ရှင်၏ သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများ ပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေပါက တည်ဆဲဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်၊

ရှင်းလင်းချက်။ ။ ထပ်တူဖြစ်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် ထပ်တူဖြစ်သောအမှတ်အသားကို အသုံးပြုခြင်းဖြစ်ပါက ထင်ယောင်ထင်မှား ဖြစ်စေသည်ဟု မှတ်ယူရမည်။

(၂) မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ချိုးဖောက်သူအား ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုခွင့်၊

(၃) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မှတ်ပုံတင်ထားသည့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အမှတ်တံဆိပ် ပိုင်ရှင်၏ သဘောတူညီချက်မရှိဘဲ ကုန်သွယ်မှုပြုရာတွင် အသုံးပြုခြင်းကို ကာကွယ်တားဆီးခွင့်-

(ကက) မှတ်ပုံတင်ထားသည့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်လျှင်၊

(ခခ) ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်လျှင်။

(ခ) မည်သူ့ကိုမဆို မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို အခန်း (၁၀) နှင့် (၁၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ပေးခြင်း ပြုနိုင်သည်။

၃၃။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် အခြားသူတစ်ဦးဦးက စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် အောက်ပါတို့နှင့်စပ်လျဉ်း၍ သဘောရိုးဖြင့် အသုံးပြုဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခွင့်မရှိစေရ -

(က) ပိုင်ရှင်၏ ကိုယ်ပိုင်အမည် သို့မဟုတ် နေရပ်လိပ်စာ၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ အသုံးပြုလိုသည့် ရည်ရွယ်ချက်၊ တန်ဖိုး၊ ပထဝီဆိုင်ရာမူရင်းဒေသနှင့် ထုတ်လုပ်သည့်အချိန်ကာလ သို့မဟုတ် အခြားထူးခြားသော အချက်အလက်များစသည်တို့နှင့် စပ်လျဉ်းသည့် ဖော်ပြချက်များ၊

(ဂ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ အထူးသဖြင့် တွဲဖက်သုံး ပစ္စည်းများ သို့မဟုတ် အပိုပစ္စည်းများတွင် လိုအပ်ချက်အရ ရည်ရွယ်၍ ဖော်ပြထားသော အမှတ်တံဆိပ်။

၃၄။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် မိမိကိုယ်တိုင်ကဖြစ်စေ၊ မိမိ၏ သဘောတူညီချက် ရရှိသူကဖြစ်စေပေးပို့ထား၍ ဈေးကွက်တွင် ရောက်ရှိနေသော ကုန်ပစ္စည်းများ၌ မိမိ၏ အမှတ်တံဆိပ်ကို အသုံးပြုခြင်းအား တားမြစ်ပိတ်ပင်ခွင့်မရှိစေရ။

၃၅။ ပုဒ်မ ၃၄ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်အမှတ်တံဆိပ် ပိုင်ရှင်သည် မိမိ၏ ကုန်ပစ္စည်းများကို ဈေးကွက်သို့ တင်သွင်းပြီးနောက် ယင်း ကုန်ပစ္စည်း၏ အခြေအနေပြောင်းလဲသွားလျှင် သို့မဟုတ် ပျက်စီးယိုယွင်းသွားလျှင် ယင်းကုန်ပစ္စည်းအား ဆက်လက်ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်နိုင်သည်။

## အခန်း(၁၀)
## မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းခြင်း

၃၆။ အမှတ်တံဆိပ်ပိုင်ရှင်သည် ၎င်း၏အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများကို ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၃၇။ ပိုင်ဆိုင်ခွင့်လွှဲပြောင်းလိုသူသည် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၃၈။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခြင်း သို့မဟုတ် လျှောက်ထားခြင်း၏ မူလပိုင်ရှင်ကဖြစ်စေ၊ ပိုင်ရှင်အသစ်ကဖြစ်စေ တစ်ဦးဦး၏ တောင်းဆိုချက်အရ အမှတ်တံဆိပ် မှတ်ပုံတင်ခြင်း၏ မည်သည့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကိုမဆို မှတ်တမ်းတင်ထားရမည်။ မှတ်ပုံတင်အရာရှိသည် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း မှတ်တမ်းတစ်ခုခုကို သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၃၉။ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် မှတ်တမ်းတင်ထားပြီးဖြစ်သော်လည်း အခြားသူတစ်ဦးတစ်ယောက်အား ဆန့်ကျင်ထိခိုက်မှု မရှိစေရ။

## အခန်း(၁၁)
## မှတ်ပုံတင်အမှတ်တံဆိပ်ကို လိုင်စင်ပေးခြင်း

၄၀။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို အသုံးပြုရန် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။

၄၁။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် လိုင်စင်ရသူသည် လိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၄၂။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်၏ တောင်းဆိုချက်အရ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်တစ်ခုကို အသုံးပြုရန် မည်သည့် လိုင်စင်ကိုမဆို မှတ်တမ်းတင်ပြီးနောက် သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၃။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် လိုင်စင်ရသူတို့၏ တောင်းဆိုချက်အရ လိုင်စင်ပေးကြောင်း မှတ်တမ်းကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

၄၄။ လိုင်စင်ပေးခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားခြင်းမရှိလျှင် အကျိုးသက်ရောက်မှုမရှိစေရ။

## အခန်း(၁၂)
## အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေခြင်းနှင့် ပယ်ဖျက်ခြင်း

၄၅။ (က) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ တောင်းဆိုချက်အရ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မကိုက်ညီသော အမှတ်တံဆိပ်ဖြစ်ကြောင်း သို့မဟုတ် ပုဒ်မ ၇ ပါငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့် မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း ကို ပျက်ပြယ်စေရမည်။

(ခ) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ ပုဒ်မ ၈ ပါ ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက်တစ်ရပ်ရပ် ကြောင့် မှတ်ပုံတင်ခွင့်မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ် တံဆိပ်မှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေရမည်။

(ဂ) (၁) ပုဒ်မခွဲ(က)ပါ ပျက်ပြယ်စေခြင်းအတွက် တောင်းဆိုချက်ကို မည်သည့်အချိန်တွင်မဆို လျှောက်ထားနိုင်သည်။

(၂) မရိုးမဖြောင့်သောသဘောဖြင့် မှတ်ပုံတင်ခဲ့ခြင်းမဟုတ်လျှင် ပုဒ်မခွဲ (ခ) ပါ ပျက်ပြယ်စေခြင်းအတွက် တောင်းဆို ချက်သည် မှတ်ပုံတင်သည့် နေ့ရက်မှ ၅ နှစ်သက်တမ်း ကျော်လွန်ပြီးနောက် လျှောက်ထားခြင်း မပြုနိုင်။

(ဃ) ပျက်ပြယ်စေသည့်အကြောင်းအရင်းများသည် မှတ်ပုံတင်ထား သော အမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အချို့နှင့်သာ သက်ဆိုင်လျှင် အဆိုပါကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် ပျက်ပြယ်စေရမည်။

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း၏ မည်သည့်ပျက်ပြယ်စေခြင်းကိုမဆို မှတ်ပုံတင်သည့်နေ့ရက်အထိ သက်ရောက်မှုရှိသည်ဟု မှတ်ယူ ရမည်။

(စ) မည်သည့်ပျက်ပြယ်ခြင်းကိုမဆို မှတ်တမ်းတင်၍ သတ်မှတ်ထား သော နည်းလမ်းနှင့်အညီ ဆောလျင်စွာ ထုတ်ပြန်ကြေညာပြီး နောက် သက်ဆိုင်ရာပိုင်ရှင်ထံ အသိပေးအကြောင်းကြားရမည်။

၄၆။ (က) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရမှတ်ပုံတင် အရာရှိသည် အောက်ဖော်ပြပါတစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည်-

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့် သက်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် မှတ်ပုံတင်ပြီးသည့်နေ့မှစ၍ ၃ နှစ်အတွင်း လုံးဝအသုံးမပြုခြင်းနှင့် အဆိုပါအသုံးပြုမှု ပျက်ကွက်ခြင်းအတွက် လုံလောက်သော အကြောင်းပြ ချက်မရှိခြင်း၊

(၂) အမှတ်တံဆိပ် အသုံးပြုခြင်းအား တစ်ဆက်တည်း ၃ နှစ် ကြာ ဆိုင်းငံ့ထားခြင်းနှင့် အဆိုပါဆိုင်းငံ့ထားခြင်းအတွက် လုံလောက်သော အကြောင်းပြချက်မရှိခြင်း၊

(၃) အမှတ်တံဆိပ်သည် ကုန်ပစ္စည်း၏ အမျိုးအစား၊ အရည် အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ သို့မဟုတ် ထုတ်လုပ်သည့်အချိန်တို့ကို သတ်မှတ်ရန် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နိုင်သော ညွှန်ပြချက်များ သို့မဟုတ် မျက်မှောက်ဝေါဟာရအသုံး အနှုန်းတွင် ယေဘုယျအသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းတွင် လက်တွေ့အသုံးအနှုန်း ဖြစ်လာသည့် ညွှန်ပြချက်များ သီးသန့်ပါဝင်လာခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အမှတ်တံဆိပ်အသုံးပြုခြင်းတွင် မှတ်ပုံတင် ထားသော အမှတ်တံဆိပ်၏ ထူးခြားသောလက္ခဏာများအား ပြောင်းလဲခြင်းမရှိဘဲ ကွဲပြားသောပုံစံတစ်ခုအဖြစ်အသုံးပြုခြင်း နှင့် တင်ပို့ရန်သက်သက်ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်တွင် ထုပ်ပိုးထားသော ကုန်ပစ္စည်းများ သို့မဟုတ် ကုန်ပစ္စည်းများပေါ်တွင် အမှတ်တံဆိပ်ကိုကပ်ခြင်းတို့အပါ အဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အသုံးပြုခြင်း တို့ပါဝင်သည်။

(ဂ) ဤဥပဒေအရ မည်သည့်တရားစွဲဆိုခြင်းတွင်မဆို အမှတ်တံဆိပ် အသုံးပြုသည့် ကာလ၊ သဘောသဘာဝ သို့မဟုတ် နယ်ပယ်တို့ အပါအဝင် အမှတ်တံဆိပ်အား အသုံးပြုမှုကို သက်သေပြရန်လို အပ်လျှင် အဆိုပါသက်သေပြရန်တာဝန်သည် မှတ်ပုံတင်အမှတ် တံဆိပ်ပိုင်ရှင်နှင့်သာ သက်ဆိုင်ရမည်။

(ဃ) ပယ်ဖျက်စေသည့် အကြောင်းအရင်းများသည် မှတ်ပုံတင်ထား သော အမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့ နှင့်သာ သက်ဆိုင်လျှင် အဆိုပါကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု နှင့် ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် ပယ်ဖျက်စေရ မည်။

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပြီးပါက အဆိုပါမှတ်ပုံ တင်ခြင်းသည် တရားဝင်ရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(စ) မည်သည့် ပယ်ဖျက်ခြင်းမဆို မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ဆောလျင်စွာ ထုတ်ပြန်ကြေညာပြီးနောက် သက်ဆိုင်ရာပိုင်ရှင်ထံ အသိပေးအကြောင်းကြားရမည်။

၄၇။ မှတ်ပုံတင်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုအပေါ် ပြစ်မှု ကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုထားကြောင်း သက်ဆိုင်သူကတင်ပြလာသည့်အခါမှတ်ပုံတင် အရာရှိသည် အဆိုပါအမှုမပြီးပြတ်မီကာလအတွင်း၌ အမှတ်တံဆိပ်ကို ပျက်ပြယ်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအား ဆိုင်းငံ့ထားရမည်။

ဆက်လက်ဖော်ပြပါမည်။

**မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)**

# အခြေခံအဆောက်အအုံ နန်းပြာသာဒ်ဘုံ ဒွယံဒွယံအစုံ



ကမ္ဘောဒီးယားနိုင်ငံ၌ ဧပြီလက ဖွင့်လှစ်ခဲ့သော မဲခေါင်မြစ်ကူး တံတားအတွက် ဂျပန်နိုင်ငံက ရန်ပုံငွေထောက်ပံ့ပေးခဲ့သည်။

**ခ ကိုရင်ဩ**

တရုတ်နိုင်ငံက ဦးဆောင်သော အာရှ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံရေးဘဏ် (အေအိုင်အိုင်ဘီ) ကို မြို့တော်ပေကျင်း၌ ဇွန် ၂၉ ရက်က တရားဝင် ထူထောင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အာရှစီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေးတို့ ပိုမိုဖွံ့ဖြိုးလာရေးအတွက် မိမိတို့နိုင်ငံက တိုးမြှင့်တာဝန်ယူ ဆောင်ရွက်မည့် အမှတ်လက္ခဏာကို ညွှန်းဆိုကြောင်း ဘဏ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ဘဏ္ဍာရေးဝန်ကြီး လုကျိဝေက ပြောကြားလေသည်။

အေအိုင်အိုင်ဘီဘဏ်၏ ရန်ပုံငွေအတွက် ငွေကြေးအများဆုံး ထည့်ဝင်သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး မတည်ငွေရင်း၏ ၃၀ ရာခိုင်နှုန်းခန့်အထိ ထောက်ပံ့ပေးသည်။ တရုတ်ပြီးလျှင် အိန္ဒိယ၊ ရုရှား၊ ဂျာမနီ၊ တောင်ကိုရီးယားနှင့် ဩစတြေးလျနိုင်ငံတို့က ရန်ပုံငွေအများဆုံး ထည့်ဝင်ကြသော နိုင်ငံများဖြစ်ကြလေသည်။

တရုတ်နိုင်ငံသည် အေအိုင်အိုင်ဘီဘဏ်၌ မတည်ငွေရင်း အများဆုံး ထည့်ဝင်ထားသော နိုင်ငံဖြစ်သည့်အားလျော်စွာ ဘဏ်၏ အဓိကကျသော ဆုံးဖြတ်ချက်များအတွက် ဗီတိုအာဏာရရှိထားသည်။ အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မဲအရေအတွက်၏ ၂၆ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ထိန်းချုပ်ထားလိမ့်မည်။

ထွန်းသစ်စ အာရှ စီးပွားရေး စွမ်းအားရှင်နိုင်ငံများ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် အေအိုင်အိုင်ဘီကို ထူထောင်ရန် လိုအပ်သည်ဟု တရုတ်နိုင်ငံက ရှုမြင်သည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ အခိုင်အမာတည်ရှိနေသည့်ကြားမှ သီးသီးသန့်သန့် ဘဏ်ကြီးတစ်ခု ပေါ်ထွန်းလာရေးအတွက် တရုတ်နိုင်ငံက ၂၀၁၃ ခုနှစ်မှစ၍ လှုပ်ရှားခဲ့သည်။

တည်ရှိဆဲ နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းကြီးများသည် အမေရိကန်၊ ဥရောပနှင့် ဂျပန်နိုင်ငံတို့၏ အကျိုးစီးပွားများဘက်မှ ရပ်တည်နေပြီး မဲခွဲဆုံးဖြတ်သည့် စနစ်အရလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေး ခွဲဝေသတ်မှတ်ချက်အရလည်းကောင်း၊ အဆိုပါ အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ၏ ဆန္ဒစွဲအရလည်းကောင်း မမျှမတရှိနေခြင်းကြောင့် သီးသီးသန့်သန့် ဘဏ်ကြီးတစ်ခု ဖွင့်လှစ်နိုင်ရန် တရုတ်နိုင်ငံက ဦးလည်မသုန် ကြိုးပမ်းခဲ့လေသည်။

အာရှတိုက်၏ အခြေခံအဆောက်အအုံ တိုးတက်မှုအတွက် မောင်းနှင်အားဖြစ်စေမည့် ရန်ပုံငွေများကို ကမ္ဘာ့ဘဏ်ကရော၊ အာရှဖွံ့ဖြိုးရေးဘဏ်ကပါ အားသွန်ခွန်စိုက် ထောက်ပံ့ပေးနိုင်ခြင်းမရှိဟု တရုတ်နိုင်ငံက ထောက်ပြခဲ့လေသည်။

အေအိုင်အိုင်ဘီဘဏ် ထူထောင်ရေးအတွက် တရုတ်နိုင်ငံက ဦးဆောင်၍ ခြေလှမ်းပြင်ခဲ့ရာတွင် ဂယက်ရိုက်ခတ်မှုများ စွာရှိခဲ့ပြီး အမေရိကန်နှင့် ယင်း၏ မဟာမိတ်များအကြား ဆက်ဆံရေး ခလုတ်တံသင်းဖြစ်ပေါ်ခဲ့သည်ကိုပင် တွေ့မြင်ရ၏။

အေအိုင်အိုင်ဘီ၏ မူလအဖွဲ့ဝင်နိုင်ငံများအဖြစ် ဗြိတိန်နှင့် မဟာမိတ်နိုင်ငံအချို့က တရုတ်နိုင်ငံဘက်မှ အလိုက်သင့်အလျားသင့် ရပ်တည်လိုက်ကြရာ အမေရိကန် သမ္မတ အိုဘားမားအတွက် ကြောင်အမ်းအမ်း ပြုပ်ရှုပ်ရှုပ်အဖြစ်မျိုးနှင့် ပက်ပင်းတိုးခြင်းဟု ဆိုနိုင်ပေလိမ့်မည်။

သို့ဖြစ်လင့်ကစား အေအိုင်အိုင်ဘီဘဏ် ထူထောင်ခြင်းကို အမေရိကန်က မည်သည့်အခါကမျှ ကန့်ကွက်ခြင်းမရှိခဲ့ပါဟု သမ္မတအိုဘားမားက အခိုင်အမာ ကျူးရင့်သည်။

ဖြစ်သရွေ့ ပျက်သရွေ့ လောကဓမ္မတာဟူဘိသို့ပင် ကမ္ဘာနှင့်ချီသော အားပြိုင်မှုများကို တွေ့ရိုးထုံးစံအဖြစ် ကျွန်ုပ်တို့ တွေ့မြင်ကြရသည်။ အေအိုင်အိုင်ဘီဘဏ်တွင် ပါဝင်မည်ဟု ဗြိတိန်နိုင်ငံက ဆိုင်းမဆင့်ဗုံမပါ မတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အာရှ-ပစိဖိတ်ဒေသရှိ အမေရိကန် မဟာမိတ်များဖြစ်ကြသော ဩစတြေးလျနှင့် တောင်ကိုရီးယားနိုင်ငံတို့ကလည်း ယင်းဘဏ်ထူထောင်ရေး၌ တရုတ်နိုင်ငံနှင့် သဟဇာတဖြစ်ခဲ့ကြလေသည်။

၂၁ ရာစုသည် အာရှရာစု (Asian century) ဖြစ်လိမ့်မည်ဟူသော ဟောကိန်းနှင့်အညီ အာရှဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ ၈ ထရီလီယံလိုအပ်မည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က တွက်ချက်ခဲ့သည်။ အေအိုင်အိုင်ဘီက အာရှနိုင်ငံများ၌ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို ယင်းတွက်ကိန်းအတိုင်း ပြုလုပ်နိုင်မည်ဆိုပါက ၂၀၅၀ ပြည့်နှစ်ထက် နောက်မကျဘဲ အာရှနိုင်ငံများ၏ ထုတ်လုပ်မှုသည် ကမ္ဘာ့ထုတ်လုပ်မှု၏ ထက်ဝက်ကျော်အထိ လက်စွမ်းလက်စ တက်လာလိမ့်မည်ဟု ဆုပ်ဆုပ်ပိုင်ပိုင်ပြောဆိုနိုင်ပေလိမ့်မည်။ တစ်ချိန်တည်းမှာပင် အာရှတိုက်သား နောက်ထပ် လူသန်း ၃၀၀၀ ခန့်မှာ ယနေ့ကာလ ဥရောပတိုက်သားတို့၏လူနေမှုအဆင့်အတန်းမျိုးကို ရရှိခံစားလာရလိမ့်မည်ဟု မျှော်တွေးရှုဆရလေသည်။

ပဏာမအဆင့်တွင် အမေရိကန်၏ ကတ်တီးကတ်ဖဲ့ လုပ်မှုရှိခဲ့သည့်တိုင်အောင် အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများက အာရှနိုင်ငံများအချင်းချင်း ရေနှင့်ကြာနှယ် ရိုင်းပင်းခဲ့ကြရာ အေအိုင်အိုင်ဘီကို ထူထောင်ရန် လမ်းပွင့်သွားခဲ့လေသည်။

ဝင်ငွေနည်းပါးသော အာရှနိုင်ငံများနှင့် အလေ‌ာတော်ဝင်ငွေသာရှိသော အာရှနိုင်ငံများအနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး လိုအပ်ချက်အတွက် အေအိုင်အိုင်ဘီဘဏ်အပေါ် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ရပ်တည်လိုသည့် သဘောထားအမှန်ဖြင့် ထောက်ခံကြလေရာ မတည်ငွေ ဒေါ်လာ ဘီလီယံ ၅၀ရှိ ဒေသဆိုင်ရာ ဘဏ်သစ်ကြီးတစ်ခု ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့် ပေါ်ထွန်းလာသည်။

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ကမူ စီးပွားရေးအရ လက်တံရှည်လှသည့် အနီဘဏ်ကို အမေရိကန် အခြေစိုက် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ ပြိုင်ဘက်အဖွဲ့အစည်းတစ်ရပ်အဖြစ် ရှုမြင်ကြဆဲဖြစ်လေသည်။

အာရှနိုင်ငံများအတွက် အခြေခံအဆောက်အအုံထူထောင်ရေး ဘဏ္ဍာငွေကြေးလိုအပ်ချက်များကို အထောက်အပံ့ပေးနိုင်စွမ်းရှိသည့် နိုင်ငံအဖြစ် ဒေါင်းတည်မောင်းတည် အင်အားပြသလာသည့် နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပြီး ဖွံ့ဖြိုးဆဲ အာရှနိုင်ငံများအား ငွေကြေးအထောက်အပံ့ပေးမည့် ဒေါ်လာဘီလီယံ ၁၁၀ ရှိ အစီအစဉ်တစ်ရပ်ကို မေလတွင် ထုတ်ပြန်ကြေညာခဲ့လေသည်။

ဂျပန်နိုင်ငံက သဒ္ဓါတရားကြီးမားလှစွာဖြင့် ဘဏ္ဍာငွေကြေး ထောက်ပံ့ပေးမည့် အစီအစဉ်မှာ စီးပွားရေး ထွန်းသစ်စ အာရှနိုင်ငံများအတွက် မဟာသတင်းကောင်းဖြစ်၏။ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးရေးတို့အတွက် အခြေခံအဆောက်အအုံ မြင့်မားတိုးတက်ရန် အရေးကြီးနေချိန်တွင် ယင်းအစီအစဉ်မှာ တိုင်း၍ရက်သည့် ကမ္ဗလာမိုးရွာသည်နှင့် အခန့်သင့်ဖြစ်ပေလိမ့်မည်။

ထိုစဉ်အတွင်း ဂျပန်နိုင်ငံ မြို့တော် တိုကျို၌ ဂျပန်-မဲခေါင် ထိပ်သီးဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်တွင် ကျင်းပခဲ့သည်။ သတ္တမအကြိမ် နှစ်ပတ်လည် ထိပ်သီးညီလာခံသို့ တက်ရောက်လာသော 'မဲခေါင်-၅' (Mekong Five) နိုင်ငံများကို ဂျပန်နိုင်ငံက ကော်ဇောနီခင်း၍ ကြိုဆိုခဲ့လေသည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခေါင်းဆောင်များနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် အရည်အသွေးမြင့် အခြေခံအဆောက်အအုံများ ထူထောင်နိုင်ရေးအတွက် မိတ်ဖက်ပြု ဆောင်ရွက်နိုင်ရန် အဓိကပြုဆွေးနွေးမည်ဟု ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ယိုရှိဒဆုဂက ပြောကြားခဲ့သည်။

ဂျပန်-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာသစ်များကိုလည်း ဂျပန်နှင့် မဲခေါင်-၅ တို့ အတည်ပြုချမှတ်မည်ဟုလည်း ဆုဂက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် အစဉ်အလာအရပင်လျှင် မဲခေါင်ဒေသ နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် နိုင်ငံဖြစ်ပေရာ မဲခေါင်ဒေသ၌ အခြေခံအဆောက်အအုံများ ခိုင်ကျည်စွာ ဖြစ်ပေါ်လာရေးအတွက် နေဝန်းနီနိုင်ငံက လက်တွဲဆောင်ရွက်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်မိသည်။

ဘောဂဗလ အင်အားတောင့်တင်းလာသော တရုတ်နိုင်ငံက အာရှနိုင်ငံများ၏ အခြေခံအဆောက်အအုံ ခိုင်မာရေးအတွက် အကူအညီပေးရန် တာစူလာနေချိန်တွင် ဂျပန်နိုင်ငံကလည်း ရွှေမှန်ကင်းဘဝသို့ ဦးတည်နေသော အာရှဒေသ၌ အခြေခံအဆောက်အအုံ တိုးတက်ရေးအတွက် ရည်မျှော်ကြိုးပမ်းလာနေပေပြီ။

တရုတ်-အာဆီယံ မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုက 'ရွှေဆယ်စုနှစ်' ကို ဖန်တီးပေးနိုင်ခဲ့ပြီး ပိုမိုကျယ်ပြန့်သည့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် 'စိန်ဆယ်စုနှစ်' အတွင်းသို့ ဝင်ရောက်လာနေပြီဟူ၍ တရုတ် ဝန်ကြီးချုပ် လီကွေ့ကျန်းက မိန့်ဆိုခဲ့သည်ကို ကျွန်ုပ်ပြန်ပြောင်း သတိရမိလေသည်။

အာရှနိုင်ငံများ၌ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် တရုတ်နှင့် ဂျပန်နိုင်ငံတို့က အကြိတ်အနယ် ခြေလှမ်းပြင်လျက်ရှိကြသဖြင့် မဝေးသော အနာဂတ်၌ အခြေခံအဆောက်အအုံ နန်းပြာသာဒ်ဘုံ ဒွယံဒွယံအစုံ ပေါ်ထွန်းလာလတ္တံ့ဟု ကျွန်ုပ်နိမိတ်ပုံမြင်မိပါသတည်း။ ။




အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်သည် အာရှ-ပစိဖိတ်ဒေသတစ်ဝန်း၌ စီမံကိန်းအမျိုးမျိုးအတွက် ရန်ပုံငွေထောက်ပံ့ပေးမည်ဖြစ်သည်။

# သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများ အသင်း(ယာယီ)မှ အလှူငွေပေးအပ်



**ရန်ကုန် ဇူလိုင် ၄**

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း (ယာယီ) မှ အဖွဲ့ဝင် ဝန်ထမ်းဟောင်းများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင် အသုံးပြုရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၉ ရက် နံနက်က အသင်းရုံးခန်းမ၌ကျင်းပရာ အလှူရှင်များကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဇော်ဝင်းက အတွင်းရေးမှူး ဒေါ်ခင်ညိုဝင်းအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဦးခင်မောင်ကျော်ဒင် (စာတည်းမှူးချုပ်၊ ကြေးမုံသတင်းစာတိုက်)နှင့် မိသားစု၊ ဦးမြင့်ဆွေ (စာတည်းမှူးချုပ်-ငြိမ်း၊ ကြေးမုံသတင်းစာတိုက်)နှင့် မိသားစု၊ ဦးထွန်းလင်းအောင် (စာတည်းမှူး-ငြိမ်း၊ မြန်မာ့သတင်းစဉ်) နှင့် မိသားစု၊ ဦးဇော်ဝင်း (မန်နေဂျာ-ငြိမ်း၊ ကြေးမုံသတင်းစာတိုက်) နှင့် မိသားစု၊ ဒေါ်ခင်ညိုဝင်း (မန်နေဂျာ-ငြိမ်း)နှင့် ဦးသန်းရွှေ (လက်ထောက်မန်နေဂျာ-ဖြန့်) တို့က အလှူငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း လူမှုရန်ပုံငွေစာရင်းသို့ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အဖွဲ့အတွင်းရေးမှူး ဒေါ်ခင်ညိုဝင်း ဖုန်း- ၀၉၅၄၀၂၇၃၁၊ ဦးသန့်ဇင်ထွန်း(ရုံးအဖွဲ့) ဖုန်း- ၀၉၇၃၁၅၆၃၂၊ ဦးဇော်ဝင်း (အမှုဆောင်) ဖုန်း- ၀၉၇၃၁၃၇၁၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် မြန်မာ့စီးပွားရေးဘဏ် (၃) တွင် ဖွင့်လှစ်ထားသော သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း လူမှုရန်ပုံငွေစာရင်း စာရင်းအမှတ်-SF007550 သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

ဖတ်စရာ

# ကျုံးအလှနှင့် ကုသိုလ်ပြုနေရာ စိတ်ချမ်းသာမှုပေးနေ

**ခ** တိမ်တမန်

ကျုံးပတ်လည် ဝန်းရံထားသော မန္တလေး နန်းမြို့ရိုးသည် မန္တလေးမြို့ဂုဏ်ကိုဆောင်နေသော ရှေးဟောင်းအမွေအနှစ်တစ်ခုပင်ဖြစ်သည်။ မန္တလေးမြို့၏ဂုဏ်၊ မန္တလေးမြို့ကို အထင်ကရဖြစ်စေသောသင်္ကေတမှာ ကျုံး၊ နန်းမြို့နှင့်အတူ ရွှေနန်းတော်ပင်ဖြစ်သည်။ မန္တလေးတောင်နောက်ခံနှင့် ကျုံးအလှမှာ ကြည့်မဝသော ရှုခင်းတစ်ခုပင်ဖြစ်နေပေသည်။ ရတနာပုံရွှေနန်းတော်ကြီးကို ကာရံဝန်းပတ်ထားသော အုတ်မြို့ရိုးမှာ နိုင်ငံတကာခရီးသွားဧည့်သည်များကို အထူးဆွဲဆောင်စေပေသည်။

တန်ဖိုးမဖြတ်နိုင်သည့် မြန်မာသမိုင်းအမွေအနှစ် အုတ်မြို့ရိုးအမြင့်မှာ တစ်ဆယ့်ရှစ်တောင် (၂၈ ပေ ၆ လက်မ)မြင့်ပြီး ကျောဘက်အတွင်းဘက်တွင် မြို့ရိုးထိပ်မှဆင်ခြေလျှောအတိုင်း မြေသားဖို့ထားသည့် နည်းပညာနှင့် အယူအဆသည် စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ တုတ်၊ ခဲ၊ လှံ၊ လေး၊ မြား အသုံးပြုသော ရှေးခေတ်ကတည်းက တည်ဆောက်ခဲ့သော မြေနီသရွတ်တို့သည်ပင် သေနတ်၊ အမြောက်ဆံများ အသုံးပြုသည့်ခေတ်အထိ အလွန်ခိုင်ခံ့ခဲ့သည်။

နိုင်ငံတကာခရီးသွားဧည့်သည်များ စိတ်ဝင်စားသော မန္တလေးဂုဏ်ဆောင် အုတ်မြို့ရိုး၏ အရှည်မှာတာ ၆၀၀၊ အတောင် ၄၂၀၀ လေးမျက်နှာ စုစုပေါင်းအရှည် ( ၅ မိုင် ၁ ဖာလုံ) ရှိပေသည်။ သာသနာတော်နှစ် ၂၄၀၀ သင်္ကေတကို အမှတ်အသားပြုသော အထိမ်းအမှတ်အဖြစ် မြို့တော်ကို လေးထောင့်စတုရန်းတည်ကာ မြို့ရိုးတစ်ဖက်လျှင် တာ ၆၀၀ စီ အညီအမျှ ခွဲဝေထားခဲ့ပေသည်။ အုတ်မြို့ရိုးလေးမျက်နှာတွင် ဓာတ်တံခါးလေးရပ်၌ ဘုံခုနှစ်ဆင့်၊ မိတ်တံခါးရှစ်ရပ်၌ ဘုံငါးဆင့်၊ ထောင့်ပြကြီးလေးခုနှင့် ပြငယ် ၃၂ ခု၌ ဘုံငါးဆင့် ပြာသာဒ်များ ထုပ်စွပ်လျောက်စွပ်ကို မြန်မာရှေးဗိသုကာစနစ်ဖြင့် ဆောက်လုပ်ထားခဲ့ပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။

မြို့ရိုးလေးမျက်နှာပတ်လည်တွင် ပြာသာဒ်ကြီး၊ ပြာသာဒ်လတ်၊ ပြာသာဒ်ငယ် ၄၈ ဆောင်မှာ မြင်သူကိုငေးစေသည့်အလှပဆုံးသော ရှုခင်းတစ်ရပ်ပင်ဖြစ်နေပေသည်။ လှပသောရှုခင်းနံဘေး စိတ်ချမ်းသာမှုမြင်ကွင်းလေးများက ညနေတိုင်းတွေ့မြင်နေရပေသည်။

လမ်းလျှောက်လာသူများသည် ကျုံးအနောက်ဘက်တွင် ကားများတန်းစီထိုးကာ လမ်းလျှောက်သလို ကုသိုလ်ပြုသူတို့မှာလည်း မြောက်များစွာသောခိုစာများကိုကျွေးကာ ကုသိုလ်ပြုလေ့ရှိသည်။ ယဉ်ပါးနေသောခိုများကို အစာကျွေးရန်အတွက် အရန်သင့်ရောင်းချသူလည်း ရှိနေသည်။ လှပသောကျုံး၊ တင့်တယ်သောမြင်ကွင်း၊ စိတ်ချမ်းသာခြင်းတို့ဖြင့် စီခြယ်ထားသောမန္တလေးကျုံးအလှမှာ ရှုမဝသောအလှရှုခင်းအဖြစ် တည်ရှိနေလျက်ရှိနေပေသည်။



# ငရုတ်ကောင်းမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာသုံးရွာမှ အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ၊စားသုံးကုန်များ ပေးအပ်

**ပုသိမ် ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ ရှိ ရေဘေးသင့်ကျေးရွာသုံးရွာမှ အိမ်ထောင်စုများအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက အိမ်သုံးပစ္စည်းများ၊ စားသုံးကုန်များနှင့် ငွေများ ပေးအပ်ထောက်ပံ့ခဲ့သည်။ တင်းချောင်းကျေးရွာအုပ်စု ငရုတ်ကောင်းတောင်ကျေးရွာရှိ အိမ်ထောင်စု ၄၃ စု၊ ဝက်ကော်ကျေးရွာရှိ အိမ်ထောင်စု ၉၃ စု၊ ဝက်ကလောသစ်ထုတ်လုပ်ရေးကျေးရွာရှိ အိမ်ထောင်စု ၁၃ စုနှင့် ပိုးလောင်းကျေးရွာအုပ်စု၊ စမ်းကလေးကျေးရွာရှိ အိမ်ထောင်စုသုံးစုတို့သည် ပင်လယ်ဒီရေတက်ချိန် မိုးရွာသွန်းမှု၊ တောင်ကျရေစီးဆင်းမှုနှင့် မြစ်တစ်ရာချောင်းရိုး ရေလျှံရေကြီးနစ်မြုပ်မှုကြောင့် အိမ်ထောင်စုပေါင်း ၁၅၂ စုရေဘေးသင့်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က အိမ်ထောင်စုတစ်စုလျှင် ကျပ် ၁၀၀၀၀ ကျပ်နှုန်းဖြင့် အိမ်ထောင်စု ၁၅၂ စုအတွက်ကျပ် ၁၅၂၀၀၀၀နှင့် ယမ်ယမ်ခေါက်ဆွဲခြောက် ပုံး ၃၆ ဖာအား ပေးခဲ့သည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိမ်ထောင်စု ၁၃၆ စုအတွက် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးဖြစ်သည့် ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာတို့နှင့် အိမ်ထောင်စု ၁၅၂ စုအတွက် လူကြီးတစ်ဦးလျှင် ဆန်နို့ဆီဘူးသုံးဘူး၊ ကလေးတစ်ဦးလျှင် ဆန်နို့ဆီဘူးတစ်ဘူး ခွဲနှုန်းဖြင့် သုံးရက်စာ စုစုပေါင်း ဆန် ၂၈ အိတ် ငါးပြည်တို့အား ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းအပြင် တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရေဘေးသင့် ငရုတ်ကောင်းတောင်ကျေးရွာနှင့် ဝက်ကော်ကျေးရွာ အိမ်ထောင်စု ၁၃၆ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၁၃၆၀၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့သည်။

မြစ်သဒ္ဒါလူမှုကူညီရေးအဖွဲ့မှဦးစီး၍ ဂရုဏာလူမှုရေးအဖွဲ့(ပုသိမ်)သည် တင်းချောင်းအုပ်စု၊ ငရုတ်ကောင်းတောင်ကျေးရွာ၊ ဝက်ကော်ကျေးရွာနှင့် ဝက်ကလောသစ်ထုတ်လုပ်ရေးကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများအား ဆန် ၁၀ အိတ်၊ ဒန်အိုး ၁၀၃ လုံး၊ ဒယ်အိုးနှင့် စတီးဇလုံ ၉၀ လုံး၊ ယမ်ယမ်ခေါက်ဆွဲခြောက် ကိုးဖာနှင့် ဘောင်းဘီတို ၅၅ ထည်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

တင်းချောင်းကျေးရွာအုပ်စု၊ ဝက်ကော်ကျေးရွာ၊ ငရုတ်ကောင်းတောင်ကျေးရွာ၊ ဝက်ကလောသစ်ထုတ်လုပ်ရေးကျေးရွာနှင့် ပိုးလောင်းအုပ်စု၊ စမ်းကလေးကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့မှု စုစုပေါင်းမှာ ငွေသားကျပ် ၂၈၈၀၀၀၀၊ ဆန်အိတ် ၃၈ အိတ်ရှစ်ပြည်၊ ယမ်ယမ်ခေါက်ဆွဲခြောက် ၄၅ ဖာနှင့် အခြားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

# အ.လ.ကခွဲကျောင်းအဖြစ်အဆင့်တိုးမြှင့်

**ကောလင်း ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းလွန်ကျောင်း ၁၂ ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ကြောင်း သိရသည်။ ယင်းသို့တိုးမြှင့်သောကျေးရွာများမှာ တောင်ကြားကျေးရွာ၊ လယ်ရင်းတဲကျေးရွာ၊ သီးကုန်းကျေးရွာ၊ ကသစ်ကုန်းကျေးရွာ၊ မူးတိမ်ကျေးရွာ၊ သမန္တာကျေးရွာ၊ ဇီးကုန်းကျေးရွာ၊ သဖန်းကုန်းကျေးရွာ၊ ဖလဲကျေးရွာ၊ ဆင်းမကျေးရွာ၊ ကြာအင်း(၂)ကျေးရွာ၊ မြောက်အင်းရပ်အခြေခံပညာမူလွန်ကျောင်းတို့ဖြစ်သည်။

"အခုလို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဖြစ် တိုးမြှင့်ဖွင့်လှစ်လိုက်လို့ အလယ်တန်းပညာထိ ကျေးရွာမှာတက်ရောက်ရပြီး အနီးအနား ကျေးရွာများ ပါတက်ရောက်နိုင်ပြီ" ဟု သဖန်းကုန်းကျေးရွာကျောင်းသား မိဘတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# တီးတိန်၌ဘိန်းအစားထိုး ပုလဲသွယ်စပ်မျိုးစပါး၊ သီးနှံ၊ မျိုးစေ့များပေးအပ်

**တီးတိန် ဇူလိုင် ၄**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့၌ ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး မျိုးစေ့၊ ပျိုးပင်များပေးအပ်ပွဲကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မျိုးလတ်က အမှာစကားပြောကြားပြီး ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ ကီလို ၇၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ သစ်အယ်ပျိုးပင် ၁၀၀ ကို မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဆန်းထန့်ဗဲလ်းကလည်းကောင်း၊ မျောက်ငိုပျိုးပင် ၅၀ ကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝုန့်လျှန်းခမ်ကလည်းကောင်း တောင်သူ ၆၄ ဦးထံသို့ အသီးသီးပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဒေါင့်ခန့်နန်က ဘိန်းအစားထိုးသီးနှံ၊ မျိုးစေ့စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းကို သင်ကြားပို့ချပေးခဲ့သည်။

ချင်းပြည်နယ်တွင် အဆိုပါဘိန်းအစားထိုးသီးနှံများအဖြစ် ပုလဲသွယ်စပါးစသည့် သီးနှံမျိုးစေ့များ၊ နှစ်ရှည်ပျိုးပင်များနှင့် နှစ်ချင်းသီးနှံမျိုးစေ့ထုပ်များကို တောင်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုလျော့ကျစေရန် ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေးပညာပေးဟောပြောပွဲများ၊ သီးနှံပိုးမွှားများအန္တရာယ် ကာကွယ်ရေးပညာပေးခြင်း စသည့်သီးနှံအထွက်တိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဓိုဟောဆာ**

# မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်ညှိနှိုင်းဆွေးနွေး

**ငါန်းဇွန် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်အရ ရာသီဥတုပြောင်းလဲမှု လိုက်လျောညီထွေနေထိုင်ခြင်းဆိုင်ရာ ရှေ့ပြေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ စီမံကိန်းဆိုင်ရာ နည်းပညာအကြံပေးအရာရှိချုပ် Pasquale Capizzi ဦးဆောင်အဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်နှင့် ဦးမြတ်သူ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့သည်။

တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် စီမံကိန်းဆိုင်ရာ နည်းပညာအကြံပေးအရာရှိချုပ် Pasquale Capizzi က မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ထိခိုက်လွယ်မှု ဆန်းစစ်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းကို ခန့်မှန်းမှုဆိုင်ရာ ရှေ့ပြေးစီမံကိန်းအကြောင်းအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ငါန်းဇွန်မြို့နယ်၏ရာသီဥတုဆိုင်ရာအချက်အလက်များ၊ စီမံကိန်းဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများနှင့် မြို့နယ်အတွင်း အသက်မွေးဝမ်းကျောင်းနေမှုအခြေအနေများကို တက်ရောက်လာသူများနှင့် အပြန်အလှန် မေးမြန်းဖြေကြားခဲ့သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ခေါင်းစဉ်အမည်လေးပြောင်းတော့မယ်

**à ရွှေထား**

**ယမန်နေ့မှအဆက်**

အေးကွာ နင်ခုလိုရှင်းပြတော့လည်း ငါ ဒီအကြောင်းတွေကို စုံအောင် သိခွင့်ရတာပေ့ါ။ ငါလည်း အရင်တုန်းက သမဆိုရင် ဆီဝေ၊ ဆန်ဝေတာလောက်သိတာလေ။ ဒါကြောင့် သမမှာ အရာရှိစဖြစ်တုန်းက ဆပ်ပြာတို့ ဆန်တို့ဝေရင် တန်းမစီရအောင်လုပ်ပေးနော်လို့ စခဲ့မိသေးတယ်လေ။ နင်မှတ်မိလား။

မှတ်မိတာပေ့ါ။ အဲဒီတုန်းက အလုပ်တာဝန်တွေကို သေချာမသိရသေးလို့ နင့်ကိုပြန်ပြီး မချေပနိုင်ဘူးလေ။

ဟုတ်ပါပြီ. . အခုလို နင်တို့ဌာနကလုပ်ငန်းတွေအကြောင်းပြည့်ပြည့်စုံစုံ သိရတော့ ငါတောင် နင်တို့သမကခေါ်တဲ့ အရာရှိ စာမေးပွဲဝင်ဖြေဖို့ စဉ်းစားလိုက်ပြီ။ ကောင်းတာပေ့ါ. . ။

နေပါအုံး နင်အစကပြောတော့ ဟော့နေတဲ့ လုပ်ငန်း(၃)ခုရှိတယ်ဆို။ နင်ရှင်းပြဖို့ တစ်ခုကျန်သေးတယ်မှတ်တယ်။

အေး . . ဟုတ်တယ်သူငယ်ချင်း။ နင်က ငါရှင်းပြတာတွေအကုန်လုံး စိတ်ဝင်စားသားပဲ။ ဒီတော့ ငါလည်းပြည့်ပြည့် စုံစုံဆက်ပြောရတာပေ့ါ။ အခုတို့သမဝါယမက အဓိကထားလုပ်နေတဲ့ လုပ်ငန်း(၃)ခုထဲမှာ ငါမရှင်းပြရသေးတာက သမဝါယမအသင်းတွေအဆင့်မြှင့်တင်တဲ့အကြောင်းပဲ။ သမဝါယမအသင်းတွေဖွဲ့စည်းပြီးသွားရင် အဲဒီအသင်းတွေက လုပ်ကိုင်တဲ့လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး နည်းပညာလိုရင်နည်းပညာ၊ အရင်းအနှီးလိုရင် ချေးငွေ၊ ထုတ်ကုန် ပစ္စည်းတွေအတွက် ဈေးကွက်ရရှိဖို့ ချိတ်ဆက်ပေးတာတွေကို တို့ဝန်ကြီးဌာနက ကူညီထောက်ပံ့ပေးနေတယ်။ ဒါမှ အသင်းတွေက လက်ရှိလုပ်ငန်းတွေကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မယ်။ အသင်းတွေဖွံ့ဖြိုးတိုးတက်မှ အသင်းသားတွေ အကျိုးအမြတ်ရရှိမယ်လေ။ အသင်းသားတွေကလည်း ပြည်သူတွေပဲဆိုတော့ ပြည်သူ့ဝင်ငွေ တိုးတာနဲ့ တိုင်းပြည်ဝင်ငွေတိုးတက်လာတာပေ့ါကွာ။ ဝင်ငွေတိုးလာရင် သိတဲ့အတိုင်း လူမှုဘဝလည်းမြင့်မားလာမှာပဲလေ။ ဒါကြောင့် ဝန်ကြီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝမြင့်တင်ရေးအခမ်းအနားတွေကို ဦးဆောင်ကျင်းပပြီး ပြည်သူတွေလိုအပ်နေတဲ့ လုပ်ငန်းအရင်းအနှီးချေးငွေ၊ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းတွေကို ထောက်ပံ့ပေးအပ်နေတာ။ ရုပ်မြင်သံကြားနဲ့ သတင်းစာတွေမှာ နင်ကြည့်ရမှာပေ့ါ။ ပြီးခဲ့တဲ့ မေလကုန်လောက်က ဧရာဝတီတိုင်းဒေသကြီးမှာလုပ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားမှာဆို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်အားပေးခဲ့တယ်လေ . . ။

အေး. . . ကြည့်လိုက်ရတယ်ကွ။ ဟိုတလောက သတင်းစာမှာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမဆိုပြီး လေးငါးရက်ဆက်ပြီး ဖော်ပြထားတာတွေ့ပါတယ်။ အချက်အလက်တွေတော့ အစုံပဲဟ။ ဒါပေမယ့် ငါက အပေါ်ယံလေးပဲကြည့်မိတာ။ အခု နင်ပြောသလောက် အသိမဝင်ခဲ့ဘူး. . ။ သတင်းစာထဲမှာ ငါမှတ်မိတာတော့ နောက်ဆုံးရက်မှာထင်တယ်. . သင်တန်းတွေပေးနေတာနဲ့ ပတ်သက်ပြီး နည်းနည်းမှတ်မိသလိုပဲ။ ဘာတဲ့. . နင်တို့ဝန်ကြီးဌာနအောက်က အသေးစားစက်မှုလက်မှုက ဆိုလား. . အစားအသောက်ထုတ်လုပ်နည်းသင်တန်းတို့၊ စက်ချုပ်သင်တန်းတို့ မော်တော်ဆိုင်ကယ် ပြင်တာတို့ကို သင်တန်းတွေပေးတာလေ။ အဲ့ဒါလည်း ငါစိတ်ဝင်စားသေးတယ် . . ရှင်းပြပါဦး။

အေး. . . ဝန်ကြီးဌာနအောက်မှာ သမဝါယမဦးစီးဌာနနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနဆိုပြီး ဦးစီးဌာန (၂)ခုရှိတယ်. . ။ ခုနကရှင်းပြတဲ့ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းတို့ အရစ်ကျငွေချေစနစ်နဲ့ စက်ကိရိယာတွေ ရောင်းချပေးတဲ့လုပ်ငန်းတွေကတော့ သမဝါယမဦးစီးဌာနက ပိုမိုသက်ဆိုင်ဆောင်ရွက်ပေးရပြီး အခုပြောတဲ့ နည်းပညာသင်တန်းတွေကတော့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အဓိကဆောင်ရွက်ပေးနေတာပေ့ါကွာ တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေလုပ်ကိုင်ပြီး မိသားစုဝင်ငွေတိုးစေဖို့၊ ကျွမ်းကျင်လုပ်သားအဖြစ် အလုပ်အကိုင်အခွင့်အလမ်း ရစေဖို့ရည်ရွယ်ပြီး ဖွင့်လှစ်ပေးတဲ့သဘောပေ့ါ။ သင်တန်းအမျိုးအစားကတော့စုံတယ်ဟ။ နေရာဒေသနဲ့အညီ လုပ်ကိုင်နိုင်တဲ့ နည်းပညာပေးသင်တန်းတွေကို ဖွင့်ပေးတယ်လေ . . ။ ဥပမာ အသီးအနှံပေါတဲ့နေရာမှာ ရာသီပေါ် သီးနှံတစ်ခုခု (သရက်သီး၊ နာနတ်သီး) ယိုလုပ်နည်း၊ တာရှည်ခံအောင် ထိန်းသိမ်းနည်းလိုမျိုး၊ ဝါးပေါတဲ့ ဒေသတွေမှာဆိုရင် ဝါးလက်မှုထည်သင်တန်းတို့ပေ့ါကွာ . . . ။

နေပါဦး အဲ့ဒါတွေက ဘယ်နေရာတွေမှာပေးတာလဲ ကျောင်းတွေမှာပဲလား။

အေး ကျောင်းဆိုလို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရဲ့အောက် ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ ရက်ကန်းနဲ့ အသက်မွေးပညာသင်တန်းကျောင်း ၁၃ ကျောင်းရှိတယ်။အဲဒီမှာရက်ကန်းပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာတွေကို ရက်တို၊ ရက်ရှည်သင်ကြားပေးတယ်လေ။ နောက်ပြီးမြို့နယ်တွေက သင်တန်းသားအရေအတွက် ၂၀ လောက်စုပြီး ဖွင့်ချင်တဲ့သင်တန်း၊ နေရာတို့ကိုစီစဉ်ပေးမယ်ဆိုရင်လည်း တာဝန်ရှိသူတွေက အဲဒီကိုသွားရောက်ပြီး နည်းပညာသင်တန်းဖွင့်ပေးတယ်။ အခုငါသိရသလောက် မန္တလေး၊ ပြင်ဦးလွင်တို့မှာရှိတဲ့ အိမ်တွင်းမှုလုပ်ငန်းတော်တော်များများက ဒီကပေးတဲ့ နည်းပညာသင်တန်းတက်ပြီး လုပ်ငန်းအောင်မြင်နေကြတာများတယ်။ ပိုထူးခြားတာက မန္တလေး အမရပူရက ဆောင်းဒါးရက်ကန်းကျောင်းနဲ့ ပုဂံက ယွန်းနည်းပညာကောလိပ်ပဲ။ ငါတော့ အဲဒီကျောင်းနှစ်ကျောင်းကို ပိုစိတ်ဝင်စားတယ်။ ရိုးရာအမွေအနှစ်ကိုထိမ်းသိမ်းရာလည်းရောက်၊ ခေတ်မီတဲ့အသုံးအဆောင်ပစ္စည်းတွေထုတ်လုပ်ပြီး နိုင်ငံခြားဝင်ငွေလည်းရစေတဲ့ ဒီကျောင်းတွေရဲ့ ပညာရပ်တွေကို ငါအရမ်းလေးစားတယ်။ အစကမသိခဲ့ဘူး။ ဒီဝန်ကြီးဌာန ရောက်တော့မှသိတာ။ ခုမှ အဲဒီကျောင်းတွေ တက်ချင်လို့လည်း မဖြစ်တော့ဘူးလေ။

ဒါပေမယ့် နင်ကလမ်းညွှန်ကောင်းခဲ့ပါတယ် တို့မြို့က သူဇာတို့ညီအစ်မကို ယွန်းပညာကောလိပ်တက်ဖို့ အကြံပေးလိုက်လို့ သူတို့တက်ဖြစ်ကြတယ်။ အခုသူဇာက ယွန်းပညာကောလိပ်မှာ နည်းပြဆရာမဖြစ်နေပြီ။ ကြည်ပြာကတော့ အိတ်စ်ပို့ကုမ္ပဏီတစ်ခုမှာ ယွန်းထည်ကျွမ်းကျင်သူအနေနဲ့အလုပ်ရနေပြီ. . . ။

ဟုတ်လား. . . အေးပါဆို. . ဒီကျောင်းတွေကဆင်းရင် အလုပ်အကိုင်အခွင့်အလမ်းမရှားဘူးဟ. . . ။

ထားရယ်. . . ငါဖြင့်နင်ပြောတာတွေနားထောင်ပြီး မစားရ ဝခမန်းဖြစ်နေပြီ။ နင်တို့ဌာနကနေရာစုံကို ခြေဆန့်တာပဲနော်။ ပြည်သူတွေကြားမှာနေရာစုံမှာရှိနေတာပေ့ါ။

အေးပေ့ါ. . . တခြားဝန်ကြီးဌာနတွေဆို သူ့အကန့်နဲ့သူဆိုင်ရာလောက်ပဲရှိတာ။ တို့ဝန်ကြီးဌာနကတော့နေရာစုံ၊ ကဏ္ဍစုံပဲ. . . ။ တစ်ခုပဲမပါရတာ အဲဒါတော့ နိုင်ငံရေး။ နိုင်ငံရေးကတော့ အသင်းမှာလုပ်လို့မရဘူး။ သမဝါယမအနေနဲ့ ပညာရေးဝန်ဆောင်မှုသမအသင်းတွေဖွဲ့လို့ရတယ်၊ ဝန်ထမ်းတွေစုပြီး ငွေစုငွေချေးသမအသင်းဖွဲ့လို့ရတယ်၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုသမဝါယမအသင်းတွေရှိတယ်။ စိုက်ပျိုးရေးသမဝါယမ၊ မွေးမြူရေးသမဝါယမ၊ ရောင်းဝယ်ရေးသမဝါယမ၊ စက်မှုကုန်ထုတ်သမဝါယမ၊ ဈေးငွေစုငွေချေးသမအစုံရှိတယ်။ ဒီလိုအလွှာစုံမှာရှိနေလို့လည်း သမဝါယမကကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးတွေမှာ အဓိကပါဝင်လုပ်ကိုင်နိုင်တာလေ။ ဒ့ါအပြင် သမဝါယမဝန်ထမ်းအဆင့်ဆင့်နဲ့ သမဝါယမအသင်း အမှုဆောင်၊ အသင်းသား၊ ဝန်ထမ်းအဆင့်ဆင့်တို့ကို အရည်အသွေးမြှင့်တင်ပေးတဲ့သင်တန်းတွေ၊ မွမ်းမံသင်တန်းတွေ ဖွင့်ပေးနေတယ်ဆိုတာရယ်၊ သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းတွေကနေ အမျိုးသားရေးစိတ်ဓာတ်နဲ့ လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝတဲ့ သမဝါယမစီးပွားရေးပညာတတ်တွေ၊ အသက်မွေးဝမ်းကျောင်းပညာတတ်ကျွမ်းသူတွေကို မွေးထုတ်ပေးနေတယ်ဆိုတာရယ် ပြောဖို့ကျန်နေသေးတယ်။

သူငယ်ချင်းရေ. . . ဒီလိုနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံကျကျလိုအပ်လှတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကိုလည်း သမဝါယမက မွေးထုတ်ပေးသေးတယ်ဟ။

အင်း. . . ဝန်ကြီးဌာနရဲ့ လုပ်ငန်းရည်ရွယ်ချက်တွေ၊ အလုပ်တွေက တော်တော်ကျယ်ပြန့်တာပဲနော်။ ဒါနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ရော အလုပ်လုပ်လား။

အေး. . . . လုပ်တယ်ဟ။ UNDP၊ Pact Global Microfinance Fund (PGMF) တို့နဲ့ချိတ်ဆက်ပြီး အသေးစား အရင်းအနှီးချေးငွေလုပ်ငန်းတွေလုပ်တယ်။ အခုနောက်ထပ် Korea edkifiH Daedong ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖိုးရှိတဲ့ လယ်ယာသုံးစက်ကိရိယာတွေကို အရစ်ကျငွေချေစနစ်နဲ့ တင်သွင်းရောင်းချပေးနေတယ်။ အဲဒါကတော့ အခုတလောအရေးပါဆုံး၊ အဟော့ဆုံးလုပ်ငန်းတစ်ခုပေ့ါ။ ဝေဖန်မှုအမျိုးမျိုးကြားရပေမယ့် အကြိုက်တွေ့တဲ့တောင်သူတွေများပါတယ်။အဆင်မပြေမှုအနည်းငယ်ရှိတဲ့ ဝယ်ယူသူအသင်းသား တောင်သူတွေ အတွက်လည်း အဆင်ပြေစေမယ့် လုပ်ငန်းစီမံမှုတွေ ဆောင်ရွက်ထားပါတယ်။ နည်းပညာသင်တန်းပေးတာကအစ၊ စက်ပစ္စည်းချွတ်ယွင်းမှုအတွက် အာမခံပြင်ဆင်ပေးတာမျိုးအဆုံးပေ့ါ။

ထားရယ်. . . အပြုသဘောဝေဖန်ချင်တဲ့သူထက် သူများအလုပ်အပေါ်စိတ်တိုင်းမကျ၊ အပြစ်မြင်ဝေဖန်ချင်တဲ့ သူကများတာကိုး. . .။ အများအကျိုးကို ကိုယ်လည်း မဆောင်ကြဉ်းနိုင်၊ သူများလုပ်နေတော့လည်း မရှုစိတ် ဆိုတဲ့သဘောပေ့ါ။

ဟုတ်တယ်သူငယ်ချင်း. . .။ ဘာပဲပြောပြော ငါကတော့. . ကိုယ်တာဝန်ထမ်းဆောင်နေတဲ့ ကဏ္ဍကနေ တာဝန်ကျေပွန်အောင် ဆောင်ရွက်ပေးနေရတာကိုပဲ "တောင်သူဦးကြီးမိဘတွေကိုကူညီနေတာပါလား"လို့ မှတ်ယူပြီး ဂုဏ်ယူပီတိဖြစ်ရတယ်သူငယ်ချင်း။ ဒါကြောင့်လည်း ငါကအလုပ်မှာ တာဝန်သိ၊ တာဝန်ရှိလို့ ခံယူကျင့်သုံးပြီး အလုပ်လုပ်တော့ အလုပ်တွေကပိုများလာတယ်။ အလုပ်များတော့ ကိုယ်ပိုင်အချိန်နည်းတာပေ့ါ။ ဒါကြောင့်လည်း နင့်ဆီ ဖုန်းဆက်ဖို့၊ အကြာကြီးစကားတွေပြောဖို့ အချိန်မပေးနိုင်တာပါ။ ခွင့်လွှတ်တယ်မို့လား. . ဟင်။

ဟုတ်ပါပြီ. . . ဒီလိုတာဝန်သိ၊ တာဝန်ကျေပွန်တဲ့ ဝန်ထမ်းသူငယ်ချင်းလေးကို ခွင့်လွှတ်ရမှာပေ့ါ. . ။

ဩော် . . မေ့တော့မလို့ မွန်မွန်ရာ. . အရေးကြီးတဲ့ သတင်းပေးဖို့ချန်ထားတယ်။ နင်ပြောတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့အလုပ်လုပ်လားဆိုတာမှာ တို့ဝန်ကြီးဌာနက အဓိကချိတ်ဆက်ထားတဲ့ အဖွဲ့အစည်းကြီးကတော့ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (International Co-operative Alliance-ICA) ပဲဖြစ်တယ်။ နိုင်ငံအနေနဲ့ ဗဟိုသမဝါယမအသင်းလီမိတက်က ဒီအဖွဲ့ချုပ်ကြီးရဲ့ အဖွဲ့ဝင်အဖြစ် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ ၇ ရက်မှာ စပြီး ဝင်ရောက်ခဲ့တယ်။ အခုလာမယ့် ဇူလိုင် ၄ ရက်၊ စနေနေ့မှာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ (ICA Day) အခမ်းအနားကျင်းပဖို့ရှိတယ်။ တို့ဝန်ကြီးဌာနမှာပဲ လုပ်မယ်လေ။ အခုနှစ် ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ရဲ့ဆောင်ပုဒ်က "Choose cooperative , choose equality" "သာတူညီမျှ သမဝါယမ". . တဲ့။ ကဲ. . ဘယ်လောက်အဓိပ္ပာယ်လေးနက်လိုက်သလဲ။ ဒီဆောင်ပုဒ်လေးကြောင့် တို့တော့အလုပ်ကို နှစ်ဆတိုးပြီး လုပ်မိ တော့မှာပဲ။

ICA Day ကျရင် တို့ရုံးမှာ သမဝါယမလုပ်ရှားမှု မှတ်တမ်းပြခန်းတွေအပါအဝင် ဒေသအသီးသီးက သမဝါယမထွက်ကုန်၊ လူသုံးကုန်ပစ္စည်းတွေကို ခင်းကျင်းရောင်းချမယ့်ဈေးရောင်းပွဲတော်ရှိတယ်။ ဒေသထွက်ကုန်ချင်း ဖလှယ်ကြမယ်၊ နည်းပညာတွေဖလှယ်ကြမယ်။ ပြခန်းတွေကနေ စိတ်ဝင်စားဖွယ်မှတ်တမ်းပြကွက်တွေ ကြည့်ရှုလေ့လာရမယ်လေ။ အခမ်းအနားမှာ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်ကပေးပို့တဲ့ သမဝါယမ သဝဏ်လွှာဖတ်ကြားမယ်။ သမဝါယမကဏ္ဍအသီးသီးကထူးချွန်တဲ့အသင်းတွေကို ဂုဏ်ပြုဆုချီးမြှင့်မယ်။ နိုင်ငံတော်ကဖွင့်လှစ်တဲ့ ဌာနဆိုင်ရာ သင်တန်းတွေကို တက်ရောက်တဲ့အထဲက ထူးချွန်တဲ့ တို့ရဲ့ဝန်ထမ်းတွေကို ဆုချီးမြှင့်မယ့်အစီအစဉ်တွေရှောပါတယ်။ သိပ်ကိုခမ်းနားပြီး အမှတ်တရဖြစ်စေမယ့်ပွဲမျိုးပေ့ါ။ အခုငါတို့အဲဒီပွဲအတွက် ပြင်ဆင်နေတာနဲ့ အလုပ်တွေများနေကြတာ။ နင်ဒီပွဲကို လိုက်တက်ပါလား. . . ငါ ဖိတ်ခေါ်ပါတယ်။

တကယ်ပြောတာလား. . . ဒါဆိုရင်ငါအဲဒီပွဲကိုတက်ပြီးမှပဲပြန်တော့မယ်. . အရမ်းကြည့်ချင်လာပြီ။ ပြီးတော့လည်း ဒီလောက်ရည်ရွယ်ချက်ရော၊ အနှစ်သာရပါပြည့်စုံကောင်းမွန်ပြီး၊ ပြည်သူကို တကယ်ထိထိရောက်ရောက်ကူညီ ဆောင်ရွက်ပေးနေတဲ့ နင်တို့ဝန်ကြီးဌာနမှာပဲ ငါလုပ်အားဖြည့်ဖို့ ရာထူးဝန်လျှောက်လွှာ ခေါင်းစဉ်အမည်မှာ "သမဝါယမဝန်ကြီးဌာန"လို့ ပြောင်းလိုက်တော့မယ်နော်. . ။

ကြိုဆိုပါတယ်သူငယ်ချင်း. . .။

## မန္တလေးမြို့မှာပင် စက်ရုံတည်ထားရှိပြီး ယာဉ်နံပါတ်ပြားများ လျှင်မြန်စွာထုတ်ပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၄**

မန္တလေးမြို့ရှိ မော်တော်ယာဉ်နံပါတ်ပြားများအား ဇွန်လ ပထမအပတ်က စတင်ကာ မန္တလေး၌ပင် စက်ရုံတည်ကာ ထုတ်လုပ်ပြီး လျင်မြန်လွယ်ကူစွာ ထုတ်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေလင်း၏ ပြောပြချက်အရ သိရသည်။

"အရင်က နံပါတ်ပြားရဖို့ ခက်တယ်။ တစ်လ ကျော်ကြာတယ်။ အခုမန္တလေးမှာပဲ စက်ရုံထောင်ပြီး ယာဉ်နံပါတ်ပြားတွေကို ထုတ်ပေးနေတာပါ။ ကားအတွက် လုပ်ငန်းကိစ္စတွေပြီး နောက်နေ့ရအောင် ကြိုးစားပြီး ဆောင်ရွက်နေတာပါ။ မြို့ဝင်ကြေး ကောက်တုန်းက ကောက်ခံတဲ့အဖွဲ့က စာအုပ်တွေက နောက်မှုကြည့်တာ။ ယာဉ်နံပါတ်ပြားကို အရင်ကြည့်ပြီးကောက်ခံကြတာ။ အဲဒါကြောင့် ယာဉ်ပိုင်ရှင်တွေ မနစ်ရအောင် ကြိုးစားပြီး ဆောင်ရွက် ခဲ့တာပါ" ဟု ညွှန်ကြားရေးမှူး ဦးနေလင်းက ရှင်းပြသည်။

ယခင်က ယာဉ်နံပါတ်ပြားများ ဆောင်ရွက်ရန်အတွက် နေပြည်တော်သို့ပေးပို့ပြီး ဆောင်ရွက်ရကြောင်း၊ နေပြည်တော်ရှိ စက်ရုံသည်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရသော ကြောင့် အချိန်ကြန့်ကြာမှုများရှိခဲ့ကြောင်း၊ ယခုအခါ မိမိတို့မြို့၌ပင် စက်ရုံတည်ရှိနေသောကြောင့် လျင်မြန်လွယ်ကူစွာ ယာဉ်ပိုင်ရှင်များ လက်ဝယ်အချိန်ကြန့်ကြာမှုမရှိဘဲပေးနိုင်ပြီဖြစ်ကြောင်းသိရသည်။

"နံပါတ်ပြားတွေ အမြန်လုပ်ပေးတော့ ယာဉ်ပိုင်ရှင်တွေအတွက် အဆင်ပြေတာပေ့ါ။ ကျွန်တော်ကိုယ်တိုင်တော့ မလုပ်ရသေးတော့ အချိန်ဘယ် လောက်စောင့်ရလဲဆိုတာ မသိရသေးဘူး။ အရင်ကဆိုရင် ကားကော၊ ဆိုင်ကယ်ကော နံပါတ်ပြားရဖို့က တစ်လကျော်ကျော် စောင့်ရပါတယ်" ဟု ယင်းမြို့နယ်ရှိ ယာဉ်ပိုင်ရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

မန္တလေးတိုင်းဒေသကြီး ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ် ၁၁၀၀၀၀ ကျော်နှင့် အခြားမှတ်ပုံတင်ထားသည့် စက်တပ်ယာဉ် ၁၂၈၀၀၀၀ ကျော် စုစုပေါင်း အစီးရေ ၁၄၃၀၀၀၀ ကျော်ရှိကြောင်း အဆိုပါ ဦးစီးဌာန၏ထုတ်ပြန်ချက်အရသိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁) ရပ်ကွက်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၅)အား ဇူလိုင် ၁ ရက် နံနက်ပိုင်းက အထက(ခွဲ)ကျောင်းအဖြစ် တို့ချဲ့ဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင်လှိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်အေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဲ့လှဲ့မြင့်နှင့် ကျောင်းအကျိုးတော်ဆောင်ဦးရွှေမန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**(၃၂၉)**

## နိုင်ငံသားကတ်ပြားများ ပြုလုပ်ပေး

**ရန်ကုန် ဇူလိုင် ၄**

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် မိုးပွင့်(အထူး)စီမံချက်ဖြင့် ဇွန် ၂၅ နံနက် ၉ နာရီခွဲက တညင်းကုန်း ဘုန်းတော်ကြီးကျောင်း ဓမ္မပါလဓမ္မာရုံ၌ မြို့နယ်ဦးစီးမှူး ဦးထိန်လင်းသိန်းနှင့် ဝန်ထမ်းများ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၀ အတွက် ပြုလုပ်ပေးသည်။

ယခင်သီတင်းပတ်များမှ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၄၈ ကတ်အား တစ်ဦးချင်းစီ သို့ပေးအပ်နိုင်ခဲ့သည်။

**(၆၈၄)**

UAB
United Amara Bank

ယူနိုက်တက်အမရဘဏ်၏ Teenagers Account တွင် ပါဝင်ဖွင့်လှစ်ခဲ့ကြသည့်
(၂၀၁၄/၂၀၁၅)ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌
**ဂုဏ်ထူးရ ကျောင်းသား/ကျောင်းသူ (၅၆၈)ဦး**အား တစ်ဦးလျှင်
ဂုဏ်ပြု**ဆုငွေကျပ်(ငါးသိန်း)**နှင့် အတူ

# မှတ်တမ်းတင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

United Amara Bank ၏ Teenagers Account တွင် ပါဝင်ဖွင့်လှစ်ခဲ့ကြသည့် (၂၀၁၄-၂၀၁၅)ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး(၅)ဘာသာနှင့်အထက် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား/ကျောင်းသူများအား United Amara Bank **(UAB)**မှ ဂုဏ်ပြုငွေကျပ်(၅၀၀,၀၀၀/-) (ငါးသိန်း တိတိ)အား ဂုဏ်ယူစွာဖြင့် ချီးမြှင့်ပေးအပ်ပါသည်။

ကျောင်းသား/ကျောင်းသူများ၏ ပညာရေးကို ထူးချွန်စေရန် တစ်ဖက်တစ်လမ်းမှ တွန်းအားပေးနေသော **UAB** ၏ အစီအစဉ်တွင် ပါဝင်ဆင်နွှဲခဲ့သော **မအီရတနာနိုင်** (မြန်မာတစ်နိုင်ငံလုံးအဆင့်(၁)ရဂုဏ်ထူးရှင်)နှင့်အတူ -

(က) ခြောက်ဘာသာဂုဏ်ထူးရှင် - (၂၂၉) ဦး
(ခ) ငါးဘာသာဂုဏ်ထူးရှင် - (၃၃၉) ဦး
စုစုပေါင်းဂုဏ်ထူးရှင် - **(၅၆၈)ဦး** တို့အား

ယူနိုက်တက်အမရဘဏ်မိသားစုမှ ဆွေမျိုးမိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။




**"လုံခြုံစိတ်ချ၊ အားထားယုံကြည် UAB"**

## ဆုကြေးငွေကျပ် (ငါးသိန်းတိတိ) ရရှိသည့် ဂုဏ်ထူးရှင်များ စာရင်း

Call Center
01 8603305

www.unitedamarabank.com facebook/UnitedAmaraBank -its all about YOU!

ဝါဆိုသင်္ကန်းများကိုဝယ်ယူလှူဒါန်းနိုင်ကြပါစေ။
စိစိထံဆိပ်နှင့်ရောင်းချလိုသော သင်္ကန်းဆိုင်များထို
လတ်တလောဈေးနှင့် ရောင်းပေးပါသည်။
**သုခချမ်းသာသင်္ကန်းတိုက်**
☎:01-512443,09-73017656,09-5055574,09-799933315

**မျိုးမြတ်သူ** မန္တလေး-ဘုရားစုံ A/C Express စစ်ကိုင်း၊အင်းဝ
10 July 9:00pm ဒီးဒုတ်ရေတံခွန် သောကြာညသွားတနင်္ဂနွေညပြန် စား(ငြိမ်း)35000
17.7 ပြည်အကောက်တောင်နှင့်ရခိုင်တောင် 27000
09 254058712, 31568500 လက်မှတ်ရနိုင်ပါသည်

**တိုက်နှင့်ခြံငှားမည်**
၇မိုင်၊ ကုန်းမြင့်ရိပ်သာ၊
20100sqft၊ ၂ထပ်၊
4MBR,6AC, WH, Internet.
Ph:09-5006427

☎:01-512443,09-73017656, 09-32380867




ENGLISH (U.M.N)INSTITUTE

**Vacancy Announcement**

Post: Spoken English Teacher M/F
Post: School receptionist M/F
Note: Please bring your CV not later than 7.7.2015

Add: No.154, Seikanthar Street, Lower Block, Kyauktada township, Yangon, Myanmar.
Ph : 01-389173, 09-5006680

**ဖခင် အမည်မှန်**
ရန်ကုန်မြို့၊ အထက(၄)၊ ဒဂုံမြောက်တွင် ပညာသင်ကြားခဲ့သော ၁၀တန်း(D)မှမဝတ်မှုံဖူးနှင့် ၆တန်း(C) တွင်ပညာသင်ကြားနေသော မအိမွန်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင်ဖြစ်ပါသည်။
**ဦးသန်းလှိုင်**

## "HAPPY BIRTHDAY" ပါ သားသား "လရောင်"

ဖေဖေ၊ မေမေတို့၏ ချစ်လှစွာသောသားငယ်လေး မောင်လရောင်ဝင်း၏ ဇူလိုင်လ(၅)ရက်နေ့တွင် ကျရောက်သည့် (၂၀)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပညာပြည့်ဝနှလုံးလှ၍ လရောင်ကဲ့သို့ အေးချမ်းသောဘဝအလင်းရောင်ကိုပိုင်ဆိုင်နိုင်ပြီး မိဘကျေးဇူးသိတတ်သော သားလိမ္မာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်ဖေဖေ + ချစ်မေမေ**
**ချစ်ကိုကြီးကိုမျိုး + ချစ်မမပန်းပန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တိုက်ကြီးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် တွံ့တေးမြို့နယ်များအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချခြင်း -ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ သီတာဆိပ်လမ်းသွယ်၊ ပုဇွန်တောင်မြို့နယ်။

တင်ဒါတင်သွင်းခြင်းနှင့် -ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
စိစစ်ရွေးချယ်မည့်နေရာ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ သီတာဆိပ်လမ်းသွယ်၊ ပုဇွန်တောင်မြို့နယ်

| | |
|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - ၆-၇-၂၀၁၅ရက် |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် | - ၂၀-၇-၂၀၁၅ရက် ၁၂း၀၀နာရီ |
| တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန် | - ၂၀-၇-၂၀၁၅ရက် ၁၃း၀၀နာရီ |

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၁-၂၀၂၁၇၁၊ ၀၁-၉၀၀၀၉၁၂သို့ စုံစမ်းမေးမြန်း နိုင်ပါသည်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားစနစ်ဌာန၊ ဓာတ်အားကွပ်ကဲရေးဌာန (နေပြည်တော်)တွင် တပ်ဆင်ထားသော SCADA/EMS စနစ်နှင့် ချိတ်ဆက်ရန် ပင်မဓာတ်အားခွဲရုံ(၁၅)ရုံအတွက် Substation Automation System(SAS)စနစ်ကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၆-၇-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်ရက်** | - ၄-၈-၂၀၁၅ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - ၁၄း၀၀နာရီ |

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရုံးချုပ် မော်တော်ယာဉ်ဌာနအတွက် လိုအပ်သော တာယာ-(၃၅၅)လုံးနှင့် ဘက်ထရီ(၂၂၁)လုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၇-၇-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - ၆-၈-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၄း၀၀ နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊**

**UK Teaching Qualifications in Myanmar**

အမှတ်(၂၁)၊ (၄)လွှာ၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
Tel: 09421008412

**SIS**
Education Services
"Teaching for society"

**Diploma in TESOL (8th Batch)**

London Teacher Training College (UK) နှင့် Special Partner Status ရ SIS Education Services တို့ ပူးပေါင်းဖွင့်လှစ်သော နိုင်ငံတကာအသိအမှတ်ပြုအင်္ဂလိပ်စာသင်ကြားရေး Diploma ဖြစ်ပါသည်။ International School များတွင် Teacher Training များပေးခဲ့သော Certified TESOL Trainer **ဆရာဦးထင်အောင်ကျော်** B.A (Eng;), Dip-ELTM, M.A (EFL) ကိုယ်တိုင်သင်ကြားပါမည်။ ယခင် Batch များနည်းတူ(၆)ဦးသာလက်ခံမည်ဖြစ်၍ ကြိုတင်ငွေသွင်းအပ်နှံနိုင်ပါပြီ။
(Foreigners can also join this class.)




မှတ်ချက် – ပြည့်စုံမှုမရှိသော တွဲဆက်ကူပွန်များအား ဆုမဲစိစစ်ထုတ်ပေးသည့်ကော်မတီမှ ပယ်မဲအဖြစ်သတ်မှတ်သွားမည်ဖြစ်ပါသည်။

MPT

ရှေ့သို့လှမ်း ချီမြန်မာပြည်

# ခုချက်ချင်းငွေဖြည့်ပြီး အပိုဆု ၅၀% အထိ ရယူကြပါစို့

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၅) ရက်မှ (၇) ရက်တွင်း
ငွေဖြည့်ခြင်းဖြင့် အပိုဆုငွေ ရယူလိုက်ပါ။

| ငွေဖြည့်ကတ်တန်ဖိုး (ကျပ်) | အပိုဆုငွေ (%) | ရရှိမည့်အပိုဆုငွေ (ကျပ်) |
|---|---|---|
| ၃၀၀၀၀ | ၅၀% | ၁၅၀၀၀ |
| ၂၀၀၀၀ | ၅၀% | ၁၀၀၀၀ |
| ၁၀၀၀၀ | ၅၀% | ၅၀၀၀ |
| ၅၀၀၀ | ၃၀% | ၁၅၀၀ |
| ၃၀၀၀ | ၂၀% | ၆၀၀ |

- အပိုဆုငွေအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နံပါတ်အားလုံးသို့ ဖုန်းခေါ်ဆိုခြင်း နှင့် အင်တာနက်အသုံးပြုခြင်းအတွက် သုံးစွဲနိုင်ပါသည်။
- အပိုဆုငွေသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် သက်တမ်း ကုန်ဆုံးပါမည်။
- GSM / WCDMA သုံးစွဲသူများအတွက် ခဲခြစ်ကတ်၊ E-top-up၊ ဘဏ်မှတစ်ဆင့်ငွေဖြည့်ခြင်း နှင့် Myanmar Mobile Money စနစ် စသည့်နည်းအားလုံးဖြင့် ငွေဖြည့်နိုင်ပါသည်။
- CDMA သုံးစွဲသူများအတွက် Myanmar Mobile Money စနစ်ဖြင့် ငွေဖြည့်ခြင်း မှလွဲ၍ ကျန်ငွေဖြည့်နည်းများဖြင့် ငွေဖြည့်နိုင်ပါသည်။
- ဤအပိုဆုငွေသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်း နံပါတ်အားလုံးအတွက် အကျုံးဝင်ပါသည်။

အသေးစိတ် သိရှိလိုပါက www.mpt.com.mm ကိုဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

CALL CENTER 106
free hotline, 24 hours everyday

# ဂုဏ်ယူဝမ်းမြောက်ခြင်း

NIBBAN ELECTRIC & ELECTRONIC အနေဖြင့် ၂၀၁၅ခုနှစ်၊ မေလ ၁၅ရက်တွင် နေပြည်တော်၌ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ထူးချွန်အလတ်စားစီးပွားရေးလုပ်ငန်းရှင်(ကုန်ထုတ်လုပ်မှု) တတိယဆုနှင့် ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက်မှ ၁၃ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သော (၃၂)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်ညီလာခံတွင် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်မှ ချီးမြှင့်သော ASEAN Outstanding Engineering Achievement Award For Year 2014 (For Local Design and Manufacturing of Appropriate Technology Products) ဆုကို ထိုက်တန်စွာချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် NIBBAN ELECTRIC & ELECTRONIC အနေနှင့်လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးခင်မောင်ထွန်း(ထက်လင်းတိုင်းရင်းဆေး)၊ ဦးအောင်သန်း (BEST UNITED CO.,LTD)၊ ဦးစိုးကျင်(အောင်ကျွန်းသာကုမ္ပဏီ)၊ ဦးမြင့်သိန်း(ဆုဖြိုးရဲကုမ္ပဏီ)၊ ဦးတင်မောင်အေး(ညွှန်မှူး-ငြိမ်း၊ စက်မှု-၁)၊ ဦးတင်အေး(ပန်းအိမ်ဖြူထီးရောင်းဝယ်ရေး)၊ ဒေါ်တင်တင်မေ(Triple Fish Co.Ltd)၊ ဒေါ်ရတနာဟန်(Do Can Do Co.,Ltd)၊ ဦးအေးမင်း၊ ဦးခိုင်ဝင်း၊ ဦးစိန်ထွန်းဝင်း(အာရှသားနိုင်ငံတကာကုမ္ပဏီလီမိတက်)၊ ဦးကျော်မျိုးလွင်(Kumudara Hotel-Bagan)၊ ဦးကျော်မင်း၊ ဦးမောင်မောင်မြင့်(CRAB)

European Academic Partner
Victoria University
The School of Management

European Academic Partner
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT
in Rzeszow, POLAND

ROBINSON Business School



**TOP EUROPEAN**

**BBA**

**Up to 100% Scholarship!**

Bachelor of Business Administration

**Free Information Session**

**Realize Your Dream -**
**Making the Right Choice in Your Studies**

Time : Saturday 11 July 2015
Session 1 : 10.00am – 11.00am
Session 2 : 1.00pm – 2.00pm
Venue : 206-E, Level-2, La Pyayt Wun Plaza
Dagon Township, Yangon.
Strictly by reservation only:
CALL- 09 43196211, 09 420053536
Speaker : Mr. Richard Dare, Rector of RBS



**International Education Services**
**Study at over 400 colleges around the world**

For personalized counseling:
Call : 09 26133 5445, 09 26133 5446

FORTRUST
education services

## JOB VACANCIES (URGENT)

1. Service Engineer (5)Posts
   B.E/B.Tech (Electronic/Electrical)
2. Import/Export (1)Post
   (must be able to do import/export)

(အတွေ့အကြုံရှိသူ ဦးစားပေးမည်။)

**Contact:09-421121687, 09-260638451**

**သည်းခြေအိတ်ကျောက်တည်နေရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးပြီး ဆေးစနေရသောရောဂါများပျောက်ဆေးနည်း အခမဲ့ပေးမည် –**

၁။ သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါအတွက် တစ်ရက်လျှင် ဝမ်းသီး (၅) လုံးစီ၊ (၅) ရက်စားပြီးနောက် (၆) ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်ရှိသည်များကို တိကျစွာဆောင်ရွက်ခြင်းဖြင့် (၇) ရက်မြောက်နေ့၌ သည်းခြေအိတ်ထဲမှ ကျောက်များ၊ အသည်းမှာ ဖုံးနေသော အဆီဖက်များ ဝမ်းနှင့်အတူ ထွက်ကျလာသည်ကို မိမိကိုယ်တိုင်မြင်တွေ့ရပါမည်။ ကိုယ်တွေ့ဖြစ်ပြီး သည်းခြေအိတ်ကို လုံးဝ (လုံးဝ) ခွဲစိပ်ထုတ်စရာမလိုပါ။

၂။ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးရောဂါများအတွက် ရေနွေးဖရဲသီး အပါအဝင်သဘာဝပစ္စည်း (၅/၇) မျိုးကို နေ့စဉ်တကျ (၆) ပတ်စားပြီး နောက်ဆက်လက် ဆောင်ရွက်ခြင်းဖြင့် ကျောက်ကပ်ကျောက်များ ပျော့၊ ကြေ၍အရည်ပျော်ပြီး ဆီးနှင့်အတူ ထွက်ကျလာပါမည်။ ကျောက်ကပ်ကျောက်များ လုံးဝ (လုံးဝ) ခွဲစိပ်ထုတ်စရာမလိုပါ။ ကျောက်ကပ် ပျက်စီးပြီး ဆေးနေရသောရောဂါကိုသိသာစွာ သက်သာပျောက်ကင်းစေ ပါသည်။

ဆေးနည်းအပြည့်အစုံသိရှိလိုပါက **ဦးသန်းဝင်း၊ အာဆီယံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူးကြီး (ငြိမ်း) Ph: 095070157** ကို ကာယကံရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

**ချောင်ရိုးသား** မိုးရာသီဓါတ်နှစ်ရိုးစုံ (သခွပ်သီးမဲ့ကောက်ပွဲ)

**Ph:09-425334456,09-49323965, 09-49578205**

**Da Chin Architecture Development Construction Co.,Ltd**

အမှတ် (၄၇)၊ ဗိုလ်ဉာဏလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၁-၆၆၅၉၃၄၊ 09254356044၊ dachin.hr@gmail.com

| | | |
|---|---|---|
| ၁။ | Senior Engineer | Male (2) Posts |
| ၂။ | Site Engineer | Male (4) Post |
| ၃။ | Site စတိုတာဝန်ခံ | Male (2) Posts |
| ၄။ | Driver | Male (2) Posts |

(၁) အတွက် B.E Civil Engineer ဘွဲ့ရရှိထားသူဖြစ်ရပါမည်။ ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံ ၅ နှစ်အထက်ရှိရ ပါမည်။အသက် ၃၅ နှစ်မှ ၅၀ နှစ်အတွင်း ဖြစ်ရပါမည်၊ ဆောက်လုပ်ရေးလိုင်စင် ရရှိထားသူဖြစ်ရပါမည်။
(၂) အတွက် B.E Civil Engineer ဘွဲ့ရရှိထားသူဖြစ်ရပါမည်။
(၃) အတွက် ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိရပါမည်။
(၄)အတွက်ယာဉ်ငယ်မောင်းသမား(နက်၊နီ)ကိုင်ဆောင်ပြီး ကျွမ်းကျင်သူဖြစ်ရမည်။
စိတ်ပါဝင်စားသူများအနေဖြင့် စာရွက်စာတမ်း အပြည့်အစုံဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ E-mail မှ ဖြစ်စေ ကြော်ငြာပါသည့်နေ့မှ စ၍ ၁ ပတ်အတွင်း လျှောက်ထား နိုင်ပါသည်။

**အမည်ပြောင်း** အဖ ဦးဆမ်လှိုင်း၏သမီး အထက၊ သုဝဏ္ဏ၊ ဒသမတန်း (G)မှ မရင်ရင်အား မယေ့ကပ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယေ့ကပ်**

**ဖခင်အမည်မှန်** အထက(၅) ဒဂုံတောင်ပိုင်းမြို့နယ်၊ နဝမတန်း(A)မှ မထက်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးနီတာထွန်း[၁၂/ဒဂတ(နိုင်)၀၈၄၀၅၁]ဖြစ်ပါကြောင်း။ **ဦးနီတာထွန်း**

## ဂရန်အမည်ပေါက်
## (ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်)

- လှည်းကူးမြို့၊ လမ်းမတန်း၊ ယူနန်စားသောက်ဆိုင်ရှေ့၊ (၀. ၃၁)ဧက၊ ပေ(၅၀×၂၇၀)၊
- ရေ၊ မီး[ထရန်စဖော်မာ(ပါမစ်)ကျပြီး]၊ အုတ်တံတိုင်းခတ်ပြီး အသင့်နေနိုင်၊
- Business Locality ကောင်း၊ Lowerest Price-3800 Lakhs

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၄၇၀၁၇၊ ၀၉-၃၁၅၈၃၄၆၅၊ ၀၉-၇၉၆၆၃၇၇၆၃**

## ဖိနပ်စက်ရုံတွင် အလုပ်လုပ်ရန်

**လစာကောင်းပေးမည်**

တရုတ်စကားပြန် ကျား/မ (၄)ဦး
စာရင်းကိုင်၊တရုတ်စကားပြော (၁)ဦး
တရုတ်ထမင်းဟင်းချက်စားဖိုမှူး(၁)ဦး
**နေစားငြိမ်း**
ဖုန်း- ၀၉-၄၂၁၁၁၄၂၆၄၊ ၀၁-၅၈၁၉၅၀

## စုစုအေးအောင် ဝမ်းမှန်အကြောင်းပြေဆေး

**ခွေးရောင်းမည်**
Golden Retriever- 2 လ
Alsation-3 လ
ShihTzu-3 လ
နိုင်ငံခြားခွေးမျိုးစုံအော်ဒါမှာယူနိုင်ပါသည်။
HP:09-73115356

## ရွှေပြည်ဟိန်းမိုးကောင်းလမ်းကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နှင့်ကျေးရွာပေါင်း (၃၀)ကျော်တို့ သွားလာမှုအဆင်ပြေ စေရန်အတွက် ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ ရွှေပြည်ဟိန်း တံတားမှ မိုးကောင်းရွာအထိ (၂)မိုင်ခွဲအရှည်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ကျောက်တစ်ကျင်း (၃၀၀၀ဝိ/-)၊ သဲကားတစ်စီး (၂၀၀ဝိ/-) ဘိလပ်မြေ(၁)အိပ် ၆၀၀ဝိ/-၊ ဂဝံမြေ(၁)ကျင်း ၁၅၀၀ဝိ/- ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## သီတဂူရွှေပြည်ဟိန်းစကျွဲဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

ဖွင့်လ (၂၀)ရက် (၄၈)ကြိမ်အထိ မျက်စိဝေဒနာရှင်ဦးရေ (၆၁၆၀)ပြည့် အလင်းဒါန ပြုလုပ်ပြီးဖြစ်ပါသည်။ ဇူလိုင်လ (၁၈၊ ၁၉)ရက်တွင် ၄၉-ကြိမ်မြောက် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ဝိ/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း စကျွဲဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ကျိုက္ကဆံစုပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဝိုင်ကမ္ဘောဇဘဏ် **အရှင်စောသီရိဇလ** (AccountNo.00750100701690301) ဘဏ်စာရင်းသို့ **နီးရာဘဏ်၌** ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

## (၂၀၁၅)ခုနှစ်၊ နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ထူးချွန်အလတ်စား စီပွားရေးလုပ်ငန်းရှင် (ကုန်ထုတ်လုပ်မှု) တတိယဆုနှင့် (၃၂)ကြိမ်မြောက် အင်ဂျင်နီယာ အဖွဲ့ချုပ်မှ ချီးမြှင့်သော

**ASEAN Outstanding Engineering Achivement**

**Award For Year 2014**

**(For Local Design and Manufacturing of Appropriate Technology Products)**

ဆုတို့ကို **Nibban Electronic** လုပ်ငန်းစုမှရရှိခဲ့ခြင်းအတွက်

အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် တန်ဖိုးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

| | | | |
|---|---|---|---|
| ဦးကြည်ဇင် | ဦးကျော်သိန်းတန် | ဦးမြင့်မောင် | ဦးခင်ဟန် |
| Mr&Ms Michael Lee | ဦးတင့်ရှိန် | ဦးသန်းလှ | ဦးအောင်သိန်း |

**SiES ENGLISH SCHOOL**

ညှော်လမ်းညွှန်ဝင်ခွင့်

အားလုံး၏တောင်းဆိုချက်အရ အမှတ်စဉ် (၅၀-၅၁) အတွက် စတင်သင်ကြားပါပြီ

လှည်းတန်း 09 5406533

အမှတ်စဉ် (၄၈-၄၉)တွင် ၆၅ ယောက် (၄၆-၄၇) တွင် ၄၆ ယောက် ဝင်ခွင့်ရအောင်သင်ကြားပေးနိုင်ခဲ့ပြီ ။

facebook: Kyaw Soe Hlaing Sies

Starts on - 6 June 2015

**ဆရာဒွေး** အင်္ဂလိပ်စာ သဒ္ဒါ

အရေးသီးသန့် နှင့် **Speaking**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄မှဂတန်းထိ **Guide** များအိမ်လိုက်သင်သည်။ ဇူလိုင်လ(၄/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

**Ph: 01-375970, 0951 72096, 09254541441**

**တစ်ဦး တည်းဖြစ်ပါကြောင်း**

အထက(၁)မှော်ဘီတွင် ပညာသင်ကြားနေသော မောင်ဥက္ကာကျော်၏ ဖခင် [၁၂/ကစက(နိုင်)၀၆၆၇၅၇] ဦးမျိုးတင့်ဦးနှင့် ဦးမျိုးတင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမျိုးတင့်ဦး(ခ)ဦးမျိုးတင့်

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးရဲမင်းလွင် [၇/ပခန(နိုင်)၀၃၄၉၉၈]၏ CDC-60040 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၀၅၈၁၈

**KMD** Education Services

ISO

**Hot Line: 700895,220555**

- နယ်မှလာတက်မည့်သူများအတွက်နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အဆောင်များ စီစဉ်ပေးထားပါသည်။
- သင်တန်းကြေးကိုအရစ်ကျငွေပေးချေစနစ်ဖြင့် ပေးသွင်းတက်ရောက်နိုင်ပါသည်။

## ၂၀၁၄ - ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုထူးချွန်စွာအောင်မြင်သောကျောင်းသား/သူများအတွက် KMD မှပေးအပ်ချီးမြှင့်သော ပညာတော်သင်ဆု

### First Year Diploma in Computing (NCC, UK)

အခြေခံပညာအထက်တန်းဖြေဆို/အောင်မြင်ပြီးသူများအတွက် (UK)နိုင်ငံ၏ ကွန်ပျူတာဒီပလိုမာနှင့်ဘွဲ့လက်မှတ်များရရှိနိုင်မည့် ပညာတော်သင်ဆုများ -

| | | | |
|---|---|---|---|
| ဘာသာစုံဂုဏ်ထူးရှင် - | ၁၀၀% | ၃ ဘာသာဂုဏ်ထူးရှင် - | ၄၀% |
| ၅ ဘာသာဂုဏ်ထူးရှင် - | ၁၀၀% | ၂ ဘာသာဂုဏ်ထူးရှင် - | ၂၀% |
| ၄ ဘာသာဂုဏ်ထူးရှင် - | ၅၀% | ၁ ဘာသာဂုဏ်ထူးရှင် - | ၂၀% |

**တန်းခွဲသစ်များ**

13 July 2015 11am to 2:30pm (M-F) | 20 July 2015 1:00pm to 4:00pm (M-F)

### Higher National Diploma (SQA, UK)

အင်္ဂလန်နိုင်ငံမှ တိုက်ရိုက်ပေးအပ်သောအဆင့်မြင့်ဒီပလိုမာသင်တန်းကို HND Star Award (ကျောင်းသား/သူများ၏အရည်အသွေးကို မြှင့်တင်ပေးသော အကောင်းဆုံး စင်တာဆု)ရရှိထားသော KMD Computer Centre တွင်တက်ရောက်နိုင်ပါပြီ။

**ပညာတော်သင်ဆု ၅၀%**

**တန်းခွဲသစ်များ**

29 June 2015 11:30am to 3pm (Tue-Fri) | 11 July 2015 7am to 1pm (Sat & Sun)

☎ 01- 381035, 391286, 391287, 502233, 534170, 527436, 541328, 546600, 660887 .

ကြေးမုံ The Mirror
တနင်္ဂနွေ အထူးထုတ် SUNDAY SPECIAL
2015 JULY 5, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

# ပြည်သူ့အားကိုအများကြီးလိုသည်

တင့်ဆွေ (ပဲခူး)

**(၂၈)ကြိမ်မြောက်ဆီးဂိမ်းပြီးတော့ The Straits Times သတင်းစာက ဆီးဂိမ်းပြိုင်ပွဲကိုအမှတ်တရဖြစ်စေတဲ့ ဖြစ်ရပ် (၂၈)ခုကို ဓာတ်ပုံနှင့်တကွ ရွေးထုတ်တင်ပြလာတယ်။ အားကစားပွဲဆိုတော့ ပုံတော်တော်များများဟာ ဆုရ အားကစားသမားတွေရဲ့ပုံတွေဖြစ်ပြီး အဲဒီထဲမှာ ထူးထူးခြားခြား ပရိသတ်ကိုရိုက်ထားတဲ့ဓာတ်ပုံတစ်ပုံပါလာတယ်။**



ဘောလုံးဖိုင်နယ်ပွဲ၊ မြန်မာနဲ့ ထိုင်းကန်ကြတော့ မြန်မာပရိသတ်ကိုရိုက်ထားတဲ့ဓာတ်ပုံဖြစ်တယ်။ Fantastic Myanmar လို့အမည်ပေးထားတဲ့ အဲဒီဓာတ်ပုံအောက်က စာသားမှာ ထိုင်းကို သုံးဂိုးပြတ်ရှုံးနေလို့ မျှော်လင့်ချက်မရှိတဲ့အခြေအနေမှာ မြန်မာပရိသတ်ဟာ ကြီးမားတဲ့ နိုင်ငံတော်အလံကိုလွှင့်တင်ပြီး အမျိုးသားသီချင်းကို သံပြိုင်သီဆိုနေကြတယ်။ သူတို့သီချင်းဆိုတာ ပွဲသိမ်းခရာမှုတ်တဲ့အထိပဲလို့ ဖော်ပြထားတယ်။

ဆီးဂိမ်းဘောလုံးပြိုင်ပွဲမှာ စင်ကာပူရောက် မြန်မာပရိသတ်ရဲ့ အားပေးမှုဟာ နိုင်ငံတကာသတင်းသမားတွေ သတိမပြုမိဘဲ မနေနိုင်လောက်အောင်ဖြစ်ခဲ့တာကြောင့် သတင်းစာတော်တော်များများမှာ ချီးကျူးရေးသားကြတာ တွေ့ရပါတယ်။

တကယ်တမ်းတော့ မြန်မာ U-23 ဘောလုံးအသင်းဟာ သိပ်ကောင်းတဲ့အသင်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူတို့ဟာ ထင်ထားတာထက်ပိုပြီး အောင်မြင်အောင် လုပ်ပြနိုင်ခဲ့ပါတယ်။ အားကစားသတင်းတွေမှာ မြန်မာအသင်းဟာ ဘောလုံးသမား ၁၁ ယောက်အပြင်၊ အားပေးတဲ့ ပရိသတ်ပါ ထည့်ပေါင်းပြီး ၁၂ယောက်နဲ့ ကန်သွားတာဖြစ်တယ်လို့ တင်စားဖော်ပြကြတယ်။ နည်းပြဦးကြည်လွင်ကလည်း သူ့ဘောလုံးအသင်း နိုင်ပွဲတွေရခဲ့ခြင်းအကြောင်းရင်းမှာ စင်ကာပူရောက် မြန်မာပရိသတ်ရဲ့ အားပေးမှုဟာ အရေးပါတယ်လို့ ပြောသွားပါတယ်။ နိုင်ငံနဲ့ချီပြီး လုပ်ကြတဲ့ကိစ္စတွေမှာ ပြည်သူ့အားက အများကြီးလိုတယ်ဆိုတာ ထင်ထင်ရှားရှား တွေ့မြင်ရပါတယ်။

"ကျွန်တော်က အားကစားကျွမ်းကျင်သူ မဟုတ်တော့ ဘောလုံးကန်တာ ဘယ်လိုညာလိုဆိုပြီး ပြောဖို့မရည်ရွယ်ပါဘူး။ ကျွန်တော် အဓိကထားပြောချင်တဲ့ကိစ္စက နိုင်ငံတော်သီချင်းကိစ္စပါ။

ဘောလုံးပွဲမစခင် နိုင်ငံတော်သီချင်း ဖွင့်တော့ ကွင်းထဲမှာတန်းစီနေတဲ့ ဘောလုံးသမားတွေက ရင်ဘတ်ကိုလက်နဲ့ဖိပြီး သီချင်းလိုက်ဆိုကြရတဲ့ ထုံးစံရှိတယ်။ ပရိသတ်ကတော့ဆိုချင်ဆို၊ မဆိုချင်နေပါ။ အရင်တွေ့ဖူးကြုံဖူးတာမှာ ပရိသတ်တွေ မဆိုကြတာများပါတယ်။ ဆိုရင်လည်း ပါးစပ်လှုပ်ရုံလောက် ဝတ္တရားကျေပေါ့။

အခုဆီးဂိမ်းဘောလုံးပွဲမှာ တီဗွီက ပြတာကို ကျွန်တော် သေသေချာချာကြည့်လိုက်တော့ စင်ကာပူရောက် မြန်မာပရိသတ်အားလုံးဟာ နိုင်ငံတော်သီချင်းကို တညီတညာတည်း လိုက်ဆိုနေကြတာတွေ့ရတယ်။ အားလုံးမတ်တတ်ရပ်ပြီး စိတ်ပါလက်ပါဆိုနေကြတာပါ။ ဝတ်ကျေတန်းကျေသဘောကို မတွေ့ရဘူး။

ကျွန်တော်ဟာလူတွေရဲ့ မျက်နှာနဲ့မျက်လုံးကိုကြည့်ပြီး အတွင်းစိတ်သဘော (MOOD)ကို လေ့လာသုံးသပ်တဲ့အကျင့်ရှိပါတယ်။ ခုလည်း နိုင်ငံတော်သီချင်းဆိုနေတဲ့ ပရိသတ်ရဲ့ မျက်နှာတွေကို သေသေချာချာစူးစမ်းကြည့်တော့ အဟုတ်တကယ်ကို တလေးတစားနဲ့ ဂုဏ်ယူဝင့်ကြွားစွာဆိုနေတာကို တွေ့ရပါတယ်။ ကမ္ဘာမကျေသီချင်းသံဟာ တစ်ကွင်းလုံးကို ဟိန်းထွက်လာတာပဲ။

ကျွန်တော်ဖြင့် ကြည့်နေရင်း ပီတိဖြစ်လွန်းလို့ ကြက်သီးတောင်ထမိတယ်။ စိတ်ထဲမှာလည်း တစ်မျိုးကြီးခံစားရတယ်။ ဝမ်းနည်းဝမ်းသာပေါ့။

ဝမ်းသာတယ်ဆိုတာက စင်ကာပူရောက်မြန်မာတွေ ညီညီညွတ်ညွတ်ရှိတာကို တွေ့ရလို့ပါ။ ဝမ်းနည်းတယ်ဆိုတာက ဒို့သားချင်းတွေ တိုင်းတစ်ပါးမှာသွားပြီး ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြရတယ်ဆိုပြီး စဉ်းစားမိလို့ပါ။

ကျွန်တော်တို့မြန်မာလူမျိုးတွေ နိုင်ငံခြားမှာ တစ်ယောက်နဲ့တစ်ယောက်မတည့်ကြဘူး။ သုံးယောက်ရှိရင် နှစ်ဂိုဏ်းကွဲတယ်ဘာညာနဲ့ အပြောခံနေရပေမယ့် အခု စင်ကာပူရောက်မြန်မာတွေကို ဘောလုံးပွဲမှာ ညီညီညွတ်ညွတ်တွေ့ရတာ အင်မတန်သဘောကျစရာကောင်းတယ်။ အမျိုးသားသီချင်းဆိုတာ လူအများကို တစုတစည်းတည်းဖြစ်အောင် ဖန်တီးပေးနိုင်စွမ်းရှိပေတာပဲ။

တီဗွီကနေ ခဏတဖြုတ်ကြည့်ရတဲ့ ကျွန်တော့်ထင်မြင်ချက်ဟာ ဟုတ်ချင်မှ ဟုတ်မယ်။ သေချာအောင်မေးကြည့်ဦးမှာပဲဆိုပြီး စင်ကာပူရောက်ညီတော်မောင်ကို ဖုန်းဆက်မေးကြည့်ရတယ်။

"မင်းတို့ နိုင်ငံတော်သီချင်းသံပြိုင်ဆိုကြတာကွာ၊ ငါကတော့ အဲ့သလိုမြင်တယ်။ မင်းတို့ကာယကံရှင်တွေကရော ဘယ်လိုလဲ" ဟု မေးကြည့်တယ်။

"ဟာ- ကိုလေးရယ်. . ခင်ဗျားပြောတာထက် ပိုသေးတယ်။ ကျွန်တော်တို့မှာ ဘောလုံးပွဲမသွားခင် သီချင်းတိုက်ကြရသေးတယ်။ နိုင်ငံတော်သီချင်းအစက ခြေဆင်းကို တချို့က အလွတ်မရဘူးဗျ။ တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ ဆိုတဲ့ အစစာသားဗျာ။ အဲဒီခြေဆင်းကို စာရွက်တွေနဲ့ရေးပေးပြီး key ကိုက်အောင် လေ့ကျင့်ရသေးတယ်။ ပြီးမှကွင်းထဲမှာ သွားအော်ဆိုကြတာဗျ။ ဆိုရတာ သိပ်အရသာရှိတာပဲဗျာ။ ကြက်သီးတွေ တဖြန်းဖြန်းထတယ်"

ကဲ - ကြားကြတဲ့အတိုင်းပါပဲ။

စင်ကာပူနဲ့ကန်တဲ့ပွဲမှာ မြန်မာပရိသတ်ကို လက်မှတ်စောင်ရေ ကန့်သတ်ထားတယ်လို့ သိရတယ်။ ပွဲစခါနီးမှ နေရာလွတ်တွေများနေလို့ မြန်မာပရိသတ်ကို ပေးဝင်တယ်တဲ့။ အဲဒီပွဲမှာ မြန်မာပရိသတ်ဟာ ပွဲအစတင်မကဘဲ ပွဲကစားနေရင်းမှာတောင် ကမ္ဘာမကျေကို သံပြိုင်အော်ဆိုနေတာ တီဗွီထဲက ကြားနေရတယ်။

အဲဒီနေရာမယ် ကျွန်တော် မဆီမဆိုင် တွေးပြီးပူမိတာရှိသေးတယ်။ အဲဒါ ဘာလဲဆိုတော့ မြန်မာတွေ ကွင်းထဲသွားအော်နေတဲ့ပွဲမှာ စင်ကာပူကရှုံးသွားတော့ နောက်နေ့ကျရင် စင်ကာပူအလုပ်ရှင်တွေက ရှုံးမဲမဲပြီး မြန်မာတွေကိုကြိမ်းမောင်းနေရင် ဒုက္ခပဲဆိုပြီး တွေးမိတာပါ။

ကျွန်တော့်အတွေးက "လုံဖျားပုစဉ်းနား၊ ကျီးကန်းချီးပါ"ဆိုတာမျိုးများ ဖြစ်နေမလားမသိဘူး။ အဲဒီလို မဆီမဆိုင် တွေးလေ့ရှိတဲ့ ကျွန်တော့်ရဲ့စိတ်ထဲမယ် ခိုးလိုးခုလုဖြစ်နေတဲ့ ကိစ္စတစ်ခုရှိပါတယ်။ အဲဒါက ကျွန်တော် မြို့လယ်က ရုပ်ရှင်ရုံတစ်ရုံမှာ ရုပ်ရှင်သွားကြည့်တော့ ရုပ်ရှင်မစမီ နိုင်ငံတော်အလံကိုအလေးပြုပါဆိုတဲ့ အချိန်မှာ လူတချို့က မတ်တတ်ရပ်ပြီး တချို့တစ်ဝက်က ထိုင်မြဲတိုင်း ထိုင်နေကြတယ်။ ကျွန်တော်နဲ့အတူ ရုပ်ရှင်လိုက်ကြည့်တဲ့ မြန်မာပြည်ပေါက် အမေရိကန်နိုင်ငံသားတစ်ဦးက ဒါတော်တော်ရုပ်ဆိုးတဲ့ကိစ္စပဲလို့ အပြောခံရပြီး မလှမ်းမကမ်းက မဆီမဆိုင် မတ်တတ်ရပ်အလေးပြုနေတဲ့ နိုင်ငံခြားသားတချို့က မေးငေါ့ပြီး နှာခေါင်းရှုံ့တာ တွေ့လိုက်ရတယ်။ ရှက်စရာကောင်းပါတယ်။

အဲဒီအချိန် ကျွန်တော့်စိတ်ထဲရှိတဲ့ အတိုင်းပြောရရင် ဒီလို တစ်ယောက်တစ်ပေါက်နဲ့ ရှက်စရာကောင်းတဲ့အဖြစ်မျိုး ထက်စာရင် ရုပ်ရှင်မပြခင် နိုင်ငံတော်အလံအလေးပြုတဲ့အစီအစဉ်ကို ဖြုတ်ပစ်လိုက်တာကမှ တော်သေးရဲ့လို့ အောက်မေ့မိတယ်။

ဒါလေးများဗျာ။ မတ်တတ်မရပ်လို့ ဘာများဖြစ်သွားလို့လဲ စောဒကတက်စရာ ရှိပေမယ့် ကျွန်တော့်သဘောကတော့ အဲသလိုမမြင်ပါဘူး။ ဒီလိုကိစ္စကို အသေးအဖွဲဆိုပြီး တန်ဖိုးမဲ့အောင်လုပ်တာဟာ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုတာလို ကြာလာရင် အဲဒီရောဂါ တဖြည်းဖြည်း ကူးစက်ကုန်မယ်၊ အမျိုးနဲ့ချီပြီး အထင်သေး ခံရတော့မှာပဲလို့ ရင်လေးမိတယ်။

စာမျက်နှာ ၂ သို့ »»

# အနာဂတ်ပန်းလေးများ ရှင်လန်းစေရေး ဝိုင်းဝန်းကူညီပေး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ » ကိုကိုနေ၊ ရာမည

စာရေးသူတစ်ယောက်အဖို့ မကြာမကြာခရီးထွက်ရလေ့ရှိပြီး ထိုသို့သွားရသည်ကိုလည်း သဘောကျနှစ်ခြိုက်သူတစ်ယောက်ဖြစ်ပေရာ နေပြည်တော်ရေပူစမ်းသို့သွားရာလမ်းတစ်လျှောက် ခရီးတစ်ခေါက်ရောက်ခဲ့သည်။ မိုးရံဖန်ရံခါ ရွာသွန်းထားသဖြင့် လမ်းဘေးဝဲ/ယာတွင် စိမ်းစိုနေသည့်မြင်ကွင်းများကို တဝကြီးငေးမောကြည့်ရှုလာမိသည်။ ထိုအခိုက် မြင့်မားသောတောင်တန်းကြီးများကို နောက်ခံပြုလျက် ငွေရောင်တဖိတ်ဖိတ်လက်နေသော တာဝါတိုင်ကြီးများ၊ မဟာဓာတ်အားလိုင်းကြီးများ ငွားငွားစွင့်စွင့်ရှိနေပုံကို မြင်လိုက်ရသဖြင့် ဓာတ်ပုံရိုက်ရန်အလို့ငှာ ကားပေါ်မှဆင်းကာမှတ်တမ်းဓာတ်ပုံများ အားပါးတရရိုက်ကူးနေစဉ် စာသင်စာအံသံသဲ့သဲ့မျှ ကြားလိုက်ရသဖြင့် စေ့ငုကြည့်ရာ အနည်းငယ်မျှလောက်ဟုဆိုနိုင်သော မြေကွက်လပ်လေးတွင် သစ်လွင်ခန့်ညားသော နိုင်ငံတော်အလံကိုလွှင့်ထူထားပြီး ယင်း၏ရှေ့တွင်မူ လက်ဆွဲတမာပင်ကျေးရွာ မူလတန်းကျောင်း(ခွဲ) ပင်လောင်းမြို့ဟူသော ဆိုင်းဘုတ်ကလေးကိုမြင်တွေ့လိုက်ရသည်။ အဆိုပါမြင်ကွင်းမှ ကျော်၍ကြည့်ရှုလိုက်ရာ သွပ်မိုးထရံကာစာသင်ကျောင်းဆောင်လေးကိုမြင်လိုက်ရသည်။ (၁၈×၂၀) ပေခန့်အကျယ်အဝန်းရှိ အနီးစာသင်ကျောင်းဆောင်လေးတွင် မူလတန်းအဆင့် အတန်းစုံမည်သို့ သင်ယူနေကြသလဲဟူသော အတွေးများဖြင့် ကျောင်းဆောင်လေးရှိရာသို့ သွားရောက်မိသည်။

မြေစိုက်ကျောင်းဆောင်အတွင်း ဝင်လိုက်သည်နှင့် အခန်းအကန့်တစ်စုံတစ်ရာမတွေ့ရဘဲ ကျောက်သင်ပုန်းတစ်ချပ်အား ပေါက်ပြဲနေသည့် နံရံ၏အလယ်ကောင်တည့်တည့်တွင် ချိတ်ဆွဲထားသည်ကို ဦးစွာမြင်တွေ့လိုက်ရသည်။ ထို့နောက် အခြားထောင့်တစ်ထောင့်တွင် (၃×၁) ပေအရွယ် အထပ်သားနှစ်ခုကို ဆက်စပ်ပြုလုပ်ထားသည့် ကျောက်သင်ပုန်းတစ်ခု၊ ယင်းနှင့် ကပ်လျက်တွင် နောက်ထပ်ကျောက်သင်ပုန်းတစ်ခုကို ထောင်လျက်အနေအထားဖြင့် မြင်တွေ့ရပြီး ယင်း၏အခြားတစ်ဖက်တွင် နှုတ်ခမ်းသားများ ဆွေးမြည့်ပြတ်ကျသဖြင့် တြိဂံပုံဖြစ်လုနီးပါး ကျောက်သင်ပုန်းတစ်ခုကို ဆက်လက်မြင်တွေ့လိုက်ရသည်။ တစ်ဝက်သာ ကာရံထားသော အရှေ့မျက်နှာစာနှင့်



အောက်ခြေတစ်လျှောက် ပေါက်ပြဲနေသောထရံအကာများကြောင့် အလင်းရောင်လုံလောက်စွာရရှိသည်ဟု ဆိုနိုင်သည်။ သမံတလင်းခင်းပေါ်ရှိ သေးငယ်သောခုံတန်းများတွင် စာသင်သားကလေးငယ် ၂၀ ကျော် ၃၀ ခန့်နှင့် ဆရာမလေးနှစ်ဦးတို့ အားမာန်အပြည့်နှင့် စာသင်ကြားသင်ယူနေကြသည်ကိုမြင်တွေ့ရသည်။

လက်ဆွဲတမာပင်ရွာလေးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့တွင်ပါဝင်ပြီး နေပြည်တော်ကောင်စီနယ်မြေ ကင်းသာနှင့် ပင်လောင်းကားလမ်းနံဘေးတွင်တည်ရှိသည်။ ရွာသူရွာသားအများစုမှာ တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော တိုင်းရင်းသား တိုင်းရင်းသူများဖြစ်ကြသည်။ ၎င်းတို့ရင်သွေးငယ်များ၏ အနာဂတ်ဘဝသာယာလှပစေရေးအတွက် ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းလေး တည်ထောင်ကြသည်။ စေတနာ၊ ဝါသနာအရင်းခံစိတ်ရှိသည့် ဆရာမလေးများက လာရောက်ပညာသင်ကြားပေးကြသည်။ ကျေးရွာသူ ကျေးရွာသားများကလည်း ဆရာမလေးများအား ဝိုင်းဝန်းကူညီထောက်ပံ့ပေးကြကြောင်း ဝမ်းမြောက်ဖွယ်ကြားသိရသည်။ ယခုမူ အနီးရွာကျောင်းကလေးကို မူလတန်းကျောင်း(ခွဲ)အဖြစ် အသိအမှတ်ပြုဖွင့်လှစ်ပေးခဲ့ပြီဖြစ်သကဲ့သို့ ဆရာမလေးများမှာလည်း နေ့စားဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

"နေ့စားဝန်ထမ်းဆိုတော့ တစ်ရက်ကို ၃၀၀၀ ကျပ်နှုန်းရပါတယ်။ ဒါပေမယ့် အစိုးရရုံးပိတ်ရက်တွေတော့ မရဘူး။ ကျေးရွာကတော့ ဆန်နဲ့ထင်း ထောက်ပံ့ပေးပါတယ်။ တစ်နယ်တစ်ကျေးကလာရတာဆိုတော့ ကျေးရွာက စီစဉ်ပေးတဲ့အိမ်မှာ နေပါတယ်။ စားရသောက်ရတာတော့ မနက်ကဆို မျှစ်ကြော်နဲ့လေ။ ညနေ ကျရင်တော့ မျှစ်ဟင်းချို။ အခုချိန်ကမျှစ်ရာသီဆိုတော့ မျှစ်ကတော့ ပေါတယ်လေ။ အဲဒါကိုပဲ စားရတာပါ။ နောက်ရာသီကချဉ်ပေါင်ဆိုတော့ ချဉ်ပေါင်အလှည့်ပေ့ါ" ဟု ဆရာမလေးတစ်ဦးက နေထိုင်စားသောက်ရပုံနှင့်ပတ်သက်၍ ရယ်မောပြီးပြောသည်။

"ဒီကျောင်းလေးမှာက လိုအပ်တာတွေပြောရမယ်ဆိုရင်တော့ အများကြီး။ အဓိကကတော့ ကျောင်းလေးကို ပိုပြီးလုံလုံခြုံခြုံနဲ့ ကျယ်ကျယ်ဝန်းဝန်းဖြစ်စေချင်တယ်။ ကလေးတွေ သက်သောင့်သက်သာ ပညာသင်ကြားနိုင်ဖို့အတွက် စာသင်ခုံတွေလိုသေးတယ်။ နောက်ပြီး အတန်းစုံရောနှောမနေဘဲ တစ်ခန်းစီသီးခြားသင်ရမယ်ဆိုရင် ပိုပြီးတော့ကောင်းမယ်ထင်တယ်" ဟု ကျောင်း၏လိုအပ်ချက်များနှင့်ပတ်သက်၍ အခြားဆရာမလေးတစ်ဦးက အမှတ်ခြစ်ပေးနေရင်း ပြောကြားသည်။

ထို့အပြင် ကလေးများမှာ ကျောင်းတက်မှန်ကြကြောင်း၊ ကျောင်းပျော်ကြကြောင်း၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် တောင်သူလုပ်ငန်းကိုသာ မိရိုးဖလာလုပ်ကိုင်ကြသူများဖြစ်၍ စီးပွားရေးတော့ တောင့်တင်းမှုမရှိကြောင်း၊ သို့သော် သင်ကြားသင်ယူမှုအပိုင်းပြည့်စုံမှုမရှိငြားလည်း ဆရာနှင့် ကျောင်းသား နားလည်မှုရှိစွာဖြင့် ပျော်ရွှင်စွာသင်ကြားသင်ယူကြကြောင်း ကျောင်းသားမိဘ ဒေသခံတစ်ဦးကဆိုသည်။

ယခုတလော မုတ်သုံလေက ပိုမိုအားကောင်းလာသည့်သဘောရှိသည်။ သို့ဖြစ်၍ မိုးသက်လေပြင်းများမှာ တောင်တန်းကြီးများတစ်လျှောက် မိုးရာသီမကုန်မချင်း တိုက်ခတ်ရွာသွန်းနေဦးမည်ဖြစ်သည်။ မိုးရာသီကုန်ဆုံးပြီးနောက် ဆောင်းရာသီ၏ အရှေ့လေအေးများအလှည့် ကျရောက်လာပါဦးမည်။ သို့ဆိုလျှင် သေးငယ်၍ အကာအရံ မလုံခြုံသော အနီးကျောင်းလေးတွင် ပညာကိုလိုလားသောတပည့်ကျောင်းသားလေးများနှင့် စေတနာအရင်းခံကာလာရောက်သင်ကြားပေးနေကြသော ဆရာမလေးတို့၏ လုံခြုံနွေးထွေးစွာပညာသင်ကြားသင်ယူမှုအတွက် ရေရှည်အရေးတွင် မလွယ်နိုင်တော့ပေ။ ပစ္စက္ခမျက်မှောက်တွင် ပညာသင်ကြားနေကြသော စာသင်သားကလေးငယ်များသည် အနာဂတ်ကာလတွင် နိုင်ငံ့အကျိုးအတွက်ဦးဆောင်ဦးရွက်ပြုမလာနိုင်ဟု မည်သူကမျှ တရားသေမှတ်ယူ၍မရစကောင်းပါပေ။ သို့ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏အနာဂတ်ပန်းလေးများ ရှင်လန်းစွာ ဖူးပွင့်လာစေရန်အတွက် တာဝန်ရှိသူများ၊ စေတနာရှင်များက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကူညီလုပ်ဆောင်ကြရန် လိုအပ်လျက်ရှိပါကြောင်း စေတနာရှေ့ထားရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့အားကိုအများကြီးလိုသည်

»»» တနင်္ဂနွေအထူးထုတ် ရှေ့ဖုံးမှ

ထားပါတော့လေ။ ဒါကကျွန်တော်တစ်ယောက်တည်းရဲ့အတွေးတွေပါ။

ခုနကဘောလုံးပွဲကိစ္စကိုပြန်ဆက်ရရင် ဆီမီးဖိုင်နယ်နဲ့ဖိုင်နယ်ပွဲတွေကျင်းပတဲ့ National Stadium ဟာ ဆီးဂိမ်းအတွက်အသစ်ဆောက်လုပ်ထားတာဖြစ်ပြီးပရိသတ်ငါးသောင်း ဆံ့တယ်။ အဲဒီပွဲကြည့်စင်တွေရဲ့ နေရာတော်တော်များများဟာ မြန်မာပရိသတ်တွေချည်းမို့ အနည်းဆုံးမြန်မာသုံးသောင်းလောက်လာရောက်အားပေးကြပုံရတယ်။ လက်မှတ်ခကလည်းဈေးမသေးလှဘူး။ စင်ကာပူဒေါ်လာ ၂၀ ဆိုတော့ မြန်မာငွေတစ်သောင်းခွဲလောက်ကျတယ်။ ဖိုင်နယ်မှာထိုင်းအသင်းကို ဂိုးပြတ်ရှုံးနေပေမယ့်ကမ္ဘာမကျေသီချင်းကို သီဆိုကြတာတွေ့ရကြားရပါတယ်။ အရင်ကရှုံးသွားရင် ပေါက်ကွဲပြီးနည်းနည်းပါးပါးရိုက်ခွဲတာတို့ ဘာတို့လုပ်ကြပေမယ့် အခုတော့အမှိုက်ကောက်ပြီးအေးအေးဆေးဆေးပြန်သွားကြလို့ နိုင်ငံခြားသတင်းမီဒီယာတွေမှာ ဆီးဂိမ်းရဲ့အကောင်းဆုံးပရိသတ်လို့တောင် ချီးကျူးရေးသားဖော်ပြကြပါတယ်။

ကိုယ့်အချင်းချင်းရေးရင် ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ်လို့ပြောစရာဖြစ်ဦးမယ်။ ခုဟာက စင်ကာပူနဲ့ ဗန်ကောက်သတင်းစာတွေကပါ မြန်မာပရိသတ်ရဲ့မျှမျှတတအားပေးမှုကိုချီးကျူးရေးသားကြတာမို့ ဖတ်ရတာအင်မတန်အရသာရှိပေတယ်ဗျာ။

ဒို့မြန်မာလူမျိုးတွေဟာခေသူမဟုတ်ဘူးရယ်လို့ နိုင်ငံတကာမျက်နှာစာမှာအထင်အရှားပြသသွားတဲ့ ယူ-၂၃ ဘောလုံးသမားများနဲ့ စင်ကာပူရောက်မြန်မာများရဲ့ "မြန်မာဟေ့"ဆိုတဲ့စိတ်ဓာတ်ကိုချီးကျူးဂုဏ်ပြုရမှာဖြစ်ပါတယ်။

သမိုင်းကြောင်းကိုပြန်ပြောင်းပြောရရင် လက်ရှိနိုင်ငံတော်သီချင်း(သို့)အမျိုးသားသီချင်း(National Anthem)အဖြစ် သတ်မှတ်ထားတဲ့ကမ္ဘာမကျေသီချင်းဟာလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာအရေးပါခဲ့တဲ့ တို့ဗမာသီချင်းထဲကစာသားတွေဖြစ်တယ်ဗျ။ မြန်မာနိုင်ငံမှာ ရှေးမြန်မာဘုရင်တွေလက်ထက်က အမျိုးသားသီချင်းဆိုတာမရှိခဲ့ဘူး။ ဘုန်းတော်ဘွဲ့တွေပဲရှိတယ်။ အင်္ဂလိပ်လက်အောက်ရောက်တော့ ဗြိတိန်နိုင်ငံတော်သီချင်း God save the king ကို အတင်းသွတ်သွင်းလာတယ်။

အဲဒီအချိန်အခါမယ် တို့ဗမာအစည်းအရုံးကိုတည်ထောင်တဲ့ သခင်ဘသောင်းက စာသားတွေရေးပေးပြီး ဝိုင်အမ်ဘီဆရာတင်ကတေးသွားအဖြစ် သီကုံးထားတဲ့ တို့ဗမာသီချင်းပေါ်ထွက်လာတယ်။ ဒီသီချင်းကမြန်မာတစ်မျိုးသားလုံးကို တပ်လှန့်လိုက်သလိုဖြစ်တာမို့ အမြို့မြို့အနယ်နယ်မှာ တို့ဗမာသီချင်းကိုလူစုပြီး သီဆိုခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်ပြီးတော့ အင်္ဂလိပ်ကမြန်မာကို သချာပေါက်လွတ်လပ်ရေးပေးတော့မှာမို့ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ နိုင်ငံတော်သီချင်းရွေးချယ်ဖို့ ကော်မတီဖွဲ့တယ်။ အဲဒီကော်မတီက တို့ဗမာသီချင်းရဲ့ မူလတေးသွားအတိုင်းယူပြီး စာသားအချို့ကိုကောက်နုတ်ပြင်ဆင်ကာ နိုင်ငံတော်သီချင်းအဖြစ် ၁၉၄၇ ခုနှစ်မှာ လွှတ်တော်ကအတည်ပြုပေးခဲ့တယ်။

တို့ဗမာသီချင်းထဲကစာသားတွေဟာအင်မတန်ကောင်းတယ်။ ဥပမာပြောရရင် ဆရာသိန်းဖေမြင့်ဝတ္ထု "အရှေ့ကနေဝန်းထွက်သည့်ပမာ"၊ ဆရာဒဂုန်တာရာဝတ္ထု "တို့ခေတ်ကိုသာရောက်ရမည်မှာမလွဲပါ"ဆိုတာတွေဟာ တို့ဗမာသီချင်းထဲကစာသားတွေဖြစ်တယ်။

ဒါ့အပြင် ဆရာတင်ရဲ့ဂီတဟာလည်း အင်မတန်အံ့သြစရာကောင်းတယ်။ ကမ္ဘာမကျေသီချင်းကိုသတိထားပြီး နားထောင်ကြည့်မယ်ဆိုရင် သီချင်းအစဟာ ပျော့ပျော့အေးအေးပဲ။ နောက်တော့သာသာယာယာ ကြည်ကြည်လင်လင်ဖြစ်လာတယ်။ လွမ်းဆွတ်ကြေကွဲစရာကောင်းလာတယ်။

အဲဒီကနေ နောက်တစ်ဆင့်တက်လို့ သံပြိုင်အပိုဒ်ရောက်တဲ့အခါ ဆရာတင်ဖန်တီးထားတဲ့ဂီတဟာတဖြည်းဖြည်းချင်း Tempo တက်လာတာမို့ အများနဲ့သံပြိုင်ဝင်ဆိုတဲ့သူအဖို့ အားမာန်တွေတက်ကြွလာပေလိမ့်မယ်။

ဒီဂီတခံစားမှုကို ကျွန်တော်ရေးပြတော့ ဟုတ်ချင်မှဟုတ်လိမ့်မယ်လို့ထင်စရာရှိတယ်။ မယုံရင် သေသေချာချာနားထောင်ကြည့်ပါ။ ဆိုကြည့်ပါ။ စင်ကာပူရောက်ကျွန်တော့်ညီကတော့ ဆီးဂိမ်းဘောလုံးပွဲမှာကိုယ်တွေ့မို့ ကြက်သီးတဖြန်းဖြန်းထတယ်လို့ပြောပါတယ်။

ဝိုင်အမ်ဘီဆရာတင်ဟာ ခေတ်ပညာတတ်ကျောင်းဆရာဖြစ်တယ်။ ဂီတမှာတော့ ပါရမီရှင်လို့ဆိုရမယ်။ ၁၉၅၀ ပြည့် လွတ်လပ်ရေးနေ့မှာ အစိုးရက ဆရာတင်ကို ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခဲ့ပြီး အဲဒီနှစ်သြဂုတ်လမှာ ကွယ်လွန်ခဲ့ခြင်းဖြစ်ပါတယ်။

တို့ဗမာသီချင်းကို ရွှေတိဂုံကုန်းတော်ပေါ်မယ် ဆရာတင်ကိုယ်တိုင် အခမ်းအနားနဲ့ ဆိုင်းဝိုင်းကြီးနဲ့ စတင်သီဆိုခဲ့တာဖြစ်တယ်။ သူဆိုခဲ့တာ ၁၉၃၀ ဇူလိုင် ၂၀ ရက်ဆိုတော့ အခုလာမယ့်ဇူလိုင် ၂၀ ဆိုရင် ၈၅ နှစ်ပြည့်ပြီပေ့ါ။

နိဂုံးချုပ်တော့ တို့ဗမာနိုင်ငံတော်သီချင်းကမ္ဘာမကျေဟာ စကားလုံးကလည်းပြောင်မြောက်၊ ဂီတကလည်းခမ်းနားလို့ သီဆိုနားဆင်သူအပေါင်းကို စည်းလုံးတက်ကြွမှုများပေးစွမ်းနိုင်ကြောင်းပါဗျာ။

***ကိုးကား - သူတို့ခေတ်၊ သူတို့အတိတ်၊ သူတို့အရိပ် - သိန်းဖေမြင့်***
***မြန်မာ့စွယ်စုံကျမ်းအတွဲ(၆) ၊ (၁၂)***

**တင့်ဆွေ(ပဲခူး)**

## အတက်ရောဂါအကြောင်း အသိပညာပေးဟောပြော

**ညောင်တုန်း ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မြန်မာနိုင်ငံအတက်ရောဂါစီမံချက်စတင်ခြင်းအထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသက်ဦးက အတက်ရောဂါအကြောင်း သိကောင်းစရာ၊ အမျိုးသမီးနှင့်ကလေးများအတွက် အတက်ရောဂါများအကြောင်းနှင့် အတက်ရောဂါရှိသူများ စနစ်တကျဆေးကုသမှုခံယူခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအတက်ရောဂါစီမံချက်မန်နေဂျာ ဦးနှောက်နှင့် အာရုံကြောဆေးကုဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာစန်းဦးက အတက်ရောဂါသည် ကုသ၍ရသော ဦးနှောက်နှင့်အာရုံကြောရောဂါဖြစ်၍ ကူးစက်တတ်သောရောဂါ မဟုတ်ကြောင်း၊ တက်ခြင်းသည် ဦးနှောက်အတွင်းရှိ လျှပ်စီးကြောင်းများ ရုတ်တရက်မူမမှန်ပြောင်းလဲမှုကြောင့် ခန္ဓာကိုယ်တစ်ခုလုံးတောင့်တင်းကာ တုန်၍ သတိလစ်သွားခြင်းဖြစ်ကြောင်း၊ အတက်ရောဂါသည် စိတ်ရောဂါမဟုတ်ဘဲ ဦးနှောက်နှင့်ဆိုင်သောရောဂါတစ်မျိုးသာဖြစ်ကြောင်း၊ ၂၄ နာရီခြား၍ အနည်းဆုံးနှစ်ကြိမ်နှင့်အထက်တက်လျှင် အတက်ရောဂါရှိပါကြောင်း၊ အတက်ရောဂါလက္ခဏာများ၊ အရေးပေါ်ကုသခြင်းများ၊ အတက်ရောဂါရှိသူများအတွက် ဆောင်ရန်ရှောင်ရန်များ၊ မှားယွင်းသောအယူအဆများဖြင့် ကုသခြင်းများ မပြုလုပ်ကြရန် ရှင်းလင်းဟောပြောသည်။

ညောင်တုန်းမြို့နယ်တွင် အတက်ရောဂါကို ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အကူအညီဖြင့် အတက်ရောဂါစီမံချက်တစ်ခုကို မတ်လမှစ၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံချက်ကာလမှာ လေးနှစ်စီမံကိန်းဖြစ်ကြောင်း သိရသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**

# သွေးလွန်တုပ်ကွေးရောဂါအဖြစ်အများဆုံး ဖြစ်လေ့ရှိသည့်ကာလ ရောက်ရှိလာပြီဖြစ်၍ သတိပြုကာကွယ်ရန်လိုအပ်

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလေ့ရှိရာ အဖြစ်အများဆုံး ဖြစ်လေ့ဖြစ်ထရှိသည့်ကာလရောက်ရှိလာပြီဖြစ်၍ သတိပြုကာကွယ်ရန်လိုအပ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်/မြို့နယ်များအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် လအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများကို လေ့လာသုံးသပ်ချက်များအရ အဖြစ်အများဆုံးဖြစ်လေ့ရှိသည့်ကာလမှာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတို့တွင် အများဆုံးတွေ့ရှိရပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင်လည်း လအလိုက် သွေးလွန်တုပ်ကွေးဖြစ်ပွားခဲ့မှုများကို လေ့လာချက်များအရ ယင်းကာလများ၌ အဖြစ်များလေ့ရှိသည့်အတွက် သတိပြုဆောင်ရွက်သွားရမည်ဟု သိရသည်။

ယခုနှစ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုအခြေအနေမှာ မြင့်တက်လာလျက်ရှိပြီး ထိရောက်သောကာကွယ်မှုများနှင့် ကုသမှုများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များဆောင်ရွက်သွားမည့်အခြေအနေနှင့် ခြင်ဆေးဖျန်းခြင်း၊ ခြင်ပေါက်ပွားနိုင်ခြင်းမရှိစေရန် အုတ်ကန်၊ ရေကန်၊ ရေစည်များတွင် အဘိတ်ဆေးခတ်ခြင်းများကို ပြည်သူလူထုနှင့်ပူးပေါင်းဆောင်ရွက်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနက ခရိုင်၊ မြို့နယ်၊ စည်ပင်သာယာအဖွဲ့များနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက်က ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ယခုနှစ်အတွင်း ဇွန် ၁၇ ရက်အထိ လူဦးရေတစ်သိန်းလျှင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေမှာ တနင်္သာရီတိုင်းဒေသကြီး၌ ၆၉ ဒသမ ၆၄ ဦး၊ မွန်ပြည်နယ်တွင် ၆၆ ဒသမ ၇၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၇ ဒသမ ၄၄ဦး၊ ကရင်ပြည်နယ်တွင် ၂၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၇ ဒသမ ၅၄ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၆ ဒသမ ၇၉ ဦး၊ ရခိုင်ပြည်နယ်တွင် ၁၂ ဒသမ ၈၆ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၂ ဦးခန့်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ခြောက်ဦးခန့်၊ ကယားပြည်နယ်တွင် လေးဦးခန့်နှင့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် အဖြစ်နည်းခဲ့ပြီး ချင်းပြည်နယ်တွင် ဖြစ်ပွားမှုလုံးဝမတွေ့ရှိရသေးကြောင်း ကျန်းမာရေးဌာနစာရင်းများအရ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များခဲ့သည့် အသက်အုပ်စုအပိုင်းအခြားများတွင် အသက်(၅)နှစ်မှ (၉)နှစ်အတွင်းတွင် ဖြစ်ပွားမှုအများဆုံးတွေ့ရှိရပြီး အသက်(၁)နှစ်မှ (၄)နှစ်အတွင်းတွင် ဒုတိယအများဆုံး၊ အသက်(၁၀)နှစ်မှ(၁၄)နှစ်အတွင်းတွင် တတိယအများဆုံးဖြစ်ကြောင်း လေ့လာသုံးသပ်ချက်များအရ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများအပြင် ပြည်သူလူထုနှင့်လက်တွဲပူးပေါင်းကာ မိမိတို့၏ နေအိမ်အတွင်းအပြင်ရှိ ရေထည့်ထားသောရေစည်များ၊ ကျောက်/ အင်္ဂတေ ရေစည်များကို ခြင်မဝင်နိုင်အောင် ဖုံးအုပ်ရန်နှင့် သောက်ရေ၊ သုံးရေ၊ အိုးခွက်များ၊ ဘုရားပန်းအိုး၊ နတ်ပန်းအိုးများအတွင်းပိုင်းကို ပွတ်တိုက်ဆေးကြောသွန်ပစ်ခြင်း၊ ရေစစ်၍ လဲလှယ်ပေးခြင်းတို့ကို အပတ်စဉ်ပြုလုပ်ရန်၊ အသုံးမပြုဘဲ စွန့်ပစ်ထားသော ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်း၊ ဘက်ထရီအိုးဟောင်း၊ အုန်းမှုတ်ခွက်၊ ပလတ်စတစ်ခွက်၊ ပလတ်စတစ်အိတ်တို့ကို ရှင်းလင်းစွန့်ပစ်ရန်၊ အုတ်ကန်၊ ရေစည်၊ ရေကန်များတွင် ပိုးလောက်လမ်းစားငါးထည့်ရန် သို့မဟုတ် အဘိတ်ဆေးခတ်ရန်တို့ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း သိရသည်။ သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်လာသော ခြင် (ခြင်ကျား)မှတစ်ဆင့် ဖြစ်ပွားခြင်းဖြစ်သည်။ ခြင်ကျားများသည် နေ့အချိန်တွင် ကိုက်ပြီး ရေကြည်ရေသန့်ရှိနေသော ခွက် စသည့်နေရာများတွင် ဥများကို ဥကြသည်။ ယင်းကြောင့် ခြင်မပေါက်ပွားစေရန်နှင့် ခြင်ကိုက်မခံရန် သတိပြုကြရမည်ဖြစ်ပြီး အထူးသဖြင့် ကလေးငယ်များကို ပိုမိုဂရုပြုသင့်ကာ အသက်(၁၅)နှစ်အထက်များတွင်လည်း ဖြစ်ပွားနေသည့်အတွက် အသက်အရွယ်မရွေး ဂရုပြုရမည်ဖြစ်ကြောင်း ကျန်းမာရေးဌာနက သတိပေးနှိုးဆော်ထားသည်။ **(၀၀၁)**



ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာရပ်များ တတ်မြောက်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သင်တန်းများပို့ချလျက်ရှိရာ ဇွန်လအတွင်းက မွန်ပြည်နယ် မုဒုံမြို့နယ် ကမာအုပ်ကျေးရွာ ပြည်သူများအတွက် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ မုန့်လုပ်ငန်း၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအား စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (မုဒုံကျေးလက်)

ရန်ကုန်တိုင်းဒေသကြီး

# တက္ကသိုလ်ဝင်တန်း အခမဲ့ပညာဒါနဖွင့်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရွှေနှင်းဆီရပ်ကွက် ဂရုဏာလမ်း ရွှေပြည်စိုးကျောင်းတိုက်တွင် ဆရာတော် ဒေါက်တာပညာနန္ဒဦးစီး၍ တက္ကသိုလ်ဝင်တန်း အခမဲ့ပညာဒါနကို ဇူလိုင် ၁ ရက် ညနေ ၄ နာရီ က စတင်ဖွင့်လှစ်ခဲ့သည်။

"၂၀၀၉-၂၀၁၀ ပညာသင်နှစ်ကနေ ယနေ့အချိန်ထိ ငါးနှစ်တာကာလမှာ အောင်ချက် ၅၀ ရာခိုင်နှုန်း အောင်မြင်တာတွေ့ရပါတယ်"ဟု သင်တန်းကြီးကြပ်ရေးမှူး အရှင်တိက္ခနန္ဒက ပြောသည်။

အဆိုပါ ပညာဒါနသင်တန်းသို့ တက်ရောက်လိုပါက ဖုန်း-၀၉-၄၀၂၆၄၃၁၀၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

မွန်ပြည်နယ်

# ရော်ဘာစိုက်ပျိုးခြင်း တောင်သူပညာပေးကွင်းသရုပ်ပြပွဲဆောင်ရွက်

ဘီးလင်း ဇူလိုင် ၄

သထုံခရိုင် ဘီးလင်းမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက ရော်ဘာစိုက်ပျိုးသူများအား အထွက်ကောင်းမျိုးသန့်နှင့် စိုက်ပျိုးနည်းစနစ်များ လက်တွေ့နည်းကျပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာရှိ ဦးထွန်းခိုင်၏ ရော်ဘာခြံ၌ လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲအခမ်းအနားတွင် ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသက်ဆွေက ကွင်းသရုပ်ပြပွဲအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရော်ဘာစိုက်ပျိုးနည်း စနစ်များကို လက်တွေ့စိုက်ပျိုးပြသခဲ့ရာ ဌာနဆိုင်ရာများနှင့် ရော်ဘာစိုက်တောင်သူ ၈၇ ဦးတို့ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ပဲခူးတိုင်းဒေသကြီး

# ရေတာရှည်မြို့နယ်တွင် မိုးကြိုနှမ်းများ စတင်ရိတ်သိမ်း

ရေတာရှည် ဇူလိုင် ၄

မိုးကြိုကာလတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ရေတင်စိုက်ပျိုးခဲ့ကြသော မိုးကြို နှမ်းများ ယခုအခါ စတင်ရိတ်သိမ်းလျက်ရှိသည်ကို တွေ့ရသည်။ စပါးနှင့်ကြံ၊ ပဲအမျိုးမျိုးပြီးလျှင် အများဆုံးစိုက်ပျိုးသည့် နှမ်းစိုက်ခင်းများအား စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်နှင့် ဒေသအနှံ့အပြားတွင် မိုးစပါးမစိုက်ပျိုးမီ ဆီထွက်သီးနှံဖြစ်သော နှမ်း၊ မြေပဲတို့ကို တန်ခူးလပြည့်ကျော်မှ စတင်စိုက်ပျိုးကြခြင်းဖြစ်ကာ ရာသီဥတုကြောင့် ယခုနှစ်နှမ်းစိုက်ပျိုးခင်းများမှာ ထူးကဲစွာကောင်းမွန်ပြီး စားသုံးဆီဈေးကွက်၌ ပိုမိုတင်ပို့ ရောင်းချနိုင်မည်ဟု တောင်သူအများစုက ခန့်မှန်းတွက်ချက်ထားသည်။

"အခုလမှ လက်ရှိနှမ်းဈေးက တစ်တင်းကိုကျပ်သုံးသောင်းပဲပေါက်သေးတယ်။ ဗီယက်နမ်မှာ နှမ်းတွေပေါ်နေတော့ တရုတ်ဈေးကွက်က အဝယ်နည်းနည်းအေးသေးတယ်။ ဗီယက်နမ်ပြီးမှ ဒီဘက်က အဝယ်ရှိမှာဈေးကွက်ကောင်းမှာ သေချာပါတယ်"ဟု ဆွာမြို့ရှိ ဆီစက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ မိုးကြိုနှမ်းစိုက်ပျိုးရာတွင် နှမ်းနက်နှင့် ဘေးကြားဟူ၍ နှစ်မျိုးရှိပြီး နှမ်းနက်မှာဈေးကွက်၌ အရောင်း အဝယ်သွက်နေကြောင်း ဈေးကွက်သတင်းအရ သိရသည်။

**ကိုလွင်(ဆွာ)**

ဧရာဝတီတိုင်းဒေသကြီး

# မိုးစပါးမျိုးသန့် ဇုန် ဧက ၁၀၀ ၌ စုပေါင်းပျိုးထောင်မျိုးစေ့ချသရုပ်ပြ

မအူပင် ဇူလိုင် ၄

မအူပင်ခရိုင် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု၌ ၂၀၁၅-၂၀၁၆ မိုးစပါး မျိုးသန့်ဇုန် ဧက ၁၀၀ တောင်သူဒေါ်တင်ရီ၏ ကွင်းအမှတ်(၇၅၄)ဦးပိုင်အမှတ်(၄၃/၃)ရှိလယ်မြေ ၁၀ ဧကတွင် စုပေါင်းပျိုးထောင်မျိုးစေ့ချသရုပ်ပြပွဲကို ဇွန် ၂၇ ရက် နံနက်က ကျင်းပသည်။

အဆိုပါ မျိုးစေ့မှပျိုးထောင်ပွဲတွင် မအူပင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးသိုက်စိုးက မျိုးစေ့ချစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်တင်လဲ့လဲ့ဦးက သိပ္ပံနည်းကျ(GAP) ၁၄ ချက် စိုက်ပျိုးနည်း စနစ်ကို လည်းကောင်း ရှင်းလင်းပြောကြားပြီး ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် တက်ရောက်လာသူများက စုပေါင်း၍ လက်တွေ့သရုပ်ပြမျိုးစေ့ချ ပျိုးထောင်ကြကြောင်း သိရသည်။**(အောက်ပုံ)**

**(ကြေးမုံ)**

၀၀၀





မအူပင်-တွံတေး(မြဂိုး)-ရန်ကုန်ကားလမ်းပေါ်မှ ပန်းလှိုင်မြစ်ကူး ခတ္တိယတံတားကြီး။

# ပြောင်းလဲတိုးတက်လာသော မအူပင်ဒေသ လမ်းပန်းဆက်သွယ်ရေး

မြင့်စိုး (နတလ)

ရော်. . . လေး၊ ငါးနှစ်အတွင်းမှာ မအူပင်ဒေသ၏ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍ ပြောင်းလဲခြင်းမက ပြောင်းလဲသွားပါရောလား။ ကြည့်လေ. . .။ မအူပင်-တွံတေး ကားလမ်း ၂၀၁၀ ပြည့်နှစ်တုန်းက လမ်း စတင်ပြုပြင်ဖောက်လုပ်စ အခြေအနေ။ မအူပင်မှ ပန်းလှိုင်မြစ်ကူး ခတ္တိယတံတား အထိ ဧရာဝတီတိုင်းဒေသကြီး စည်ပင်အဖွဲ့မှ တာဝန်ယူဖောက်လုပ်ပြီး ခတ္တိယတံတားမှ မြဂိုး (တွံတေး) လမ်းပိုင်းကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်အဖွဲ့မှ တာဝန်ယူ ဖောက်လုပ်ခဲ့သည်။ လမ်းဖောက်လုပ်နေစဉ် လမ်းဘေးရေမြောင်းနှင့် ချောင်းငယ်များက တစ်ဆင့် စက်လှေစီး၍ သွားရောက်လေ့လာကြည့်ရှုခဲ့ဖူးသည်။ နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် (ယခု သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်)က ယင်းလမ်းအနီးရှိ မအူလေးပင်တံတားအား ဖွင့်လှစ်ပေးပြီးစအချိန်ဖြစ်၏။ ထိုလမ်းပြီးသွားလျှင်မအူပင်-မြဂိုး-ရန်ကုန် ၃၆ မိုင်ဖြင့် ရောက်ရှိသွားမည်ဖြစ်ရာ မူလမအူပင်-မြဂိုး-ရန်ကုန် လမ်းမကြီးအတိုင်းသွားခြင်းထက် ၁၂ မိုင်ခရီး အကွာအဝေး သက်သာသွားမည်ဖြစ်သည်။

လမ်းဘေးဝဲ/ယာမှ ရေလုပ်ငန်း လုပ်ကိုင်နေသူများ စိုက်ပျိုးရေးထွက်ကုန်များ ဤလမ်းကို အားပြုနိုင်မည်ဟု တွေးထင်ခဲ့ဖူးသည့်အတိုင်း ပြီးခဲ့သည့်ဇွန် ၂၀ ရက်က မအူပင်-တွံတေး(မြဂိုး)-ရန်ကုန်လမ်း အတိုင်း ကားမောင်း၍ပြန်ခဲ့ရာ ကားလမ်းတစ်လျှောက် တိုးတက်များပြားလာသော အိမ်ခြေဦးရေနှင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ထိုလမ်းကို သွားလာအသုံးပြုနေသည့် မော်တော်ယာဉ်များအား စည်ကားများပြားစွာ တွေ့မြင်ခဲ့ရသည်။

အပြန်လမ်းခရီးတွင် ခတ္တိယတံတားကြီးအနီး၌ ကားခေတ္တရပ်ပြီး ပန်းလှိုင်မြစ်ကို ငေးကြည့်ခဲ့သေးသည်။ ယခင်က ရေလမ်းခရီးကိုသာ အားထားသွားလာနေကြရသော ဒေသခံများအနေဖြင့် ယခုအခါ ခတ္တိယတံတားကြီးကို စက်လှေဦးတိုက်ပြီးသကာလ မအူပင်-တွံတေး-ရန်ကုန် ကားလမ်းအား ကောင်းစွာအသုံးချနိုင်ပြီဖြစ်၏။ မအူပင်မြို့သို့ရောက်ရှိစဉ် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ကိုတင့်လွင်ဦးနှင့် ပြန်ဆုံသည်။ သူနှင့်ကျွန်တော်က နတလသို့ ရောက်သည့်ရက်စွဲအတူတူ။ စည်ပင်သာယာရေးဦးစီးဌာနသို့ ပြောင်းရွှေ့သွားရာမှ မတွေ့ရတာ နှစ်ပေါင်း (၂၀) နီးပါးခန့်ရှိပြီဖြစ်သည်။ သူလည်း ဧရာဝတီတိုင်းသားပေမို့ မအူပင်မြို့၏ အခြေအနေကို အတွင်းသိအစင်းသိ ဖြစ်နေသည်။ “အရင်တုန်းက မအူပင်မြို့တွင်းလမ်းတွေဟာ ဗွက်ကြီးပဲ။ ခြင်ကိုက်လိုက်တာလည်း မပြောပါနဲ့တော့။ ခုနောက်ပိုင်း လေး၊ ငါးနှစ်အတွင်းမှာမှ ကွန်ကရစ်လမ်းတွေ ဖြစ်ကုန်တာ။ မြို့ကလည်း သန့်ရှင်းသပ်ရပ်လာတယ်”ဟု သူကဆို၏။ အထူးဒေသကြီး (၂၄)ခုတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သော မအူပင်ဒေသအတွက် တက္ကသိုလ်ကြီးများ ဝင့်ကြွားထည်ဝါစွာ ပေါ်ထွက်လာသကဲ့သို့ မအူပင်တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခြင်းကလည်း မအူပင်ဒေသအတွက်သာမက ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် လူမှုစီးပွားအခြေအနေတို့ကို များစွာ ပြောင်းလဲတိုးတက်သွားစေခဲ့သည်။

ဇွန် ၂၀ ရက်က မအူပင်မြို့ တိုးရွှေဝါခန်းမကြီး၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၏ ရှင်းလင်းပြောကြားချက်များထဲတွင် ပံတပွတ်တံတားကြီး မကြာမီ တည်ဆောက်ပြီးစီးတော့မည့်အကြောင်း ကြားသိလိုက်ရသည်။ ယင်းတံတားကြီး မတည်ဆောက်မီ လွန်ခဲ့သော ငါးနှစ်ခန့်က မအူပင်မြို့နယ် သုံးခွကျွန်းဒေသ ကျေးရွာအုပ်စု ၁၂ ခု၊ ကျေးရွာပေါင်း ၄၈ ရွာနေ ကျေးလက်ပြည်သူများအနေဖြင့် သုံးခွကျွန်းတာပေါင်ပတ် ကတ္တရာလမ်းမှတစ်ဆင့် မအူပင်မြို့သို့ သွားလာနိုင်ရန် ပံတပွတ်ကူးတို့ဆိပ်တွင် အလျား ၃၅ ပေ၊ အနံ ၁၂ ပေရှိ ဇက်ရေယာဉ်တစ်စင်းကို ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ကိုယ်တိုင် ရေချခြင်းအခမ်းအနား ပြုလုပ်ပေးခဲ့သည်ကို အမှတ်ရမိသည်။

မအူပင်မြို့တွင်းလမ်းတွေ အားလုံးကောင်းလာပြီဖြစ်သည့်အတွက် မြို့နယ်အတွင်းရှိ ကျေးလက်လမ်းတွေကိုဆက်ပြီး အဆင့်မြှင့်ပေးလျက်ရှိကြောင်း ကိုတင့်လွင်ဦးက ရှင်းပြသည်။ ဟုတ်လည်းဟုတ်ပါသည်။ ကျွန်တော့်မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့သည်ပဲလေ။ ဇွန် ၁၉ ရက်မှာ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်းတို့ တက်ရောက်၍ မအူပင်မြို့တွင်းလမ်းများဖြစ်သော ကမ်းနားလမ်းကွန်ကရစ်လမ်းသစ်၊ အမှတ် (၂)ရပ်ကွက်မှ (၃)လမ်းကွန်ကရစ်လမ်းသစ်၊ အမှတ် (၇) ရပ်ကွက်မှ ခိုင်ရွှေဝါလမ်း ကွန်ကရစ်လမ်းသစ်၊ အမှတ် (၈) ရပ်ကွက်မှ မြနန္ဒာလမ်းကွန်ကရစ်လမ်းသစ်၊ အမှတ် (၁၂) ရပ်ကွက်မှ မြို့သစ် (၃) လမ်း ကွန်ကရစ်လမ်းသစ်စသည့် စည်ပင်လမ်းများကို ဖွင့်လှစ်ပေးခဲ့ကြသည်။ ထိုနေ့တွင်ပင် ကျေးလက်လမ်းများဖြစ်သော အိုင်ဝိုင်းကျေးရွာအဝင် ကွန်ကရစ်လမ်း၊ အောင်ဟိတ်-ဆိပ်သာလမ်း အပိုင်း(၁) ကွန်ကရစ်လမ်းတို့ကို ဆက်လက်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဒါက စည်ပင်လမ်းနှင့်ကျေးလက်လမ်းများ ဖြစ်သည်။ အခြားလမ်းများဖြစ်သည့် မအူပင်ဆေးရုံရှေ့မှ မြို့ရှောင်လမ်းအထိ ကွန်ကရစ်လမ်း၊ တရုပ်လှအရှေ့ဘက်ကမ်းလမ်းကူးတို့ဆိပ်သွား ကွန်ကရစ်လမ်း၊ ဆလင်းဒေါက်ကျေးရွာမှ ဝက်စုကျေးရွာသွား မြေလမ်း၊ မအူပင်-တွံတေးကားလမ်းမှ လေးအိမ်စုရွာသွား ကွန်ကရစ်လမ်းနှင့် ထနီးရွာအဝင် ကွန်ကရစ်လမ်း၊ အိုင်ဝိုင်းကျေးရွာတွင်းလမ်း၊ အိုင်ဝိုင်း-တလုပ်လပ်-ရေလဲကျေးရွာချင်းဆက် ကွန်ကရစ်လမ်း၊ အိုင်ဝိုင်းရွာမှ ငြိမ်းအေးဇရပ်သို့သွားသည့် ကွန်ကရစ်လမ်း စသည်တို့ကိုလည်း ဖောက်လုပ်ပေးပြီး ဖြစ်ပါသည်။

ခြုံငုံပြီးတင်ပြရလျှင် မအူပင်အရှေ့ခြမ်း သုံးခွကျွန်းဒေသ အနောက်ဘက်နှင့် မြောက်ဘက်ရှိ စစ်ချောင်း၊ ကျွဲဒိုးဒေသများ တောင်ဘက်ခြမ်းမှ သိုက်ကုန်းဒေသစသည်ဖြင့် မြို့ပတ်ပတ်လည် ကျေးရွာများ၌ မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများကို အဆင့်မြှင့်ဖောက်လုပ်ပေးထားကြောင်း တွေ့ရသည်။ စွမ်းအင်ကဏ္ဍမှာလည်း ရှေးယခင်က ဒီဇယ်အင်ဂျင်မီးစက်ဖြင့် အလှည့်ကျမီးပေးခဲ့ရသော မအူပင်။ ယခုမူ မအူပင်မြို့ကိုသာမက ၂၀၁၂ ခုနှစ်မှစ၍ သုံးခွကျွန်းဒေသ မီးလင်းရေးကို ဆောင်ရွက်ခဲ့ရာ သုံးခွ၊ ခနောင်ထော်၊ ထန်းပင်ကွေ့၊ မလက်တို၊ ထနီးနှင့် လေးအိမ်စု ကျေးရွာအုပ်စုများ မီးလင်းခဲ့ပြီဖြစ်သည်။ ဆက်လက်၍လည်း ကျွဲဒိုးကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများ မီးလင်းရေး၊ တလုပ်လပ်အရှေ့ကျေးရွာ မီးလင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြသည်။ ယခုအခါ မအူပင်မြို့နယ်အတွင်း၌ ကျေးရွာပေါင်း ၄၃၀ ရှိသည့်အနက် ၂၈ ရွာမှာ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။

ခတ္တိယတံတားမှ ဆက်လက်မောင်းနှင်လာရာ မြဂိုးလမ်းသို့အရောက် တွံတေးမြို့ ဆံတော်ရှင်ဘုရားကြီးကို လှမ်းမျှော်ဖူးတွေ့လိုက်ရသည်။ ကျွန်တော့်စိတ်အစဉ်မှာတော့ ပြောင်းလဲတိုးတက်နေသော မအူပင်ဒေသ၏ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝ အခြေအနေများကို ပြန်လည်စဉ်းစားတွေးတောရင်း ဆရာဦးပိုက် ရေးစပ်သီကုံးပြီး မအူပင်မြို့မှ ဂီတပညာရှင်များ သီဆိုထားသည့် “ဇာတိနွယ်ဘွား၊ မြင့်မားစွမ်းအင် မအူပင်” သီချင်းကို ကြားယောင်နေမိသည်။

မြစ်မဧရာ×ခွဲဖြာစီးရစ်×တိုးမြစ်ရေ အလျင်×တသွင်သွင်ရစ်သိုင်း×ခွေဝိုင်းလှည့်ပတ် သည်ရပ်ဌာနေတစ်ခွင်×အခြေအနေ ဟန်ကျပင်×ရေမြေသယံဇာတလျှင်×ကြွယ်ဝ အလျှံပယ်×စိမ်းမြခြယ် ရွှေရောင်ဖုံ× ရှုမျှော်လေ မဆုံး×ကွင်းလုံးပြည့် အလှဆင်× ကောက်ပဲသီးနှံ ဆန်ရေစပါးနဲ့×သားငါး ထွက်ကုန် ပြည့်ဝစုံလင်×ယခင်နဲ့မတူ သွင်တမူခြား× ကျောင်းကန်ဘုရားနဲ့ လမ်းတံတား ဆန်းပြားသစ်လွင်×ရပ်ရှစ်ခွင် ခရီးပေါက်× လိုရာရောက်အောင် တည်ဆောက်ခါပြုပြင်× ဇာတိနွယ်ဘွား မြင့်မားစွမ်းအင်×××တဲ့လေ။ ။